www.burmeseclassic.com

# ချမ်းမြေ့ဆရာတော်ကြီး

၏


# သစ်တုံးဥပမာ ဒေသနာ

တရားတော်



www.burmeseclassic.com

www.burmeseclassic.com




# ချမ်းမြေ့ဆရာတော်ကြီး

## သစ်တုံးဥပမာ ဒေသနာတရားတော်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်ခြင်း

ထုတ်ဝေသည့်ခုနှစ် - ၂၀၁၀ ခုနှစ်၊ ဧပြီလ
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀၀

သာသနာရေးဦးစီးဌာန၊ စာအမှတ် (၁၁၉/၀၁(ပုံနှိပ်)သသန-၀၉) ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ထုတ်ဝေ၍ အမှတ်-(၁၄၇)၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးတင်အောင်ကျော် (မြဲ-၀၇၀၅၃) စွယ်တော်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

ဖြန့်ချိရေး
ဦးအောင်သိန်း
ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ဝင်
ချမ်းမြေ့ရိပ်သာကျောင်း
အမှတ်(၅၅-က)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း-၆၆၁၄၇၉၊ ၆၅၂၅၈၅


www.burmeseclassic.com

www.burmeseclassic.com

# သစ်တုံးဥပမာ ဒေသနာ
## မိတ်ဆက်

ဤ **သစ်တုံးဥပမာဒေသနာ**တရားတော်ကို ၁၉၈၂ ခုနှစ်၊ ဇူလိုင်လ၌ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ **ဗုဒ္ဓဝိဟာရ သီရိလင်္ကာကျောင်း**၌ စတင်ဟောကြားခဲ့သည်။ ထိုစဉ်က ဘုန်းကြီးသည် ၁၉၈၂ခုနှစ် မေလမှ ၁၉၈၃ ခုနှစ် ဧပြီလအထိ တနှစ်တာ ၁၈ နိုင်ငံ ဓမ္မခရီး လှည့်လည်နေစဉ် ဖြစ်သည်။ ထိုစဉ်က ဤတရားတော်ကို မြန်မာဘာသာဖြင့် ဟောကြားရသည်မဟုတ်၊ တရားနာပရိသတ်များ အင်္ဂလိပ်လူမျိုးများ ဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့် ဟောကြားရသည်။ ဟောချိန်မှာလည်း အနောက်တိုင်းထုံးစံအတိုင်း တနာရီသာဖြစ်၍ အချိန်မလုံလောက်သဖြင့် ဒေသနာတော်၏ အကြမ်းဖျင်းသဘောကို နားလည်ရုံမျှသာ ဟောနိုင်ခဲ့သည်။

သို့သော်လည်း တရားနာပရိသတ်များ နှစ်ခြိုက်ကြသဖြင့် တရားတော်ကို ကက်ဆက်ခွေမှ ကူးယူ၍ သူတို့ထုတ်ဝေနေသော Buddhist Forum စာစောင်၌ အစအဆုံး ထည့်သွင်းဖော်ပြကြသည်။ ထို့နောက် **အောက်စ်ဖို့မြို့ အုတ်ကင်းဟော့**တရားရိပ်သာ၌လည်း အင်္ဂလိပ်ဘာသာဖြင့်ပင် ဟောကြားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်လူမျိုး တရားနာပရိသတ်များက Buddhist Forum စာစောင် နှစ်စောင် ဆက်ကပ်လိုက်ကြသဖြင့် ဓမ္မခရီး တလျှောက် ဘုန်းကြီး ယူဆောင်သွားရာ ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် ပီနမ်မြို့၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တို့၌ ယောဂီများက Buddhist Forum မှ တရားတော်ကို တချို့ Photo copy ကူးယူ၍ လည်းကောင်း၊ တချို့ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေ၍ လည်းကောင်း ဓမ္မဒါနဖြန့်ဝေကြသည်။ စာအုပ်၏နာမည်မှာ Parable of the Log ဖြစ်သည်။

**ဆယ့်သုံးနှစ်ကြာမှ**

ဤတရားတော်ကို ပြည်ပ၌ ၁၉၈၂ ခုနှစ်က စတင်ဟောကြားခဲ့သော်လည်း ပြည်တွင်း၌ ရက်တရက် မဟောဖြစ်သေးဘဲ အချိန် နှောင့်နှေးကြန့်ကြာနေခဲ့ရာ ၁၃ နှစ်ကြာပြီး ၁၉၉၅ ခုနှစ်၊ သင်္ကြန်တွင်းကျမှပဲ ဟောဖြစ် တော့သည်။ သင်္ကြန်တွင်းဖြစ်၍ အချိန်ယူကာ အေးအေး ဆေးဆေး ဟောခွင့်ရသဖြင့် အကောင်းဘက်က ကြည့်ကာ ဝမ်းသာရသည်။

ဒါကြောင့် သင်္ကြန်အကြတ်နေ့၊ အတက်နေ့နှင့် နှစ်ဆန်း ၁ ရက်နေ့ပါ သုံးရက် ဟောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနှစ်ဆန်း ၁ ရက်နေ့သည် ၁၃၅၇ ခုနှစ် နှစ်ဦးဖြစ်၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ဘာသာရေးယဉ်ကျေးမှု ထုံးစံအတိုင်း တပည့်ဒကာဒကာမများက နှစ်ဦးပူဇော်ကန်တော့ပွဲအဖြစ် ပူဇော်ကြရာ နှစ်ဦးပူဇာတရားကိုပါ ကြားညှပ်၍ တိုတိုကျဉ်းကျဉ်း ဟောကြားရသည်။

သို့သော်လည်း နှစ်ဦးပူဇာတရားကို ဤသစ်တုံးဥပမာဒေသနာတရားတော်အတွင်း ကြားညှပ်၍ မထည့်သွင်းဘဲ သီးခြားတရားတော် တပုဒ်အဖြစ် ထုတ်နုတ်ကာ ဤတရားတော်၏အဆုံး၌ ထည့်သွင်းဖော်ပြထားသည်။

ဤတရားတော်ကို ပြည်ပ၌ ဟောပြီး ၁၃ နှစ်ကြာမှ ပြည်တွင်း၌ ဟောကြားရ၍ ဟောကြားပြီးသောအခါ၌လည်း ၁၅ နှစ်ကြာမှ စာအုပ်ဖြစ်အောင် ဆောင်ရွက်နိုင်သည်ကို အားမလိုအားမရ ဖြစ်ကြရသည်။

ဆယ့်ငါးနှစ်ကြာမှ စာအုပ်ဖြစ်အောင်ပင် အလွန်ကြိုးစားရသည်။ ဤတရားစာမူကို ရန်ကုန်ချမ်းမြေ့၌ အေးအေးဆေးဆေး တည်းဖြတ်ရသည်မဟုတ်။ ၄၄ကြိမ်မြောက်ဓမ္မခရီး၌ ထိုင်း၊ မလေးရှား၊ သြစတြေးလျ၊ နယူးဇီလန်၊ အင်ဒိုနီးရှား၊ စင်္ကာပူနိုင်ငံများတွင် တရားခရီး လှည့်လည်နေစဉ် ကြိုးကြိုး

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကြား အချိန်ရအောင်ယူ၍ တည်းဖြတ်ရသည်။ အင်ဒိုနီးရှား နိုင်ငံ ဂျာဗား၊ ဗာလီနှင့် စုမတြာကျွန်းတို့၌ ခမ္မခရီးလှည့်လည်စဉ် စုမတြာကျွန်း၊ ပေကမ်ဘာရူးမြို့တွင် တရားစာမူကို တည်း ဖြတ်မှု အဆုံးသတ်ရသည်။

ဤမျှကြာမှ စာအုပ်အဖြစ်သို့ ရောက်သော်လည်း တရားစာရှုသူ သူတော်စင်များ စာတအုပ်တည်း၌ တရား တော်နှစ်ပုဒ် ဖတ်ရှုရ၍ နှစ်သက်ကျေနပ်ကြလိမ့်မည်ဟု ယူဆပါသည်။

**သာသနာတော် ၂၅၅၃ ခုနှစ်၊ အရှင်ဇနကာဘိဝံသ**
**မြန်မာ ၁၃၇၁ ခုနှစ်၊ တပို့တွဲလ၊ ချမ်းမြေ့ဆရာတော်**
**ခရစ်၂၀၁၀ခုနှစ်၊ဖေဖော်ဝါရီလ။ ခေတ္တ၊ ပေကမ်ဘာရူးမြို့**
**စုမတြာကျွန်း၊ အင်ဒိုနီးရှားနိုင်ငံ။**

www.burmeseclassic.com

www.burmeseclassic.com

# သစ်တုံးဥပမာ ဒေသနာ

## ပထမပိုင်း

၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊
သင်္ကြန်အကြတ်နေ့

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

သာသနာတော် ၂၅၃၇ ခုနှစ်၊ မြန်မာ ၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ၁၉၉၅ ခုနှစ် ဧပြီလ ၁၅ ရက်၊ သင်္ကြန်အကြတ်နေ့ ညနေ ၄ နာရီထိုးဖို့ ၆ မိနစ်အလိုမှာ ဘုန်းကြီးတို့ တရားပွဲ စပါတယ်။

**ဒါရုက္ခန္ဓောပမသုတ်**

ဒီနေ့ ဟောမည့်တရားတော်ကတော့ **သစ်တုံးဥပမာ ဒေသနာ**တရားတော် ဖြစ်ပါတယ်။ **သံယုတ္တနိကာယ် သဠာယတနဝဂ္ဂသံယုတ်**မှာ ပါဝင်တဲ့ **ဒါရုက္ခန္ဓောပမသုတ်**

www.burmeseclassic.com

www.burmeseclassic.com



ကို ဟောမှာဖြစ်ပါတယ်။ အဲဒီသုတ်တော်ကို မြတ်စွာဘုရား ရဟန်းတော်များကို ဟောကြားတာဖြစ်တဲ့အတွက် အဋ္ဌကထာ ဆရာက ရဟန်းတော်များနှင့် ပတ်သက်တဲ့ အချက်အလက် တွေကို အကျယ်တဝင့် ဖွင့်ပြထားပါတယ်။ ဘုန်းကြီးကတော့ ယခု တရားနာပရိသတ်က လူဒကာ ဒကာမတွေများတဲ့အတွက် ရဟန်းရှင်လူ အားလုံးနဲ့ သက်ဆိုင်တဲ့သဘောကို ဟောကြား ပါမယ်။

အဲဒီ ဒါရုက္ခန္ဓောပမသုတ်တော်ကို ပထမသံဂါယနာ တင် အရှင်မြတ်များက ဒီလို နိဒါန်းသွယ်ပေးထားပါတယ်။

**ဧကံ သမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဂင်္ဂါယ နဒိယာ တီရေ။ အဒ္ဒသ ခေါ ဘဂဝါ ဧကံ မဟန္တံ ဒါရုက္ခန္ဓံ ဂင်္ဂါယ သောတေန ဝုယှမာနံ။**

**ဧကံ သမယံ**–အခါတပါး၌၊ **ဘဂဝါ**–မြတ်စွာဘုရား သည်၊ **ကောသမ္ဗိယံ**–ကောသမ္ဗီပြည်၏ အနီး၌၊ **ဂင်္ဂါယ နဒိယာ တီရေ**–ဂင်္ဂါမြစ်ကမ်း၌၊ **ဝိဟရတိ**–မျှတစွာ်ပြုး သီတင်းသုံးနေတော်မူ၏။(**အထခေါ**–ထိုသို့နေတော်မူသော အခါ၌)၊ **ဘဂဝါ**–မြတ်စွာဘုရားသည်၊ **ဂင်္ဂါယ သောတေန ဝုယှမာနံ**–ဂင်္ဂါမြစ်ရေယဉ်ကြော၌ မျောလာသော၊ **ဧကံ မဟန္တံ ဒါရုက္ခန္ဓံ**–သစ်တုံးကြီး တတုံးကို၊ **အဒ္ဒသ**–မြင်တော်မူပြီ။

www.burmeseclassic.com

www.burmeseclassic.com



တချိန်မှာ မြတ်စွာဘုရား နောက်ပါတပည့် ရဟန်းတော်များနှင့် ဒေသစာရီ လှည့်လည်တဲ့အခါ ကောသမ္ဗီ ပြည်အနီးရောက်တော့ ဂင်္ဂါမြစ်ကမ်းမှာ အင်မတန် အရိပ် ကောင်းတဲ့ သစ်ပင်ကြီးတပင်အောက်မှာ အရှင်အာနန္ဒာက သင်္ကန်းကြီးကို လေးခေါက်ခေါက်ပြီး ခင်းပေးလို့ မြတ်စွာ ဘုရားက ဂင်္ဂါမြစ်ဘက် မျက်နှာမူပြီး ထိုင်တော်မူတယ်။ မြတ်စွာဘုရားရဲ့ နောက်နဲ့ဝဲယာမှာ တပည့်သံဃာတော်တွေ ကလဲ ထိုင်ပြီး မြတ်စွာဘုရားကို ရိုရိုသေသေ ရှိခိုးနေကြတယ်။

အဲဒီအခါမှာ ဂင်္ဂါမြစ်ရေယဉ်ကြောမှာ တလိမ့်လိမ့် မျောလာတဲ့ သစ်တုံးကြီးတတုံးကို မြတ်စွာဘုရား မြင်တော် မူတယ်။ အဲဒီလို မြင်တော်မူတော့ ရဟန်းတွေကို 'တပည့်ရဟန်း တို့'လို့ ခေါ်တော်မူလိုက်တယ်။ ရဟန်းတွေက 'မှန်ပါအရှင် ဘုရား' လို့ ပြန်ပြီး လျှောက်ထားတော့ မြတ်စွာဘုရားက 'ရဟန်းတို့၊ ဂင်္ဂါမြစ်ရေယဉ်ကြောမှာ မျောလာတဲ့ သစ်တုံးကြီး ကို မြင်ကြရဲ့လား'လို့ မေးတော်မူတော့ ရဟန်းများက "မြင်ကြ ပါတယ်ဘုရား' လို့ ဖြေကြတယ်။ ဒီတော့ မြတ်စွာဘုရားက ကရားတော်ကို ဒီလို စတင်ဟောကြားတော်မူပါတယ်။

**ရှင်တော်မြတ်ဘုရား မိန့်စကား**

**သစေ သော ဘိက္ခဝေ ဒါရုက္ခန္ဓော န ဩရိမံ တီရံ ဥပဂစ္ဆတိ။ န ပါရိမံ တီရံ ဥပဂစ္ဆတိ၊ န မဇ္ဈေ**

www.burmeseclassic.com

www.burmeseclassic.com



**သံသီဒိဿတိ၊ န ထလေ ဥဿီဒိဿတိ။ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ န အမနုဿဂ္ဂါဟော ဂဟေဿတိ၊ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ န အန္တောပူတိ ဘဝိဿတိ။ ဧဝံ ဟိ သော ဘိက္ခဝေ ဒါရုက္ခန္ဓော သမုဒ္ဒနိန္နော ဘဝိဿတိ သမုဒ္ဒပေါဏော သမုဒ္ဒပဗ္ဘာရော။ တံ ကိဿ ဟေတု၊ သမုဒ္ဒနိန္နော ဘိက္ခဝေ ဂင်္ဂါယ သောတော သမုဒ္ဒပေါဏော သမုဒ္ဒပဗ္ဘာရော။**

**ဘိက္ခဝေ**–ရဟန်းတို့၊ **သော ဒါရုက္ခန္ဓော**–ထိုသစ်တုံးကြီးသည်၊ **သစေ**–အကယ်၍၊ **န ဩရိမံ တီရံ ဥပဂစ္ဆတိ**–ဒီဘက်ကမ်းသို့လဲ မကပ်ငြားအံ့။ **န ပါရိမံ တီရံ ဥပဂစ္ဆတိ**–ဟိုဘက်ကမ်းသို့လဲ မကပ်ငြားအံ့၊**န မဇ္ဈေ သံသီဒိဿတိ**–ရေလယ်မှာလဲ မမြုပ်ငြားအံ့၊ **န ထလေ ဥဿီဒိဿတိ**–ကုန်းမှာလဲ မတင်ငြားအံ့၊ **န မနုဿဂ္ဂါဟော ဂဟေဿတိ**–လူလဲ မဆယ်ငြားအံ့၊ **န အမနုဿဂ္ဂါဟော ဂဟေဿတိ**–နတ်လဲ မဆယ်ငြားအံ့၊ **န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ**–ဝဲစုပ်၍လဲ မြုပ်မသွားငြားအံ့။ **န အန္တောပူတိ ဘဝိဿတိ**–အတွင်းမှာလဲ ဆွေးပုပ်မသွားငြားအံ့။ **ဧဝံသေ**–ဤအပြစ်ရှစ်ပါး ကင်းလွတ်သည်ရှိသော်၊**သော ဒါရုက္ခန္ဓော** ထိုသစ်တုံးကြီးသည်၊ **သမုဒ္ဒနိန္နော**–သမုဒ္ဒရာသို့ ညွတ်သည်၊ **သမုဒ္ဒပေါဏော**–သမုဒ္ဒရာသို့ ကိုင်းသည်၊ **သမုဒ္ဒပဗ္ဘာရော**–

www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာသို့ ဦးတည်သည်၊ **ဘဝိဿတိ**–ဖြစ်လတ့်၊ **တံ**–ထိုသို့ အပြစ် ရှစ်ပါးကင်းသော ထိုသစ်တုံးကြီး သမုဒ္ဒရာသို့ ညွတ်ခြင်း ကိုင်းခြင်း ဦးတည်ခြင်းသည်။ **ကိဿဟေတု**–အဘယ့် ကြောင့်နည်း။ **ဘိက္ခဝေ**–ရဟန်းတို့၊ **ဂင်္ဂါယ သောတော**– ဂင်္ဂါမြစ်ရေအယဉ်သည်၊ **သမုဒ္ဒနိန္နော**– သမုဒ္ဒရာသို့ ညွတ်နေ၏၊ **သမုဒ္ဒပေါဏော**–သမုဒ္ဒရာသို့ ကိုင်းနေ၏၊ **သမုဒ္ဒပဗ္ဘာရော**–သမုဒ္ဒရာသို့ ဦးတည်နေ၏၊ **တသ္မာ**– ထို့ကြောင့်ပေတည်း။

ဒီနေရာမှာ မြတ်စွာဘုရား မိန့်တော်မူတာက 'ရဟန်းတို့ ဂင်္ဂါမြစ်ရေကြောမှာ မျောလာတဲ့ အဲဒီသစ်တုံးကြီး ဟာ ဒီဘက်ကမ်းကိုလဲ မကပ်၊ ဟိုဘက်ကမ်းကိုလဲ မကပ်၊ ရေလယ်မှာလဲ မမြုပ်၊ ကုန်းမှာလဲ မတင်၊ လူလဲ မဆယ်၊ နတ်လဲ မဆယ်၊ ဝဲမှာလဲ မမြုပ်၊ အတွင်းမှာလဲ မဆွေးမပုပ်ရင် သမုဒ္ဒရာသို့ ရောက်မှာအမှန်ပဲ။ ဘာကြောင့်လဲဆိုရင် ဂင်္ဂါမြစ်ရေ အယဉ်ဟာ သမုဒ္ဒရာဆီသို့ ဦးတည်စီးသွားနေလို့ပဲ' လို့ မိန့်တော်မူတာပါ။

ကဲ…ဒီနေရာမှာ ဆောင်ပုဒ်ကလေး ဆိုလိုက်ကြဦးစို့။

**ကောသမ္ဗီတွင်၊ မြတ်အရှင်၊ နေစဉ်မျှတစွာ။**
**ရေမျောသစ်တုံး၊ ပမာသုံး၊ တထုံးဟောမိန့်ရှာ။**

www.burmeseclassic.com

www.burmeseclassic.com



**ဟိုဘက် ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကုန်းထက်မတင်၊ လူပင်မဆယ်၊ နတ်မဆယ်တည့်၊ ဝဲဝယ်မမြုပ်၊ ဆွေး မပုပ်သည်၊ သမုဒ်ရေပြင် ရောက်ကြောင်းတည်း။**

ဘုန်းကြီး စာသင်သားဘဝ ရဟန်းတဝါရ မန္တလေးမှာ နေစဉ်က စစ်ကိုင်းတောင်မှ ဓမ္မကထိကအကျော် ဝိဇ္ဇောဒယ ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ တရားပွဲမှာ ဒီတရားနှင့် ဒီဆောင်ပုဒ်ကို နာကြားရလို့ ကြည်ညိုတာနဲ့ စိတ်ထဲမှာစွဲပြီး ဒီနေ့အထိ မှတ်မိနေတယ်။ ဒါကြောင့် အဲဒီ ဆရာတော်ကြီးကို ပူဇော်တဲ့အနေနဲ့ ဆရာတော်ကြီးရဲ့ ဆောင်ပုဒ် ကို ဒီတရားပွဲမှာ ရွတ်ဆိုပြီး ဟောလိုက်တာပါ။

ကဲ တရားပြန်ဆက်ကြရအောင်။ မြတ်စွာဘုရားက သစ်တုံးကြီးမြင်တာနဲ့ ဒီသစ်တုံးကို ဉပမာပြုပြီးတော့ တရား တထုံး ဟောရရင် တပည့်ရဟန်းတွေထဲက ကျွတ်ထိုက်တဲ့ ရဟန်းတွေ ဒီတရားနာပြီးတော့ ကျွတ်တန်းဝင်ကြမှာပဲလို့ သိမြင်တော်မူတဲ့အတွက် သစ်ပင်အောက်မှာ နားနေရင်းတောင် မှ ဖြောင့်ဖြောင့် အနားမယူနိုင်ဘဲ တပည့်ရဟန်းတော်တို့ အကျိုး မျှော်ကိုးပြီးတော့ သစ်တုံး လက်ညှိုးထိုးပြီး တရား တထုံး ဟောတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ကျအောင် သတ္တဝါတို့အကျိုးကို ဆောင်တော်မူတဲ့ မြတ်စွာဘုရား၊ ဘာကြောင့် သတ္တဝါတို့ရဲ့အကျိုးကို ဆောင်သလဲလို့ဆိုတော့ သတ္တဝါတွေဟာ သံသရာထဲမှာ တဘဝပြီး တဘဝ ဒုက္ခတွေ ပင်လယ်ဝေပြီး ဆင်းရဲအထွေထွေ ခံစားနေရတာကို မြတ်စွာဘုရား သနားကြင်နာတော်မူတဲ့ အတွက် သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲမှ ဖြစ်နိုင်သမျှ ထုတ်ဆောင်ပြီး နိဗ္ဗာန်တည်းဟူသော သောင်ကုန်းသို့ တင်ပေးလိုတဲ့စေတနာ၊ သတ္တဝါတွေအပေါ် သနားကြင်နာတဲ့ မဟာ ကရုဏာ၊ အဲဒီမဟာကရုဏာတော်ကြောင့် မြတ်စွာဘုရား ဒီလို အပင်ပန်း အဆင်းရဲခံပြီး သတ္တဝါတို့အကျိုးကို ဖြစ်နိုင် သမျှ သယ်ပိုး ရွက်ဆောင်တော်မူတယ်။ ဒါကြောင့် မဟာ ကရုဏာတော်ရှင် မြတ်စွာဘုရားကို ဘုန်းကြီးတို့က လေးစား ကြည်ညို ရိုသေမြတ်နိုးကြရတယ်။

**မဟာယာနအယူအဆ**

အဲဒီလိုအချက်တွေကို ကြည့်ပြီးတော့ မဟာယာနဗုဒ္ဓ ဘာသာဝင်တွေကတော့ မြတ်စွာဘုရားကို မဟာကရုဏာတော် ရှင်အနေနဲ့ ပိုပြီး အသိအမှတ်ပြုကြတယ်။ သူတို့က တရား အလုံးစုံ အကုန်သိတော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ရှင်အနေနဲ့ ထက် သတ္တဝါများအပေါ် ကြီးမားသော မဟာကရုဏာထား တော်မူတဲ့ မဟာကရုဏာတော်ရှင်အနေနဲ့ ပိုပြီးတော့ အသိ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြု ကိုးကွယ်ကြတယ်။ ရှိသေကြ မြတ်နိုးကြ လေးစားကြတယ်။

## ဟဝိုင်ယီတက္ကသိုလ်မှာ

ဘုန်းကြီး ၁၉၈၂ ခုနှစ် ဇန်နဝါရီလမှာ ဟိုနိုလူလူ ရောက်တော့ ဟဝိုင်ယီတက္ကသိုလ်က ပါမောက္ခကြီးတယောက်က ဟဝိုင်ယီတက္ကသိုလ်မှာ တရားဟောဖို့ ပင့်ပါတယ်။ တရားနာပရိသတ်ထဲမှာ ဘီးတပ်ကုလားထိုင် (wheel Chair) နှင့်လာပြီး တရားနာတဲ့ အသက် ၇၀ ကျော် အမေရိကန်ဒကာကြီးတယောက်လဲ ပါတယ်။ ဘုန်းကြီးက သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ရာမှာ မဂ္ဂင်ရှစ်ပါး ပါဝင်ပုံကို လက်တွေ့နှင့် သဘောတရား ဆက်စပ်ပြီး ဟောကြားပါတယ်။ မြတ်စွာဘုရားလဲ ဒီမဂ္ဂင်ရှစ်ပါး အကျင့်နှင့်ပဲ ဘုရားဖြစ်တော်မူပြီး သဗ္ဗညုတဉာဏ်တော်ရှင်အဖြစ်သို့ ရောက်တော်မူပါတယ်လို့ ဟောပါတယ်။

တရားပွဲပြီးလို့ ပရိသတ်ရဲ့ မေးခွန်းတွေကို ဖြေတဲ့ အခါမှာ အဲဒီဒကာကြီးက 'အရှင်ဘုရား လက်တွေ့နဲ့ သဘောတရား ဆက်စပ်ပြီး ဟောကြားသွားတာ သဘောကျပါတယ်။ သို့သော်လဲ အရှင်ဘုရားရဲ့ တရားထဲမှာ ကရုဏာရဲ့အခန်း ပျောက်နေပါတယ်'လို့ မေးလျှောက်ပါတယ်။ ဒီတော့ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



က 'ဒကာကြီး၊ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားစင်စစ် ဖြစ်တော်မူတာ မဟာကရုဏာကို အခြေမခံဘဲ မဖြစ်ပါဘူး၊ ဒါကြောင့် သဗ္ဗညုမြတ်စွာ ဘုရားဖြစ်တော်မူပြီဆိုတော့ မဟာကရုဏာရဲ့အခန်း ပါဝင်ပြီးဖြစ်လို့ အထူးထုတ်ဖော်ပြောစရာ မလိုတဲ့အတွက် မပြောတာပါ' လို့ ဖြေလိုက်ပါတယ်။ ဒကာကြီးလဲ ကျေနပ်သွားပါတယ်။

အင်း..တရားပြန်ဆက်ကြဦးစို့။ ဘုန်းကြီးတို့ ပရိသတ် မြတ်စွာဘုရား ဘယ်မှာ သီတင်းသုံးနေတော်မူပါလိမ့်။ (ကောသမ္ဗီပြည်မှာပါဘုရား)။ အဲ...ဟုတ်ပြီ၊ ကောသမ္ဗီပြည် အနီးက ဂင်္ဂါမြစ်ကမ်းမှာ နားနေတော်မူစဉ် ရဟန်းတွေကို ဂင်္ဂါမြစ်ရေကြောမှာ မျောလာတဲ့ သစ်တုံးတတုံးကို ညွှန်ပြပြီး ဒီလို မိန့်ကြားတော်မူတယ်။ 'ရဟန်းတို့၊ 'ဂင်္ဂါမြစ်ရေကြောမှာ မျောလာတဲ့ အဲဒီသစ်တုံးကြီးဟာ ဒီဘက်ကမ်းကိုလဲ မကပ်၊ ဟိုဘက်ကမ်းကိုလဲ မကပ်၊ ရေလယ်မှာလဲ မမြုပ်၊ ကုန်းမှာလဲ မတင်၊ လူလဲ မဆယ်၊ နတ်လဲ မဆယ်၊ ဝဲမှာလဲ မမြုပ်၊ အတွင်းမှာလဲ မဆွေးမပုပ်ရင် သမုဒ္ဒရာသို့ ရောက်မှာအမှန်ပဲ။ ဘာကြောင့်လဲဆိုရင် ဂင်္ဂါမြစ်ရေအယဉ်ဟာ သမုဒ္ဒရာဆီသို့ ဦးတည် စီးသွားနေလို့ပဲ' လို့ မိန့်ကြားတော်မူတယ်။

## ပါရမီကွဲပြား ဉာဏ်ခြားနား

အကြောင်းမသိတဲ့ ဉာဏ်နုတဲ့ ရဟန်းတော်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ပြောဘဲ...မြတ်စွာဘုရားနှယ် သစ်တုံး ရေထဲမျောပါသွားတာများ စကားလုပ်ပြောနေရသေးတယ်လို့ အထင်မမှားနိုင်ဘူးလား။ (မှားနိုင်ပါတယ်ဘုရား။) မြတ်စွာဘုရား နောက်တော်ကပါတဲ့ ရဟန်းတွေက ပါရမီအစားစား၊ ဉာဏ်အစားစား ရှိတာကိုး။ တချို့က ဉာဏ်နုံ့တယ်၊ တချို့က ဉာဏ်တော်တယ်၊ တချို့က ဉာဏ်ထက်တယ်၊ တချို့က အလွန်ဉာဏ်ထက်တယ်၊ အဲဒီလို ဉာဏ်အစားစားရှိသလို တရားသိတာကလဲ အစားစား ရှိတာပေါ့။

တချို့က ဝိပဿနာတရား ပွားများအားထုတ်ပင် အားထုတ်သော်လဲပဲ ဉာဏ်နုံ့လွန်းလို့ ဘာဝိပဿနာဉာဏ်မှ မဖြစ်သေး။ တချို့ကတော့ ဝိပဿနာဉာဏ် အဆင့်မြင့်မြင့် ရောက်ပါ ရပါရဲ့၊ သို့သော်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ တော့ မတွေ့သေး မရသေး။ တချို့ ရဟန်းတော်တွေကတော့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ရကြတယ်။ တချို့ သကဒါဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်၊ တချို့က အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်၊ တချို့ကျတော့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ် ဉာဏ်အထိရရှိပြီး ရဟန္တာဖြစ်ကြတယ်၊ ကိလေသာအာသဝေါ ကုန်ခန်းပြီး ရဟန်းကိစ္စ အပြီးတိုင် ရောက်သွားကြတယ်။

အဲဒီလို ဉာဏ်အမျိုးမျိုး အစားစားရှိတာက သူတို့ရဲ့ ပါရမီ အနုအရင့် မတူကွဲပြား ခြားနားနေလို့ပါပဲ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပါရမီနုသေး ဉာဏ်နုံ့သေးတဲ့ ရဟန်းကလဲ ရဟန်းတော်တွေထဲမှာ ပါနိုင်တော့ အဲဒီလို ရဟန်းမျိုးက အခုနပြောသလို မြတ်စွာဘုရား စကားတော်ကို အထင်မှားမယ်ဆိုရင် မှားနိုင်တာပေါ့။

## ပါရမီဆိုတာ

ဒါဖြင့် ပါရမီဆိုတာ ဘာပါလိမ့်။ ပါရမီဆိုတာ လွယ်လွယ် ပြောရင် ပြည့်စုံခြင်းလို့ ပြောကြတယ်။ ဒါကြောင့် ပါရမီဆိုတဲ့ စကားလုံးကို အင်္ဂလိပ်ဘာသာနဲ့ (perfection) လို့ လွယ်လွယ် ဘာသာပြန်ကြတယ်၊ ပြည့်စုံကြောင်းတရားတွေလို့ဆိုရင် ပိုကောင်းပါတယ်၊ ပြည့်စုံကြောင်းတရားဆိုတာ ပြည့်စုံခြင်း၏အကြောင်းတရား၊ ဒီအကြောင်းတွေကို ပြုလုပ်လို့ရှိရင် ပြည့်စုံသွားမယ်။ ဘာပြည့်စုံသွားမှာလဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ပြည့်စုံမယ်။ ဒါကြောင့် ဒီအကြောင်းတရားတွေဟာ ပြည့်စုံခြင်းရဲ့ အကြောင်းတရားတွေပေါ့၊ ဒါဖြင့် ဘယ်ဟာတွေလဲလို့ဆိုတော့ ရှေးရှေးဘဝတွေမှာ အားထုတ်ခဲ့ ဆည်းပူးခဲ့တဲ့ ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကုသိုလ်တရားတွေပါပဲ။ ဒါကြောင့် ပါရမီဆိုတာ **'ပရမာနံ ဣဒံ ပါရမီ'**လို့လဲ အဓိပ္ပါယ်ဖွင့်ကြတယ်၊ မြင့်မြတ်သော သူတို့၏ဥစ္စာလို့ ဆိုလိုတယ်။ ဟုတ်တာပေါ့၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေမှာမှ ဒီ..ဒါန သီလ အစရှိတဲ့ ပစ္စည်းဥစ္စာတွေ ရှိတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့ ဘုရားအလောင်းတော်များ အထူးသဖြင့် အားထုတ်ခဲ့ ဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေကတော့–

| | |
|---|---|
| **ဒါနပါရမီ** | **ခန္တီပါရမီ** |
| **သီလပါရမီ** | **သစ္စာပါရမီ** |
| **နေက္ခမ္မပါရမီ** | **အဓိဋ္ဌာနပါရမီ** |
| **ပညာပါရမီ** | **မေတ္တာပါရမီ** |
| **ဝီရိယပါရမီ** | **ဥပေက္ခာပါရမီ** လို့ |

ဆယ်ပါးရှိတယ်။

ဒါနပါရမီဆိုတာ နည်းများမဆို စေတနာသန့်သန့်နဲ့ စွန့်ကြဲပေးကမ်းလှူဒါန်းတာဟာ **ဒါနပါရမီ**ပေါ့။ သူမတူအောင် အကြီးအကျယ်လှူတာ၊ ကိုယ် မစား မသောက် မဝတ်ဘဲ လှူတာတွေဆိုရင်တော့ အင်မတန် ထူးခြားမွန်မြတ်တဲ့ ဒါနပါရမီတွေပေါ့။

ငါးပါးသီလ၊ ရှစ်ပါးသီလစတဲ့ သီလတွေကို စောင့်စည်းထိန်းသိမ်းတာက **သီလပါရမီ**ပေါ့။ သီလမကျိုးမပေါက်ရအောင် အသက်စွန့်ရသည်အထိ စောင့်စည်းထိန်းသိမ်းတာဆိုရင် အင်မတန် ထူးခြားမွန်မြတ်တဲ့ သီလပါရမီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်စရာ အဖုံဖုံ ကာမဂုဏ်အာရုံတွေကို ဒုက္ခအစုအပုံတွေပဲလို့ သဘောပေါက်ပြီး ကာမဂုဏ်တရားတွေမှ လွတ်ကင်းရာနေရာကို ထွက်ခွာသွားပြီး တရားဘာဝနာ ကျင့်ကြံပွားများ အားထုတ်နေတာက **နေက္ခမ္မပါရမီ**ပေါ့။

အဲဒီလို စသည်ဖြင့် ကုသိုလ်တရားတွေကို ဆည်းပူးစုဆောင်းခဲ့တဲ့အတွက် မိမိသန္တာန်မှာ အဲဒီ ကုသိုလ်သတ္တိတွေ မြောက်မြားစွာ စုဆောင်းမိတာကို ပါရမီရင့်တယ်လို့ ခေါ်ရတာပါပဲ။

## ကြိုးစားအားထုတ် လုပ်ယူရတာ ပါရမီ

ဒါကြောင့် ပါရမီဆိုတာ သူ့အလိုလို ဖြစ်လာတာ မဟုတ်ဘူး၊ ကြိုးကြိုးစားစား အားထုတ်လုပ်ယူမှ ရတဲ့ တရား ပါ။

## ဝိပဿနာအရာမှာ

ဝိပဿနာအရာမှာဆိုရင် အတိတ်ဘဝတွေမှာ ဝိပဿနာတရားကို ကြိုးကြိုးစားစား ပွားများအားထုတ်ခဲ့လို့ ရုပ်နာမ်သဘာဝကို ကိုယ်တွေ့သိရှိခဲ့ပြီး မိမိသန္တာန်မှာ စုဆောင်းမိခဲ့တဲ့ ဝိပဿနာသတိ၊ ဝိပဿနာသမာဓိ၊ ဝိပဿနာဉာဏ်တွေဟာ ပါရမီတွေပေါ့။ အားထုတ်ခဲ့ ဆည်းပူးခဲ့တဲ့ဘဝတွေက

www.burmeseclassic.com

www.burmeseclassic.com



များရင် ပါရမီအားကောင်းတာပေါ့။ အားထုတ်ဆည်းပူးခဲ့တဲ့ ဘဝတွေက နည်းရင်တော့ ပါရမီအားသေးတယ်၊ ပါရမီနုသေးတယ်လို့ ပြောကြရတယ်။ ပါရမီအားသေးတယ်၊ ပါရမီနုသေးတယ်ဆိုတာ ရှေးဘဝတွေမှာ အားထုတ်ဆည်းပူး စုဆောင်းခဲ့တဲ့ တရားအတွေ့ နည်းနေသေးတယ် လို့ ဆိုလိုတယ်။ ပါရမီအားကောင်းတယ်ဆိုတာကတော့ တဘဝပြီး တဘဝ ဆည်းပူး စုဆောင်းမိလာခဲ့တဲ့ တရားအတွေ့အသိတွေ များလာတာကို ပါရမီအားကောင်းတယ်၊ ပါရမီရင့်တယ်လို့ ခေါ်ရတယ်။

ဒီတော့...မြတ်စွာဘုရား နောက်တော်ကပါတဲ့ ရဟန်းတွေမှာလဲပဲ တချို့က ပါရမီနုံ့တယ် နည်းတယ် အားသေးတယ်၊ တချို့က ပါရမီအသင့်အတင့် ရှိတယ်၊ တချို့က ပါရမီအားကောင်းတယ်ဆိုတာ ရှိကြတာပေါ့။ ဒီတော့ သူတို့လဲပဲ တရားသိပုံ တွေ့ပုံ တရားသဘော နားလည်ပုံဟာ မကွဲပြား မခြားနားပေဘူးလား။ (ကွဲပြားခြားနားပါတယ်ဘုရား။) ဒါကြောင့် အခုနပြောသလို မြတ်စွာဘုရားက ဘာကြောင့်များ သစ်တုံး ရေထဲမျောလာတာကို စကားလုပ်ပြီး မိန့်ကြားနေပါလိမ့်မလဲလို့ အထင်ရောက်မယ်ဆို ရောက်နိုင်တဲ့ ပါရမီနုံ့တဲ့ရဟန်းမျိုးကော ဒီရဟန်းတော်တွေထဲမှာ မပါနိုင်ပေဘူးလား။ (ပါနိုင်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



**အခုခေတ်မှာလဲ**

ဒါဖြင့် အဲဒီ မြတ်စွာဘုရားလက်ထက်မှာပဲ ပါရမီကွဲပြားတာလား၊ အခုခေတ်မှာကော ပါရမီကွဲပြားခြားနားမှု မရှိဘူးလား။(ရှိပါတယ်ဘုရား။) ရှိတယ်နော်။ တချို့က နည်းနည်း ပြောလိုက်တာနဲ့ များများ သဘောပေါက်တယ်။ တချို့က ပြောသလောက်သာ သဘောပေါက်ကြတယ်။ တချို့က ဥပမာအမျိုးမျိုးနဲ့ အကြိမ်ကြိမ် အဖန်ဖန် ရှင်းပြတာတောင်မှ နည်းနည်း ရိပ်မိရုံပဲ ရှိတယ်။

ဒါပေတဲ့ တချို့ကျတော့ လုံးဝသဘောမပေါက်ဘူး။ ဘာကြောင့်လဲဆိုတော့ ငိုက်နေလို့၊ ဟောဒီ ပရိသတ်ထဲမှာ ယောဂီဒကာလေးတယောက် အငိုက်မှတ်ပုံတင်ထားတာ ရှိတယ်။ ဘုန်းကြီး ကြည့်နေတယ်၊ သီလယူနေလဲ ငိုက်နေတယ်၊ မင်္ဂလသုတ်ရွတ်နေတဲ့ အခါမှာလဲ စာအုပ်ကို လက်က ကိုင်သာထားတယ်၊ လူက ငိုက်လို့။ တခါတရံ စာအုပ် လွှတ်ကျမလိုလို ဖြစ်တော့မှ လန့်နိုးပြီး ဖတ်ပြန်တယ်၊ ဖတ်ပြန်တော့လဲ မျက်စိက မပွင့်တပွင့်၊ ဒါနဲ့ ပြန်ငိုက်သွားပြန်ရော။ အဲဒီယောဂီလေးဟာ သူက အငိုက်မှတ်ပုံတင်ထားတာဆိုတော့ နေ့စဉ်ပဲ ပုံမှန်ငိုက်ရတယ်၊ သူ့အနီးအနားက ပရိသတ်ကတော့ သိမှာပါ၊ လှည့်ကြည့်လိုက်ရင် တွေ့မှာပေါ့။ အဲဒါ ပါရမီပဲတဲ့။ အငိုက်ပါရမီလို့ ဆိုရမှာပေါ့။ ဒီလို အငိုက်ပါရမီရှိတဲ့ လူကတော့

www.burmeseclassic.com

www.burmeseclassic.com



တရားပွဲထဲမှာ ထိုင်နေပေတဲ့လဲ တရားသဘော ဘယ်နားလည် လိမ့်မလဲ။

## ပုဂ္ဂိုလ်လေးမျိုး

အဲဒီလို ပါရမီကွဲပြားလို့ တရားသိပုံ ခြားနားတာကို မြတ်စွာဘုရားက ပုဂ္ဂိုလ်လေးမျိုးလေးစား ခွဲခြားပြီး မိန့်ကြားတော်မူပါတယ်။ အဲဒီ လေးမျိုးကတော့ **ဉဂ္ဃဋိတညူပုဂ္ဂိုလ်**၊ **ဝိပဉ္စိတညူပုဂ္ဂိုလ်**၊ **နေယျပုဂ္ဂိုလ်**၊ **ပဒပရမပုဂ္ဂိုလ်**တွေပါပဲ။

တချို့ ပုဂ္ဂိုလ်က တရားကို လိုရင်းအကျဉ်းချုပ်မျှ ပြောပြလိုက်ရင် အကျယ်ချဲ့ သဘောပေါက်ပြီး တရားသိသွားတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို **ဉဂ္ဃဋိတညူပုဂ္ဂိုလ်**လို့ ခေါ်ရတယ်။ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတော့ အရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်မျိုးပေါ့။ အရှင်သာရိပုတ္တရာဟာ မြတ်စွာဘုရားရဲ့ လက်ဦးတပည့် ပဉ္စဝဂ္ဂီငါးပါးထဲက တပါးဖြစ်တဲ့ အရှင်အဿဇိနှင့် တွေ့လို့ အရှင်မြတ် ဟောကြားတဲ့ တရားအကျဉ်းချုပ်မျှကို နာကြားရရုံနှင့် တရားသိမြင်သွားပြီး သောတာပန်အရိယာပုဂ္ဂိုလ် ဖြစ်သွားတယ်။ ဒါကြောင့် ဒီလို တရားအကျဉ်းချုပ်မျှ နာကြားရရုံနှင့် တရားသိသွားတဲ့ပုဂ္ဂိုလ်မျိုးကို **ဉဂ္ဃဋိတညူပုဂ္ဂိုလ်**လို့ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဥပတိဿနှင့် ကောလိတ

နည်းနည်းချဲ့ပြောရရင် အရှင်အဿဇိနှင့် မတွေ့မီက အရှင်သာရိပုတ္တရာဟာ အဲဒီခေတ်က ထင်ရှားတဲ့ တိတ္ထိပရိဗိုဇ် ဆရာကြီးခြောက်ဦးထဲမှာ အပါအဝင်ဖြစ်တဲ့ သဥ္စယလို့ခေါ်တဲ့ သိဉ်းစည်းဆရာကြီးရဲ့အထံမှာ တပည့်ခံပြီးတော့ ကျင့်ကြံနေတယ်။ အဲဒီတုံးက သူ့နာမည်က ဥပတိဿတဲ့။

တနေ့တော့ အရှင်အဿဇိ ရာဇဂြိုဟ်မြို့ထဲမှာ ဆွမ်းခံနေတုံး ဥပတိဿက အရှင်မြတ်ကို တွေ့မြင်ပြီးတော့ အရှင်အဿဇိရဲ့ တည်ကြည်ငြိမ်သက်တဲ့ ဣန္ဒြေတွေကို ကြည်ညိုတဲ့အတွက် 'ဧကန္တ၊ ဒီပုဂ္ဂိုလ်တော့ဖြင့် တရားထူးရှိပြီ၊ သူ့နောက်လိုက်မှပဲ' လို့ စိတ်ကူးပြီး အရှင်အဿဇိနောက်ကို မလှမ်းမကမ်းမှ လိုက်သွားတယ်။

## ကြောင်းကျိုးသဘာဝ ဝါဒ

အရှင်အဿဇိလဲ ဆွမ်းတပါးစာ ပြည့်စုံလို့ ရာဇဂြိုဟ်မြို့ထဲမှ ထွက်ပြီး မြို့အပြင် သစ်ပင်ရိပ်မှာ ဆွမ်းဘုဉ်းပေးတယ်။ အဲဒီအခါမှာလဲ ဥပတိဿက တပည့်တပါးလို ဝတ်ကြီး ဝတ်ငယ် ပြုစုတယ်။ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါကျတော့မှ ဥပတိဿပရိဗိုဇ်က ရိုရိုသေသေ ရှိခိုးပြီးတော့ အရှင်အဿဇိကို သူ သိလိုတာ မေးမြန်းလျှောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလျှောက်ထားသလဲဆိုတော့ 'အရှင်မြတ်ဘုရား၊ အရှင်မြတ်ရဲ့ ဣန္ဒြေသိက္ခာတွေဟာ အလွန်တည်ကြည် ငြိမ်သက်ပြီး ကြည်လင်လှပါတယ်။ ဒါကြောင့် အရှင့်မှာ တရားထူး ရှိပြီလို့ ယူဆပါတယ်၊ အရှင်ရဲ့ဆရာက ဘယ်သူ ပါလဲ၊ အရှင့်ဆရာရဲ့ အယူဝါဒက ဘာပါလဲ' လို့ မေးမြန်း တယ်။ ဒီတော့ အရှင်အဿဇိ က **'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ'** လို့ ပြောပြ လိုက်တယ်၊ 'ဒို့ဆရာက ဂေါတမမြတ်စွာဘုရားပါ၊ ဒို့ဆရာရဲ့ အယူဝါဒက ကြောင်းကျိုးသဘာဝဝါဒပဲ၊ သဘာဝဓမ္မတွေဟာ အကြောင်းကြောင့် ဖြစ်ကြတာချည်းပဲလို့ ယူဆပါတယ်' လို့ ဆိုလိုတယ်။ သူ့စကား မဆုံးသေးပါဘူး၊ တဝက်ပဲ ပြောပြ ရပါသေးတယ်။ ဒါပေမယ့် အရှင်အဿဇိက ဒါလောက်ပဲ ပြောပြရသေးတယ်၊ ဥပတိဿပရိဗိုဇ်က တရားသဘောပေါက် သွားပြီး သောတာပတ္တိမဂ်ဖိုလ်အထိ တရားသိသွားတယ်။ သောတာပန် ဖြစ်သွားပြီ။

ရှေးရှေး ဘဝပေါင်းများစွာက ဆည်းပူးစုဆောင်းခဲ့တဲ့ တရားအသိတွေ အလွန်ပြည့်စုံနေတဲ့အတွက် ပါရမီတွေ အလွန် ရင့်သန်နေတော့ တရားသဘော နည်းနည်းလေး ပြောပြလိုက် ရုံနဲ့ အကျယ်ချဲ့ပြီး သိသင့်တဲ့တရားတွေ သိသွားတာပါပဲ။ **ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ**–ဖြစ်သမျှ

www.burmeseclassic.com

www.burmeseclassic.com



သဘာဝတွေဟာ (ဖြစ်လို့)ပျက်ကြရတာချည်းပဲဆိုတဲ့ သဘော ကို အကျယ်ချဲ့ပြီး သိသွားတာ ဖြစ်မှာပါပဲ။

အဲဒီလို တရားအကျဉ်းချုပ်မျှ ဟောပြရုံနှင့် အကျယ်ချဲ့ပြီး တရားသိသွားတဲ့ အခုပြောတဲ့ ဥပတိဿပရိဗိုဇ်လို ပုဂ္ဂိုလ် မျိုးကို **ဥဃဋိတညူပုဂ္ဂိုလ်**လို့ ခေါ်ပါတယ်။

အရှင်အဿဇိကတော့ **'တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော'** လို့ တရားဆုံးအောင် ဆက်ပြီး ပြောပြပါတယ်။ အဲဒီ အကြောင်းအကျိုးနှစ်ပါးလုံး ချုပ်ငြိမ်းခြင်း (နိဗ္ဗာန်)လဲ ရှိတယ်လို့ ရဟန်းမြတ် ဖြစ်တော်မူသော ဒို့ဆရာ မြတ်စွာဘုရားက ယူဆပါတယ်' လို့ ဆိုလိုပါတယ်။

ကဲ.... ဒီနေရာမှာ ဆောင်ပုဒ်ကလေး ဆိုကြအုံးစို့။

**အကျဉ်းချုပ်မျှ၊ ဟောဖော်ပြ၊ သိက ဥဃဋ္ဋိ။**

နောင်ခါမှာ အရှင်သာရိပုတ္တရာလို့ နာမည်ထင်ရှားမယ့် ဥပတိဿပရိဗိုဇ်ဟာ တရားဆုံးအောင်နာပြီးတော့ မြတ်စွာ ဘုရား သီတင်းသုံးတဲ့နေရာကို အရှင်အဿဇိထံ မေးမြန်းလို့ ယခုအချိန်မှာ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတော်၌ သီတင်းနေတယ်ဆိုတာ သိရပြီးတဲ့အခါ အရှင်အဿဇိကို ရိုရိုသေသေ ရှိခိုးပြီး သိဉ်းစည်း ပရိဗိုဇ်အရာမ်ကို ပြန်သွား တယ်။

www.burmeseclassic.com

www.burmeseclassic.com



**မိတ်ဆွေကောင်းတို့ ဝတ္တရား**

သူပြန်သွားရတာ အကြောင်းရှိပါတယ်။ သူ အမှန်တရားရှာဘို့ အိမ်မှထွက်လာစဉ်က တယောက်တည်း မဟုတ်ပါဘူး။ သူ့သူငယ်ချင်း ကောလိတနဲ့ စိတ်တူသဘောတူ တိုင်ပင်ပြီး ထွက်လာကြတာပါ။ အခု သိဥ်းစည်းဆရာကြီးရဲ့ အထံမှာ တပည့်ခံနေတော့လဲ နှစ်ယောက်အတူတူပါပဲ။ သူတို့ နှစ်ယောက် တရားရှာထွက်ခါနီးမှာ သဘောတူ ကတိကဝတ် ပြုထားတာ ရှိပါတယ်။ အဲဒါကတော့ တဦး တရားထူးရှာလို့ သိပြီး ရပြီးရင် တခြားတယောက်ကို ပြောကြစတမ်းဆိုတဲ့ ကတိကဝတ်ပါပဲ။ ဒါကြောင့် ဥပတိဿ တရားထူးရပြီးတော့ သိဥ်းစည်းအရာမ်မှာ ကျန်နေခဲ့တဲ့ သူ့မိတ်ဆွေ ကောလိတကို ပြောပြဖို့ သူ့မှာ တာဝန်ရှိနေတယ်။ ဒါကြောင့် ပြန်သွားတာ ပါပဲ။

သိဥ်းစည်းအရာမ်ကို ပြန်ရောက်တဲ့အခါမှာ အရှင်အဿဇိထံက နာကြားခဲ့ရတဲ့ တရားကိုပဲ သူ့မိတ်ဆွေ ကောလိတကို ပြန်ပြီးဟောပြတယ်။ တရားဆုံးတော့ ကောလိတလဲ အမှန်တရား သိမြင်သွားပြီး သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ တရားသိသွားလို့ သောတာပန် ဖြစ်သွားတယ်။

ကောလိတ နာကြားတဲ့တရားလဲ ပါဠိဂါထာတဂါထာ (အက္ခရာ ၃၂ လုံး)မျှဆိုတော့ တရားအကျဉ်းချုပ်ပါပဲ၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နောင်ခါမှာ အရှင်မောဂ္ဂလာန်လို့ နာမည်ထင်ရှား လာမည့် ကောလိတပရိဗိုဇ်ကိုလဲ **ဥဏ္ဍိတညျပုဂ္ဂိုလ်**လို့ ဆိုရမှာပါပဲ။

## ဆရာကြီး၏ အယူအဆ

သူတို့နှစ်ယောက် အမှန်တရား သိမြင်သွားကြတော့ ဆရာသိဥ်းစည်းပရိဗိုဇ်ကြီးကို အမှန်တရားသိရအောင် ကျေးဇူး ဆပ်ချင်တာနဲ့ ဆရာကြီးထံသွားပြီး အကျိုးအကြောင်း ပြောပြကာ မြတ်စွာဘုရားထံ ခေါ်ကြတယ်။ ဒီတော့ သူတို့ဆရာကြီး က 'တပည့်တို့၊ ငါဟာ ရေတည်စဉ့်အိုးကြီးဘဝက ရေလောင်း အိုးဘဝကို မရောက်လိုဘူး၊ သင်တို့သာ သွားကြပေတော့'လို့ ရှင်းရှင်းပဲ ပြောလိုက်တယ်။ တပည့်နှစ်ယောက်လဲ ဆရာကြီးကို ဘယ်လိုမှ ခေါ်မရတော့ 'ဆရာကြီး ဂေါတမမြတ်စွာဘုရားရဲ့ တရားက မှန်နေတဲ့အတွက် ဆရာကြီးရဲ့ တပည့်တွေလဲ နောင်ခါ ဂေါတမမြတ်စွာဘုရားထံ ရောက်သွားကြလိမ့်မယ်'လို့ ပြောပြကြတယ်။ ဒီတော့ ဆရာကြီးက 'တပည့်တို့၊ လောကမှာ လူညံ့က များသလား၊ လူတော်က များသလား'လို့ မေးတယ်။ 'လူညံ့က များပါတယ် ဆရာကြီး'လို့ ဖြေကြတော့ ဆရာကြီးက 'အေး..ဒီလိုဆိုရင် လူညံ့တွေ ငါ့ဆီ လာကြလိမ့်မယ်၊ လူတော် တွေ ဂေါတမမြတ်စွာဘုရားဆီ သွားကြလိမ့်မယ်၊ ဒီတော့ ငါ့ဆီမှာ တပည့် မနည်းပါဘူး' လို့ အချက်ကျကျ ပြောပြ လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ တပည့်နှစ်ယောက်လဲ 'ကဲ၊ မတတ်နိုင်ဘူး၊ သူ့ကံနှင့် သူ ရှိပါစေတော့'လို့ ဆိုပြီး ဆရာကြီးကို ထားခဲ့ပြီး မြတ်စွာဘုရားထံ လိုက်လိုတဲ့ တပည့်ပရိဗိုဇ် ငါးရာနှင့်အတူ မြတ်စွာဘုရားထံ ထွက်လာခဲ့ကြတယ်။ သို့သော်လဲ လမ်းတဝက်မှာ တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်က သူတို့ဆရာသိဥ္စည်းကြီး ပရိဗိုဇ်အရာမ်ကြီး ခြောက်သွေ့သွားလို့ စိတ်ချောက်ချားပြီး သွေးအန်တယ်ဆိုတဲ့သတင်းကို ကြားလို့ ထင်ပါရဲ့ သိဥ္စည်းကြီးထံ ပြန်သွားကြတယ်။

တိုတိုပြောရရင် သူတို့ ဝေဠုဝန်ကျောင်းတော် မြတ်စွာဘုရားထံမှောက် ရောက်ကြတဲ့အခါမှာ ဥပတိဿနှင့် ကောလိတရော သူတို့တပည့်ပရိဗိုဇ် နှစ်ရာ့ငါးဆယ်ပါ မြတ်စွာဘုရားထံ ရဟန်းပြုပေးဘို့ တောင်းပန်လျှောက်ထားကြတယ်။ မြတ်စွာဘုရားက လက်တော်ကို ဆန့်တန်းပြီး **"ဧထ ဘိက္ခဝေါ**–တပည့် ရဟန်းတို့ လာကြလေ"ဟု ခေါ်တော်မူလိုက်တာနှင့် တပြိုင်နက် သူတို့အားလုံး လူဝတ်လူစားတွေ ပျောက်ပြီး သူတို့ကိုယ်မှာ ရဟန်းသင်္ကန်း သပိတ်ပရိက္ခရာအစုံ ဝတ်ဆင်ပြီး ဖြစ်သွားကြလို့ ဝါခြောက်ဆယ်ရ မထေရ်ကြီးများလို ကြည်ညိုဖွယ်ရာ ရဟန်းတော်များ ဖြစ်သွားကြတယ်။ ဒီလို ရဟန်းတော်မျိုးကို **ဧဟိဘိက္ခုရဟန်း** လို့ ခေါ်ရပါတယ်။ ရှေးဘဝတခုခုမှာ သင်္ကန်းလှူပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



**ပေဟိဘိက္ခုရဟန်း** အဖြစ်ကို ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်များသာ **ပေဟိဘိက္ခုရဟန်း** ဖြစ်နိုင်ပါတယ်။

**ရဟန္တာများ ဖြစ်ကြပြီ**

သူတို့ရဟန်းဖြစ်ပြီးတော့ မြတ်စွာဘုရားက တပည့်ပရိဗိုဇ်နှစ်ရာငါးဆယ်ရဲ့ စရိုက်နှင့်ကိုက်ညီတဲ့ တရားတော်ကို ဟောတော်မူတဲ့အတွက် တပည့်ပရိဗိုဇ်နှစ်ရာငါးဆယ်ဟာ တရားနာရင်း တရားရှုမှတ်ကြလို့ ကိလေသာကုန်ခန်း ရဟန္တာတွေ ဖြစ်သွားကြတယ်။ ဥပတိဿနှင့် ကောလိတပရိဗိုဇ်တို့ကတော့ သောတာပန်အဆင့်ကနေ မတက်ကြသေးဘူး။ သူတို့က **အဂ္ဂသာဝက**–ကြီးမြတ်တဲ့ တပည့်ရဟန္တာကြီးများ ဖြစ်ကြမှာဆိုတော့ အဆင့်အတန်းနှင့် ထိုက်တန်အောင် ပိုပြီးတော့ ကြိုးစားအားထုတ်ကြရဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် အရှင်မောဂ္ဂလာန်က ရဟန်းဖြစ်ပြီးလို့ ကြိုးစားအားထုတ်နေရာ ဆယ့်ငါးရက်အကြာမှာ **မဂဓတိုင်း၊ ကလ္လဝါဠပုတ္တရွာ**အနီး တောထဲမှာ ပင်ပန်းတဲ့အတွက် ညအခါမယ် ထိနမိဒ္ဓ အနိုပ်စက် ခံနေရရှာတယ်။ မြတ်စွာဘုရား သိတော်မူလို့ အရှင်မောဂ္ဂလာန်အထံ ကြွတော်မူလာပြီး အငိုက်ဖြေတရား **ပစလာယမာနသုတ်**ဒေသနာတော်ကို ဟောကြားတော်မူမှ အငိုက်ပြေပြီး ဆက်လက်အားထုတ်တော့

www.burmeseclassic.com

www.burmeseclassic.com



အထက်မဂ်သုံးဆင့် ဖိုလ်သုံးဆင့်ကို ရရှိလို့ ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်သွားပါတယ်။ အရှင်သာရိပုတ္တရာကတော့ ရဟန်းဖြစ်ပြီးလို့ တလကြာမှ ဝက်တူးလိုဏ်မှာ တူဖြစ်သူ ဒီဃနခပရိဗိုဇ်ကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဝေဒနာသိမ်းဆည်းပုံ **ဒီဃနခသုတ်တော်**ကို နာကြားရင်း တရားရှုမှတ်တဲ့အတွက် အထက်မဂ်သုံးဆင့် ဖိုလ်သုံးဆင့် ကို ရရှိလို့ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်သွားပါတယ်။

## အဂ္ဂသာဝကကြီးနှစ်ပါး

အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်ပြီးတဲ့နေ့မှာပဲ မြတ်စွာဘုရားက ဝေဠုဝန်ကျောင်းတော်မှာ ရဟန်းတော် အားလုံးကို စုဝေးစေပြီးတော့ အရှင်သာရိပုတ္တရာကို လက်ယာ တော်ရဲ့ အဂ္ဂသာဝကအဖြစ်၊ အရှင်မောဂ္ဂလာန်ကို လက်ဝဲတော်ရဲ့ အဂ္ဂသာဝကအဖြစ် ခန့်ထားတော်မူပါတယ်။ **အဂ္ဂသာဝက** ဆိုတာ **မြင့်မြတ်သောတပည့်** လို့ ဆိုလိုပါတယ်။

## ရိုသေထိုက်သူကို နာမည်တပ်ပြီး မခေါ်ရ

အဲဒီအချိန်ကစပြီး ဥပတိဿကို ဥပတိဿလို့ နာမည် မခေါ်ကြတော့ဘူး။ သာရိပုဏ္ဏေးမကြီးရဲ့ သားဖြစ်လို့ သာရိပုတ္တရာ လို့ပဲ အမိရဲ့နာမည်တပ်ပြီး ခေါ်ကြတော့တယ်။ ကောလိတ ကိုလဲ ကောလိတလို့ မခေါ်ကြတော့ဘူး။ မောဂ္ဂလိ

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားမကြီးရဲ့ သားဖြစ်လို့ မောဂ္ဂလာန မောဂ္ဂလာန် လို့ပဲ အမိရဲ့နာမည်ကို တပ်ပြီး ခေါ်ကြတော့တယ်။

နှစ်ပါးလုံးဟာ ကိလေသာကုန်းခန်းတဲ့ အဂ္ဂသာဝက ရဟန္တာကြီးတွေ ဖြစ်ကြတော့ အလွန်လေးစားအပ်၊ ရိုသေအပ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ရိုသေလေးစားအပ်တဲ့ ပုဂ္ဂိုလ်တွေကို နာမည်တပ်ပြီးခေါ်ရင် မရိုသေ၊ မလေးစားရာ ရောက်တယ်၊ ရိုင်းစိုင်းရာလဲ ရောက်တယ်။ အမိအမည် အဖအမည်၊ အမျိုးအနွယ်အမည်၊ နေရာဒေသအမည်၊ အလုပ်အကိုင်အမည် စတဲ့ တခုခုရဲ့ နာမည်တပ်ပြီး ခေါ်ကြရတယ်။ အဲဒီလိုဆိုရင် မရိုသေ၊ မလေးစားရာ မရောက်တော့ဘူး။ ရိုင်းလဲ မရိုင်းစိုင်းတော့ဘူး။ ဒါကြောင့် မြတ်စွာဘုရားကို **သိဒ္ဓတ္ထ**လို့ နာမည်တပ်မခေါ်ကြဘဲ **ဂေါတမ**မြတ်စွာဘုရားလို့ ခေါ်ကြတယ်။ **ဂေါတမ** ဆိုတာ မြတ်စွာဘုရားရဲ့ အမျိုးအနွယ်အမည်ပဲ။ အခုခေတ်မှာတော့ များသောအားဖြင့် နေရာဒေသရဲ့အမည်ကို တပ်ခေါ်ကြတယ်။ ဥပမာ လယ်တီဆရာတော်ဘုရားကြီး၊ မိုးညှင်းဆရာတော်ဘုရားကြီး၊ ဇေတဝန်ဆရာတော်ဘုရားကြီး၊ ဝေဘူဆရာတော်ဘုရားကြီး၊ မဟာစည်ဆရာတော်ဘုရားကြီး စသည် ဖြင့် နေရာဒေသကို အစွဲပြုပြီး ခေါ်ဝေါ်ကြရတယ်။ ဒီလိုဆိုရင် မရိုသေ မလေးစား မယဉ်ကျေးတဲ့သဘော မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဥဃ္ဃဋိတညူပုဂ္ဂိုလ်အကြောင်းပြောလိုက်တာ စိတ်ဝင်စား စရာကောင်းတာနဲ့ အတော်ရှည်သွားတယ်။ မသိကြသေးတဲ့ ပုဂ္ဂိုလ်တွေ သိကြရပြီး ကြည်ညိုသဒ္ဓါပွားရတာပေါ့လေ။

**ဝိပဉ္စိတညူပုဂ္ဂိုလ်**

အကျဉ်းချုပ်ဟောပြရုံနဲ့ တရားမသိသေးဘဲ အကျယ်တဝင့် ဟောပြမှ တရားသိတဲ့ပုဂ္ဂိုလ်ကိုတော့ **ဝိပဉ္စိတညူပုဂ္ဂိုလ်**လို့ခေါ်တယ်။ အကျယ်တဝင့် ဖွင့်ပြပြီး ဟောပြမှသိတဲ့ **အရှင်ကောဏ္ဍည**တို့လိုပေါ့။ ပဉ္စဝဂ္ဂီငါးဦးထဲက **အရှင်ကောဏ္ဍည**ဟာ မြတ်စွာဘုရား ဓမ္မစကြာတရားဒေသနာတော်တခုလုံး အစအဆုံး အကျယ်တဝင့် ဟောပြမှပဲ တရားသိတာ မဟုတ်လား၊ ဒီတော့ သူ့ကို ဘာပုဂ္ဂိုလ်ခေါ်မလဲ၊ (ဝိပဉ္စိတညူပုဂ္ဂိုလ်ပါဘုရား။)

**အကျယ်ဖွင့်ပြ၊ ဟောပြောမှ၊ သိက ဝိပဉ္စိ။**

**နေယျပုဂ္ဂိုလ်**

တချို့ကျတော့ အကျဉ်းချုပ်ဟောပြရုံနဲ့တော့ ရေးရေးလေးပဲ ရှိသေး၊ ဘာမှမသိသေးဘူး။ အကျယ်ဖွင့်ပြတဲ့အခါကျတော့ တော်တော်တော့ သဘောပေါက်လာပြီ၊ ဒါပေမယ့် မဂ်အသိ ဖိုလ်အသိ အထိတော့ မရသေးဘူး၊ သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါမှ သဘောပေါက်သလို နည်းမှန်လမ်းမှန်အတိုင်း လက်တွေ့လိုက်နာ ကျင့်ကြံပွားများ အားထုတ်ရတယ်။ အဲဒီအခါကျတော့မှပဲ ဝိပဿနာဉာဏ် အဆင့်ဆင့်တက်ပြီးတော့ မဂ်အသိ ဖိုလ်အသိအထိ ရသွားတယ်။ အဲဒီပုဂ္ဂိုလ်မျိုးကိုတော့ **နေယျပုဂ္ဂိုလ်**လို့ ခေါ်တယ်။

နေယျပုဂ္ဂိုလ်က လက်တွေ့ကျင့်မှပဲ သိတာ၊ **အရှင်ဝပ္ပ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ**တို့လိုပေါ့။ မြတ်စွာဘုရား ဓမ္မစကြာတရားဟောတော့ တရားပွဲပြီးတဲ့အခါ ပဉ္စဝဂ္ဂီငါးဦးထဲက တရားသိသွားတာ တပါးတည်းပဲ ရှိတယ်၊ ဘယ်သူတုံး။ (အရှင်ကောဏ္ဍညပါဘုရား။) **အရှင်ကောဏ္ဍည** တပါးပဲ ရှိတယ်။

မြတ်စွာဘုရား ဓမ္မစကြာတရားကို အကျယ်ဖွင့်ပြပြီး ဟောသော်လဲ ဟိုလေးပါး သိသလား။ (မသိပါဘုရား။) မသိသေးတော့၊ ဝါဆိုလပြည့်ကျော် တရက် နှစ်ရက် သုံးရက် လေးရက် အဲဒီမှာ အဲဒီလေးပါး သူတို့ လက်တွေ့အားထုတ်ကြရတယ်။ ဘယ်သူတွေတုံး၊ **အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ် အရှင်အဿဇိ**။ အဲ...သူတို့ဟာ အသီးသီး တရက် နှစ်ရက် သုံးရက် လေးရက် အားထုတ်တဲ့အခါမှပဲ သူတို့ တရားရကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ဘာခေါ်လဲ၊ (နေယျပုဂ္ဂိုလ်လို့ ခေါ်ပါတယ်ဘုရား။)

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဟောဒီပရိသတ်က အကျဉ်းချုပ် ဟောရုံမျှနဲ့ သိကြရဲ့လား။ (မသိပါဘုရား။) အကျယ်တဝင့် နေ့စဉ် ဟောနေတာပဲ သိပြီလား။ (မသိသေးပါဘုရား။) ဒါဖြင့် ဥဃ္ဃဋိတညူပုဂ္ဂိုလ်လဲ မဟုတ်ဘူး။ ဝိပဉ္စိတညူပုဂ္ဂိုလ်လဲ မဟုတ်ဘူး၊ ဒီတော့ ဘာပုဂ္ဂိုလ်လို့ ခေါ်ရမလဲ၊ (နေယျပုဂ္ဂိုလ် ပါဘုရား။) ဟုတ်တယ်။ တရားရိပ်သာမှာနေပြီး အားထုတ်မှ ရတဲ့ပုဂ္ဂိုလ်တွေ။ အဲဒီတော့ အာလုံး နေယျပုဂ္ဂိုလ်တွေချည်း ပဲပေါ့။

**လက်တွေ့ကျင့်မှ၊ သိမြင်က၊ နေယျ ခေါ်လေဘိ။**

## ပဒပရမပုဂ္ဂိုလ်

နောက် ပုဂ္ဂိုလ်တမျိုးကတော့ တရားကို ဘယ်လောက်ပဲ ကြိုးစားအားထုတ် အားထုတ်၊ ရှေးရှေးဘဝတွေမှာ အားထုတ်ခဲ့တဲ့ တရားအတွေ့အကြုံနည်းလို့ ပါရမီနုသေးတဲ့ အတွက် ဒီဘဝမှာ မဂ်အသိ ဖိုလ်အသိ မရဘူး။ သို့သော်လဲ ဖွဲကောင်းကောင်းနဲ့ ဆက်ပြီး ကြိုးကြိုးစားစား အားထုတ်ရင် တရားအတွေ့အသိတွေ တိုးတက်ရင့်သန်လာတော့ နောက်ဘဝ တခုခုမှာ ပါရမီပြည့်ပြီး တရားအပြည့်အစုံ သိဘို့ရာ အကြောင်း အထောက်အပံ့ ဖြစ်သွားတာပေါ့။ ဒါနဲ့ နောက်ဘဝ တခုခုမှာ တော့ သူ တရားအပြည့်အဝ ရနိုင် သိနိုင်တယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကိုတော့ **ပဒပရမပုဂ္ဂိုလ်** လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**အားမလျှော့ပါနှင့်**

ဒါကြောင့် တရားအားထုတ်တဲ့အခါ အကြောင်း မညီညွတ်သေးလို့ တရားမသိသေး မတွေ့သေးရင် စိတ်မပျက်ပါနှင့်၊ အားမလျှော့ပါနှင့်၊ ဆက်ပြီးတော့သာ ကြိုးကြိုးစားစား ဖွဲကောင်းကောင်းနဲ့ အားထုတ်ပါ၊ ကိုယ်မထင်မှတ်တဲ့ တချိန်ချိန်မှာ တွေ့ကောင်း တွေ့သွားနိုင်ပါတယ်။ မတွေ့သေးတောင်မှ ခုနပြောခဲ့သလို နောက်ဘဝ တခုခုမှာ တရားတွေ့ဘို့ သိဘို့ အကြောင်းအထောက်အပံ့ ကောင်းကောင်းကြီး ဖြစ်သွားပါတယ်။ ဒါကြောင့် တရားတွေ့တာ မတွေ့တာ စိတ်ထဲမှာ လုံးဝမထားဘဲ တတ်နိုင်သမျှ ကြိုးစားအားထုတ်ဖို့ရာ ငါ့အလုပ် ပဲလို့ သဘောထားပြီး ကြိုးစားဘို့ပဲ လိုအပ်ပါတယ်။

**ယခုဘဝ၊ မသိက၊ ပဒပရမ ခေါ်လေဘိ။**
**ပါရမီကွဲပြား၊ ဉာဏ်ခြားနား၊ တရားရပုံ လေးမျိုးရှိ။**

ကဲ ဆောင်ပုဒ်ကလေးတွေ အစက ပြန်ဆိုရအောင်...

**အကျဉ်းချုပ်မျှ၊ ဟောဖော်ပြ၊ သိက ဥဂ္ဃဋိ၊**
**အကျယ်ဖွင့်ပြ၊ ဟောပြောမှ၊ သိက ဝိပဉ္စိ၊**
**လက်တွေ့ကျင့်မှ၊ သိမြင်က၊ နေယျ ခေါ်လေဘိ၊**
**ယခုဘဝ၊ မသိက၊ ပဒပရမ ခေါ်လေဘိ၊**
**ပါရမီကွဲပြား၊ ဉာဏ်ခြားနား၊ တရားရပုံ လေးမျိုးရှိ။**

www.burmeseclassic.com

www.burmeseclassic.com



## ဥပမာနှင့် ဥပမေယျ

မူလတရား ပြန်ဆက်ကြဦးစို့၊ မြတ်စွာဘုရားက ဂင်္ဂါမြစ်ထဲမှာ မျောလာတဲ့သစ်တုံးကြီး ဒီဘက်ကမ်း ဟိုဘက်ကမ်းမကပ် ရေလယ်မမြုပ် ကုန်းမှာမတင် လူမဆယ် နတ်မဆယ် ဝဲမှာမမြုပ် မဆွေးမပုပ်ရင် သမုဒ္ဒရာထဲ ရောက်မှာပဲလို့ မိန့်ကြားတာဟာ အဓိပ္ပါယ်ထင်ရှားအောင် ဥပမာစကားအဖြစ် မိန့်ကြားတာပါ။

အဲဒီလိုမိန့်ကြားပြီးတော့ **ဧဝမေဝ ခေါ ဘိက္ခဝေ သစေ တုမှေပိ န ဩရိမံ တီရံ ဥပဂစ္ဆထ** စသည်ဖြင့် ဥပမေယျစကားကို မိန့်ကြားတော်မူပါတယ်။

အဓိပ္ပါယ်ကတော့ "ရဟန်းတို့၊ အဲဒီ ဂင်္ဂါရေယဉ်ကြော မျောနေတဲ့ သစ်တုံးကြီးလိုပဲ သင်တို့လဲ ဒီဘက်ကမ်းမှာလဲ မကပ်၊ ဟိုဘက်ကမ်းမှာလဲ မကပ်၊ ရေလယ်မှာလဲ မမြုပ်၊ ကုန်းမှာလဲ မတင်၊ လူလဲမဆယ်၊ နတ်လဲမဆယ်၊ ဝဲမှာမမြုပ်၊ မဆွေးမပုပ်ကြရင် နိဗ္ဗာန်သို့ ညွတ်ကိုင်းကြ ဦးတည်ကြပြီး ရောက်ကြရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ အမှန်သိ အမှန်မြင် သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ နိဗ္ဗာန်သို့ ညွတ်နေ ကိုင်းနေ ဦးတည်နေသောကြောင့်ပဲ" လို့ မိန့်ကြားတော်မူတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား မိန့်ကြားတော်မူလိုတာက အမှန်သိ အမှန်မြင် သမ္မာဒိဋ္ဌိမဂ္ဂင်က နိဗ္ဗာန်ဆီ ဦးတည် ဦးလှည့်နေတဲ့အတွက် အဲဒီ အမှန်သိအမှန်မြင် သမ္မာဒိဋ္ဌိမဂ္ဂင်တရား မိမိတို့သန္တာန်မှာ ဖြစ်ပွားရင် အခုနပြောခဲ့တဲ့ အပြစ်ရှစ်ပါး ကင်းလွတ်ပြီးတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောတဲ့အတွက် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ရောက်လိမ့်မယ်။

ဒီနေရာမှာ မြတ်စွာဘုရားက သမုဒ္ဒရာကို နိဗ္ဗာန်နဲ့ ဥပမာပြုတယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဂင်္ဂါမြစ်ထဲမှာ သမုဒ္ဒရာဆီ ဦးတည်စီးနေတဲ့ ရေကြောနဲ့ ဥပမာပြုတယ်။ သံသရာကြီးထဲမှာ တဝဲလည်လည် သွားလာနေရတဲ့ ရဟန်းရှင်လူတွေကို ဂင်္ဂါမြစ်ထဲမှာ မျောနေတဲ့ သစ်တုံးကြီးနဲ့ ဥပမာပြုတယ်၊ သံသရာထဲမှာ တွေ့ရတတ်တဲ့ အပြစ်ရှစ်ပါးကို ဂင်္ဂါမြစ်ထဲမှာ တွေ့ရတဲ့ အပြစ်ရှစ်ပါးနှင့် ဥပမာပြုပြီး ဟောတော်မူတာ ဖြစ်ပါတယ်။

ဒီတော့မှ ရဟန်းတပါးက ထပြီးတော့ "မြတ်စွာဘုရား၊ တပည့်တော်ကို လျှောက်ထားခွင့်ပြုတော်မူပါအရှင်ဘုရား။ ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူတဲ့အထဲမှာ သစ်တုံး ဟိုဘက်ကမ်းကပ်တယ် ဟိုဘက်ကမ်းကပ်တယ် ရေလယ်မှာ မြုပ် ကုန်းပေါ်မှာတင် လူဆယ် နတ်ဆယ် ဝဲမှာနစ်မြုပ် ဆွေးပုပ်တယ် ဆိုတာကိုတော့ တပည့်တော်တို့ သဘာဝတွေရား

www.burmeseclassic.com

www.burmeseclassic.com



မို့ ကောင်းကောင်း နားလည်ကြပါသည်ဘုရား။ ရဟန်းတွေ ဒီဘက်ကမ်းကပ်တယ် ဟိုဘက်ကမ်းကပ်တယ် ရေလယ်မှာ မြုပ် ကုန်းပေါ်မှာတင် လူဆယ် နတ်ဆယ် ဝဲမှာနစ်မြုပ် ဆွေးပုပ်တယ်ဆိုတဲ့စကားတော့ တပည့်တော်များ နားမလည် တဲ့အတွက် ရှင်တော်မြတ်ဘုရား ရှင်းလင်းမိန့်ကြားတော် မူပါဘုရား” လို့ လျှောက်ထားတယ်။

**ဒီဘက်ကမ်းကပ်ပုံ**

အဲဒီအခါကျမှ မြတ်စွာဘုရားက ရှင်းလင်းပြီး မိန့်ကြား တော်မူတယ်။ **ဩရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာယတနာနံ အဓိဝစနံ၊ ဘိက္ခု**–သိလိုရေးနှင့် မေးလျှောက်ထားတဲ့ အိုရဟန်း၊ **ဩရိမံတီရန္တိ ဧတံ**–ဒီဘက် ကမ်းဆိုတဲ့ စကားသည်၊ **ဆန္နံ အဇ္ဈတ္တိကာယတနာနံ**– မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဟူသော **အတွင်း အာယတန ခြောက်ပါးတို့၏၊ အဓိဝစနံ**–အမည်ပေတည်း။

ဒီဘက်ကမ်းဆိုတာ အတွင်းအာယတနခြောက်ပါးကို ပြောတာပါ။ အတွင်းအာယတနခြောက်ပါးကို ဒီဘက်ကမ်းနဲ့ ဥပမာပြုတယ်။ ဟုတ်ကဲ့လား။ အတွင်းအာယတနခြောက်ပါး ဆိုတာ ဘယ်ဟာလဲ။ (မျက်စိ နား နှာ လျှာ ကိုယ် စိတ် ပါဘုရား။) ပါဠိလို **အဇ္ဈတ္တိကာယတနခြောက်ပါး**လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်၊ အဇ္ဈတ္တိကာယတနခြောက်ပါးဆိုတာ အတွင်းအာယတနခြောက်ပါး၊ မိမိခန္ဓာကိုယ်မှာပဲ ရှိနေတဲ့ အာယတနခြောက်ပါးပေါ့။ အဲဒီ အာယတနခြောက်ပါးကိုပဲ **ဒွါရခြောက်ပါး**လို့လဲ ခေါ်တယ်။ ဒွါရဆိုတာ တံခါးပေါက်။ ကိလေသာဝင်ရာ တံခါးပေါက်တဲ့၊ မျက်စိက ကိလေသာ မဝင်ဘူးလား၊ (ဝင်ပါတယ်ဘုရား။) နား နှာခေါင်း လျှာ ကိုယ် စိတ်ကကော မဝင်ဘူးလား၊ (ဝင်ပါတယ်ဘုရား။) အဲဒီတော့ ကိလေသာဝင်ရာ တံခါးပေါက် မဟုတ်ဘူးလား။ (ဟုတ်ပါတယ် ဘုရား။) ဒါကြောင့် ဒွါရခြောက်ပါး တံခါးခြောက်ပေါက် လို့ ခေါ်တာပေါ့။

အဲဒီ အတွင်းအာယတနခြောက်ပါး ဒွါရခြောက်ပါး အကြောင်းပြုပြီးတော့ လောဘ ဒေါသ မောဟ ကိလေသာဖြစ်ရင် ဒီဘက်ကမ်းကပ်ပြီ၊ မျက်စိကို အကြောင်းပြုပြီး ကိလေသာဖြစ်ရင်၊ နား နှာခေါင်း လျှာ ကိုယ် စိတ်အကြောင်းပြုပြီး ကိလေသာဖြစ်ရင် အဲဒီရဟာန်း ဒီဘက်ကမ်းကပ်နေပြီ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မမျောတော့ဘူး။ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာ သူ မရောက်နိုင်တော့ဘူး၊ မြတ်စွာဘုရားက ဥပမာနနဲ့ ဥပမေယျ ဆက်စပ်ပြတယ်။

ကဲ..ဆောင်ပုဒ်ဆိုရအောင်....

**အတွင်းအာယတနာ၊ ကိလေသာ၊ ဖြစ်လာ ဒီကမ်းကပ်တော့သည်။**

www.burmeseclassic.com

www.burmeseclassic.com



**ခြောက်ဒွါရမှာ၊ ကိလေသာ၊ ဖြစ်လာဒီကမ်းကပ်တော့သည်။**

## ဟိုဘက်ကမ်းကပ်ပုံ

ဟိုဘက်ကမ်းဆိုတာ အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာ သဘောဆိုတဲ့ **အပြင်အာယတနခြောက်ပါး**ကို ဆိုလိုကြောင်း မြတ်စွာဘုရား ဆက်လက် မိန့်ကြားတော်မူပါတယ်၊ အဲဒီ အပြင်အာယတန ခြောက်ပါးကို အာရုံခြောက်ပါးလို့လဲ ခေါ်တယ်၊ အဆင်းအာရုံ အသံအာရုံ အနံ့အာရုံ အရသာအာရုံ ထိတွေ့စရာအာရုံ ကြံတွေးစရာ သဘောအာရုံ၊ အားလုံး အာရုံ ဘယ်နှစ်ပါးလဲ၊ (ခြောက်ပါးပါဘုရား၊) အဲဒီ အပြင်အာယတနခြောက်ပါးကို ပါဠိလို **ဗာဟိရာယတနခြောက်ပါး**လို့ ခေါ်တယ်။ မြင်ရတဲ့ အဆင်းအကြောင်းပြုပြီး လောဘ ဒေါသစတဲ့ ကိလေသာ ဖြစ်ရင်၊ ကြားရတဲ့ အသံအကြောင်းပြုပြီး ကိလေသာ ဖြစ်ရင်၊ နံ့ရ မွှေးရတဲ့အနံ့အကြောင်းပြုပြီး ကိလေသာ ဖြစ်ရင်၊ စားရတဲ့အရသာအကြောင်းပြုပြီး ကိလေသာ ဖြစ်ရင်၊ ထိတွေ့ရတဲ့ ထိတွေ့စရာအကြောင်းပြုပြီး ကိလေသာ ဖြစ်ရင်၊ ကြံတွေးစရာ သဘောအာရုံ အကြောင်းပြုပြီး ကိလေသာ ဖြစ်ရင် ဒီရဟန်းဟာ ဟိုဘက်ကမ်း ကပ်ပြီ။ သမ္မာဒိဋ္ဌိ မဂ္ဂင်ရေယဉ်ကြော

www.burmeseclassic.com

www.burmeseclassic.com



မျောနိုင်ရဲ့လား။ (မမျောနိုင်ပါဘုရား။) မမျောနိုင်တဲ့အတွက် နိဗ္ဗာန်ဆိုတဲ့ သမုဒ္ဒရာကို မရောက်နိုင်တော့ဘူး။

**အပြင်အာယတနာ၊ ကိလေသာ၊ ဖြစ်လာ ဟိုကမ်း ကပ်တော့သည်။**

**ခြောက်အာရုံမှာ၊ ကိလေသာ၊ ဖြစ်လာ ဟိုကမ်း ကပ်တော့သည်။**

## ရေလယ်မြုပ်ပုံ

နောက် ရဟန်း ရေလယ်မှာ မြုပ်တယ်ဆိုတာက ရဟန်းရဲ့သန္တာန်မှာ **နန္ဒီရာဂ**ဖြစ်တာကို ဆိုလိုကြောင်း မြတ်စွာဘုရား မိန့်တော်မူတယ်။ နန္ဒီဆိုတာ နှစ်သက်ခြင်း၊ **ရာဂ**ဆိုတာ စွဲမက်ခြင်း **နန္ဒီရာဂ**ဆိုတာ နှစ်သက်စွဲမက်ခြင်း၊ သဘောက လိုချင်ခြင်းပဲ။ လိုချင်တာ နှစ်သက်တာ ချစ်ခင်တာ တွယ်တာတာ တပ်မက်တာ စွဲလန်းတာ ချစ်တာ ကြိုက်တာ အားလုံးဟာ **နန္ဒီရာဂ**ပဲ။ သို့သော်လဲ တရားစကားအနေနဲ့ကျတော့ **နန္ဒီ**က နှစ်သက်တယ် **ရာဂ**က စွဲမက်တယ်လို့ အဲသလိုပဲ ခွဲခြားထားတယ်။ ရဟန်းရဲ့သန္တာန်မှာ တစုံတရာ အကြောင်းပြုပြီးတော့ နှစ်သက်မှု စွဲမက်မှုဖြစ်ရင် အဲဒီရဟန်း ရေလယ်မှာ မြုပ်သွားပြီ။ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မမျောတော့ဘူး။ ဒီတော့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို မရောက်တော့ဘူး။

**နှစ်သက်စွဲတွယ်၊ ရာဂခြယ်၊ ရေလယ်မြုပ်လေသည်။**

www.burmeseclassic.com

www.burmeseclassic.com



**သောင်ကုန်းတင်ပုံ**

နောက် သောင်ကုန်းတင်တယ် ဆိုတာကတော့ **မာန**ကို ပြောတာပါတဲ့။ **မာန**ကို သောင်ကုန်းနဲ့ ဥပမာပြုတယ်။ **မာန**ဆိုတာ မောက်မာထောင်လွှားခြင်း၊ ကိုယ်က သူများထက် သာတယ်လို့ ကိုယ့်ကိုယ်ကို အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း၊ တိမ်တိုက်ထဲ ခေါင်းရောက်နေခြင်း၊ မြတ်စွာဘုရားက အဲဒါကို သောင်ကုန်းနဲ့ ဥပမာပြုတယ်။

ကုန်းဆိုတာ မို့မောက်နေသလို **မာန**ကလဲ မို့မောက်နေတယ်။ **မောက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း၊ လျှောကျနောက်ဆုံး ရှိချေ၏**တဲ့။ ထွတ်ခေါင်ဆရာတော်ဘုရားကြီးရဲ့ ဆုံးမဩဝါဒလို့ မှတ်ထားမိတာပဲ။ တိုတိုနဲ့ အင်မတန်ထိတဲ့ အဆုံးအမပါ။ သတိထားကြဖို့ အလွန်ကောင်းတာပဲ။ အဆင်ပြေလို့ အခြေအနေမြင့် နေတုန်းတော့ ဘယ်သူ့ကိုမှ လူမထင်ဘဲ မာနက ထိပ်ရောက်နေတယ်။ ခြေထောက်က မြေကြီးမထိဘူး၊ ခေါင်းက တိမ်ထဲရောက်နေတယ်။ ဖြစ်ချည် ပျက်ချည် မတည်မြဲတဲ့ သင်္ခါရသဘောအရ လျှောကျသွားတဲ့ အခါကျတော့ အမြင့်က ကျတာမို့ အထိမနာပေဘူးလား။ (နာပါတယ်ဘုရား။)။ အောက်ခြေရောက်လို့ ပဋ္ဌာမြေလူး ဆိုသလို မြေလူးနေရတဲ့အခါကျမှ သတိသံဝေဂရလို့ အလကားပေါ့။ ဒီတော့ ဘယ်လောက်ပဲ အခြေအနေမြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မြင့်ရင် မှားပြီဆိုတာ မှတ်ပေတော့။ ဒါကြောင့် ကိုယ့်ကိုယ်ကို ကုန်းပေါ်မတင်ရအောင် အထူး သတိထားဖို့ လိုပါတယ်။

မြတ်စွာဘုရားကတော့ ကုန်းပေါ်တင်ရင် အကျနာရုံတင် မဟုတ်ဘဲ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို မရောက်နိုင်ဘူးလို့ မိန့်ကြားတော်မူပါတယ်။

**ကိုယ့်ကိုယ်ကိုပင်၊ ကြီးအထင်၊ ကုန်းတွင် တင်လေသည်။**

## လူဆယ်ပုံ

ပြီးတော့ **မနုဿဂ္ဂါဟော**ဆိုတာ လူဆယ်တာတဲ့။ သစ်တုံး လူဆယ်တာတော့ ရဟန်းက သဘောပေါက်ပါတယ်တဲ့၊ ရဟန်းကို လူဆယ်တယ်ဆိုတာတော့ တပည့်တော်တို့ သဘောမပေါက်ပါဘုရားတဲ့၊ အဲဒါ မိန့်ကြားတော်မူပါဆိုတော့ မြတ်စွာဘုရားက ရဟန်းဟာ ရဟန်းလို မနေဘဲနဲ့ လူတွေနဲ့ မသင့်လျော်တဲ့ ရောနှောနည်းမျိုးနဲ့ ရောနှောနေပြီဆိုရင် အဲဒီ ရဟန်းကို လူဆယ်ပြီတဲ့။ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောဦး မလား။ (မမျောတော့ပါဘုရား။)

**လူနဲ့ရောပြွမ်း၊ ရှင်ရဟန်း၊ လူဖမ်းဆယ်လေသည်။**

## နတ်ဆယ်ပုံ

နောက်တခုက ဘာလဲ၊ **အမနုဿဂ္ဂါဟော**– နတ်ဆယ်တာ၊ ဟုတ်ကဲ့လား။ ဒါနကုသိုလ်ပဲပြုပြု သီလ

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ပဲပြုပြု ဘာဝနာကုသိုလ်ပဲပြုပြု ဝေယျာဝစ္စကုသိုလ်ပဲပြုပြု၊ ကုသိုလ်ကောင်းမှု တခုခုပြုရင် ဒီကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်လောကကို ရောက်ရပါလို၏လို့ နတ်ပြည်ကိုတောင့်တပြီး ကုသိုလ်ပြုရင် အဲဒီ ကုသိုလ်ရှင်ကို နတ်ကဆယ်သွားပြီတဲ့။ မကောင်းဘူးလား၊ နတ်အဆယ်ခံရတာကောင်းတာပေါ့။ (မကောင်းပါဘုရား။) ဘာကြောင့်မကောင်းသလဲ၊ နတ်ကဆယ်သွားတဲ့အခါကျတော့ သကြ်န်မကစားရဘူးပေါ့၊ မဟုတ်ဘူးလား။ ဒါကြောင့် ကိုရင်က မကောင်းဘူးလို့ ပြောတာ။ နတ်ဆယ်တဲ့အတွက် ဘယ်လိုဆုံးရှုံးမှုတွေဆုံးရှုံးတယ်ဆိုတာ နောက်ကျတော့ ပြောရမယ်။

**နတ်ပြည် တောင့်တ၊ ကျင့်ကြံက၊ နတ်ကဆယ်ပြန်သည်။**

**ဝဲစုပ်ပုံ**

နောက်တခုက **အာဝဋ္ဋဂါဟော**–ဝဲစုပ်တယ်တဲ့၊ ဝဲကစုပ်လို့ ရဟန်းတော် မြုပ်သွားပြီ၊ ပေါ်မလာတော့ဘူး။ အဲဒါဘာလဲဆိုတော့ အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာအဖုံဖုံ ကာမဂုဏ်တွေကို နှစ်သက် တပ်မက်နေရင် အဲဒီရဟန်းကို ဝဲကစုပ်သွားတာပဲတဲ့။ ဒီရဟန်း နိဗ္ဗာန်တည်းဟူသောသမုဒ္ဒရာကို မရောက်နိုင်တော့ဘူး။

**ကာမဂုဏ်ထဲ၊ တပ်မက်စွဲ၊ ဝဲက စုပ်ပြန်သည်။**

www.burmeseclassic.com

www.burmeseclassic.com



**အတွင်းဆွေးပုပ်ပုံ**

နောက်တခုက **အန္တောပူတိ**–အတွင်းကဆွေးပုပ်သွားတာ။ အတွင်းက ဆွေးပုပ်သွားတယ်ဆိုတာ သီလမရှိတဲ့ ရဟန်းက သီလရှိဟန်ဆောင်တာ၊ တရားမရှိတဲ့ ရဟန်းက တရားရှိဟန်ဆောင်တာ၊ စိတ်ကောင်းမရှိတဲ့ရဟန်းက စိတ်ကောင်းရှိဟန်ဆောင်တာ၊ သိက္ခာသုံးပါး မကျင့်တဲ့ရဟန်းက ကျင့်ဟန်ဆောင်တာ၊ လိုရင်းကတော့ မိမိမှာ မရှိတဲ့ ဂုဏ်သိက္ခာကို ရှိဟန်ဆောင်တာ၊ မိမိ မပြုလုပ်တာကို ပြုလုပ်လေဟန်ဆောင်တာ။ အဲဒီလို ဟန်ဆောင်တဲ့ ရဟန်းဟာ အတွင်းက ဆွေးပုပ်နေတဲ့ သစ်တုံးနဲ့ တူတယ်တဲ့။ အဲဒီတော့ အဲဒီလိုရဟန်းမျိုး သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောနိုင်ပါဦးမလား။ (မမျောနိုင်ပါဘုရား။) ဒုဿီလဆိုတာ သီလမရှိသူလို့ အဓိပ္ပါယ်ရတယ်။ အကျင့်ပျက်တဲ့ ရဟန်းပေါ့။ အဲဒီလို အကျင့်ပျက်တဲ့ရဟန်းက အကျင့်ကောင်းချင်ဟန်ဆောင်တာကို ဆိုလိုတယ်။

**ဒုဿီလက၊ သီလသန့်ရှင်း၊ ဟန်ဆောင်ခြင်း၊ အတွင်းပုပ်သည်မည်။**

အဲဒါဟာ **ဒါရုက္ခန္ဓောပမသုတ်**ရဲ့ ဆိုလိုရင်း အကျဉ်းချုပ်သဘောပါပဲ။ ဒီနေ့ ဒါလောက်ဆိုရင် တော်လောက်ပြီ။ နောက်က ဆောင်ပုဒ်တွေက အကျယ်ဖွင့်ထားတဲ့ ဆောင်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



တွေ။ နက်ဖြန်ကျမှ အသေးစိတ် ပြန်ပြီးတော့ အကျယ်ပြော ရမယ်။ ကဲ ဆောင်ပုဒ်တွေ အစက ပြန်ဆိုကြည့်ကြရအောင်။

ကောသမ္ဘီတွင်၊ မြတ်အရှင်၊ နေစဉ်မျှတစွာ။
ရေမျောသစ်တုံး၊ ပမာသုံး၊ တထုံးဟောမိန့်ရှာ။

ဟိုဘက်သည်ဘက်၊ရေလယ်ချက်နှင့်၊ ကုန်းထက်
မတင်၊ လူပင်မဆယ်၊ နတ်မဆယ်တည့်၊ ဝဲဝယ်
မမြုပ်၊ ဆွေးမပုပ်သည်၊ သမုဒ်ရေပြင်
ရောက်ကြောင်းတည်း။

ဟိုဘက်သည်ဘက်၊ ရေလယ်ချက်နှင့်၊ ကုန်းထက်
သော်တင်၊ လူပင်လဲဆယ်၊ နတ်သော်ဆယ်၍၊
ဝဲဝယ်နစ်မြုပ်၊ ဆွေးကာပုပ်သည်၊ သမုဒ်ရေပြင်
မရောက်ပြီ။

၁။အတွင်းအာယတနာ၊ ကိလေသာ၊ ဖြစ်လာ ဒီကမ်း
ကပ်တော့သည်။
ခြောက်ဒွါရမှာ၊ ကိလေသာ၊ ဖြစ်လာ ဒီကမ်း
ကပ်တော့သည်။
၂။အပြင်အာယတနာ၊ ကိလေသာ၊ ဖြစ်လာ ဟိုကမ်း
ကပ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်အာရုံမှာ၊ ကိလေသာ၊ ဖြစ်လာ ဟိုကမ်း
ကပ်တော့သည်။
၃။နှစ်သက်စွဲတွယ်၊ ရာဂခြယ်၊ ရေလယ်မြုပ်လေသည်။
၄။ ကိုယ့်ကိုယ်ကိုပင်၊ ကြီးအထင်၊ ကုန်းတွင်
တင်လေသည်။
၅။ လူနှင့်ရောပြွမ်း၊ ရှင်ရဟန်း၊ လူဖမ်းဆယ်လေသည်။
၆။ နတ်ပြည်တောင့်တ၊ ကျင့်ကြံက၊ နတ်က
ဆယ်ပြန်သည်။
၇။ ကာမဂုဏ်ထဲ၊ တပ်မက်စွဲ၊ ဝဲက စုပ်ပြန်သည်။
၈။ ဒုဿီလက၊ သီလသန့်ရှင်း၊ ဟန်ဆောင်ခြင်း၊
အတွင်းပုပ်သည်မည်။
ဤအပြစ်ရှစ်ပါး၊ မကင်းငြား၊ မသွားနိဗ္ဗာန်ပြည်။
အပြစ်ရှစ်အင်၊ ကင်းလိုလျှင်၊ အစဉ်ရှုရမည်။
အပြစ်ရှစ်အင်၊ လွတ်ကင်းစင်၊ မဂ္ဂင်ရေကြောမျော
တော့သည်။
မဂ္ဂင်ရေယဉ်၊ မျောလေလျှင်၊ စီးဝင်နိဗ္ဗာန်ပြည်။
သဒ္ဓါဝီရိ၊ သမာဓိနှင့်၊ သတိပညာ၊ ထက်မြက်စွာဖြင့်
ငါးဖြာဣန္ဒြေ၊ ညီမျှလေမူ၊ မဂ်ရေယဉ်နှင့်၊ အခန့်သင့်
ဆိုက်လင့်နိဗ္ဗာန်ပြည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ဒီနေ့ တော်လောက်ပြီ။ နောက်နေ့များမှ ဆက်ကြရအောင်။

ရဟန်းတော်များ၊ သီလရှင်များ၊ အမျိုးသားယောဂီ အမျိုးသမီးယောဂီများ၊ ရှင်သာမဏေများပါ ဟိုဘက်သည်ဘက် ရေလယ်ချက်နှင့် ကုန်းထက်မတင် လူပင်မဆယ် နတ်မဆယ်ဘဲ ဝဲဝယ်မမြုပ် ဆွေးမပုပ်ကြလို့ သမ္မာဒိဋ္ဌိမဂ္ဂင် ရေယဉ်ကြော ဖြောင့်ဖြောင့်ကြီး မျောနိုင်ကြအောင် အစဉ်မပြတ် ရှုမှတ်ပွားများ ကြိုးစားအား ထုတ်နိုင်ကြသဖြင့် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ စီးဝင်နိုင်ကြပါစေ။

**(ဆရာတော်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ ဘုရား။)**

**သာဓု သာဓု သာဓု။**

www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မကြေးမုံ

သန့်ရှင်းကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်ရုပ၊ လှမလှကို၊ နေ့ညမရွေး၊ ကြည့်စစ်ဆေး၍၊ ယင်ချေးမှဲ့ပြောက်၊ ဝက်ခြံပေါက်နှင့်၊ ညှင်းပြောက်တင်းတိတ်၊ ဖုအကျိတ်ကို၊ ဆေးသိပ်ပယ်ရှား၊ ပမာလားသို့၊ မြတ်ဖျားဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဓမ္မကြည်လင်၊ ကြေးမုံပြင်ဝယ်၊ သင့်သွင်မန၊ စိတ်အလှကို၊ နေ့ညမရွေး၊ တင်စစ်ဆေးလော့၊ ညစ်ကြေးကိလေ၊ တွေ့ခဲ့ပေသော်၊ ခြောက်ထွေနည်းဖြင့်၊ ပျောက်စေလွင့်မှ၊ မလင့်မကြာ၊ သင့်ခန္ဓာသည်၊ ချမ်းသာဖုံးလိမ့် မှန်စွာတည်း။

## စိတ်ကို ဖြူစင်စေသည့် နည်းခြောက်ပါး

မဲသည့်စိတ်ကို၊ ဖြူစေလိုသော်၊ ထိုထိုအာရုံ၊ ညစ်မျိုးစုံနှင့်၊ မကြုံတွေ့စေ၊ မမွေ့စေဘဲ၊ ပြောင်းလေဖုံဖုံ၊ ကောင်းအာရုံတည့်၊ နှလုံပဋိ၊ ဉာဏ်ချိန်ညှိလော့၊ ပို့ဘိမေတ္တာ၊ သမထာနှင့်၊ ပွားရာဝိပဿ၊ နည်းခြောက်ရပ်တွင်၊ သင့်မြတ်ရာသုံး၊ ဖြူစိတ်ဖုံးသည်၊ သက်လုံးချမ်းသာလိမ့်မည်တည်း။

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# သစ်တုံးဥပမာ ဒေသနာ

## ဒုတိယပိုင်း

၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊
သင်္ကြန်အတက်နေ့

သာသနာတော်နှစ် ၂၅၃၇ ခုနှစ်၊ မြန်မာ ၁၃၅၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ ၁၉၉၅ ခုနှစ် ဧပြီလ ၁၆ရက်၊ သင်္ကြန်အတက်နေ့ ညနေ ၃ နာရီနဲ့ ၇ မိနစ် အချိန်မှာ ဘုန်းကြီးတို့ တရားပွဲစပါတယ်။

ဟောရမည့်တရားက ဘာပါလိမ့်။ (သစ်တုံးဥပမာ ဒေသနာပါဘုရား)။ ဟုတ်ကဲ့လား၊ မနေ့က အကြမ်းဖျင်း သဘော ပြောပြီးပြီနော်။

ဂင်္ဂါမြစ်ညာက မျောလာတဲ့သစ်တုံးကို မြတ်စွာဘုရား က လက်ညှိုးထိုးပြပြီးတော့ တပည့်ရဟန်းများကို အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



သစ်တုံးကို ဥပမာပြုပြီး ဒေသနာတထုံး ဟောတော်မူတယ်။ ဒီသစ်တုံးဟာ ဒီဘက်ကမ်းလဲမကပ် ဟိုဘက်ကမ်းလဲမကပ် ကုန်းပေါ်လဲမတင် လူလဲမဆယ် နတ်လဲမဆယ် ဝဲဝယ်မမြုပ် မဆွေးမပုပ်ရင် ဂင်္ဂါမြစ်ရေယဉ်ကြောအတိုင်း မျောမှာဖြစ်တဲ့ အတွက် သမုဒ္ဒရာဆီကို ရောက်မှာ မုချပဲ။ ဘာကြောင့်လဲ ဆိုတော့ ဂင်္ဂါမြစ်ရေအယဉ်က သမုဒ္ဒရာဆီ ဦးတည်စီးနေလို့ ပေါ့။ ထို့အတူပဲ ရဟန်းဟာလဲ ဒီဘက်ကမ်း မကပ် ဟိုဘက် ကမ်း မကပ် ရေလယ်မမြုပ် သောင်ကုန်းမတင် လူပင်မဆယ် နတ်မဆယ်ဘဲ ဝဲဝယ်မမြုပ် မဆွေးမပုပ်ရင် နိဗ္ဗာန်တည်း ဟူသော သမုဒ္ဒရာကို ရောက်မယ်။ ဘာကြောင့်လဲလို့ဆိုတော့ သမ္မာဒိဋ္ဌိခေါ်တဲ့ အမှန်သိ၊ အမှန်မြင်မဂ္ဂင်ဟာ နိဗ္ဗာန်ဆီ ညွှတ်နေ ကိုင်းနေ ရှိုင်းနေလို့၊ နိဗ္ဗာန်ဆီ ဦးတည်နေလို့ပဲ။ ဒီမှာ ဥပမာနနဲ့ ဥပမေယျ ဆက်စပ်ပုံကို နားထွေးမသွားအောင် သတိထား ရမယ်။

## ဥပမာနနှင့် ဥပမေယျဆက်စပ်ပုံ

ဒီဒေသနာတော်မှာ သစ်တုံးနဲ့သတ္တဝါကို ဥပမာ ပြုတယ်၊ ဂင်္ဂါမြစ်ထဲမှာ သမုဒ္ဒရာဆီ ဦးတည်ပြီး စီးနေတဲ့ ရေကြောနဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဥပမာပြုတယ်၊ ဒီဘက်ကမ်း ကပ်ခြင်း ဟိုဘက်ကမ်းကပ်ခြင်းစတဲ့ အပြစ်ရှစ်ပါး ဖြစ်တာနဲ့ အတွင်းအာယတန အပြင်အာယတနစသည်ကို အကြောင်းပြု

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိလေသာဖြစ်တာကို ဥပမာပြုတယ်၊ အတွင်း အာယတန အပြင်အာယတန အကြောင်းပြုပြီး ကိလေသာ ဖြစ်ရင် သစ်တုံးဟာ ဒီဘက်ကမ်း ဟိုဘက်ကမ်း တင်သလို ရဟန်းဟာလဲပဲ ကမ်းတင်နေပေလိမ့်မယ်။ ဘာကြောင့်လဲ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မမျောတဲ့အတွက် နိဗ္ဗာန်တည်း ဟူသော သမုဒ္ဒရာကို မရောက်နိုင်လို့။ ဒါကို ဥပမာပြုတယ်။

တချို့ဒေသနာတော်မှာ မြတ်စွာဘုရားက သံသရာ ဝဋ်ဆင်းရဲကို သမုဒ္ဒရာနဲ့ ဥပမာပြုတယ်။ နိဗ္ဗာန်ကို သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းနဲ့ ဥပမာပြုတယ်။ ဒီဒေသနာတော်မှာတော့ နိဗ္ဗာန်ကို သမုဒ္ဒရာနဲ့ ဥပမာပြုတယ်။ နိဗ္ဗာန်ဆီ ဦးတည်နေတဲ့ မဂ္ဂင်ရှစ်ပါးကိုတော့ သမုဒ္ဒရာဆီ စီးသွားတဲ့ ဂင်္ဂါမြစ်ရေအယဉ်နဲ့ ဥပမာပြုတယ်။

## ကမ်းကပ်ပုံ

ဒီတော့ ပထမဆုံး မျက်စိ နား နှာ လျှာ ကိုယ် စိတ်ဆိုတဲ့ အတွင်းအာယတနခြောက်ပါး၊ အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာ သဘောဆိုတဲ့ အပြင်အာယတန ခြောက်ပါး အဲဒါတွေကို အကြောင်းပြုပြီး သတ္တဝါရဲ့သန္တာန်မှာ လောဘ ဒေါသစတဲ့ ကိလေသာတွေ ဝင်ကပ်တာကို ဒီဘက် ကမ်း ဟိုဘက်ကမ်းကပ်တယ်လို့ မြတ်စွာဘုရားက ဥပမာ ပြုတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အခု ရဟန်းတွေက တရားနာနေကြတာ ဆိုတော့ ရဟန်းတွေကို ပဓာနထားတာဖြစ်လို့ ရဟန်းရဲ့ အတွင်းအာယတနခြောက်ပါး အပြင်အာယတနခြောက်ပါး အကြောင်းပြုပြီး လောဘ ဒေါသ မောဟ စတဲ့ ကိလေသာ ဖြစ်ရင် အဲဒါ ဟိုဘက်ကမ်းကပ် ဒီဘက်ကမ်းကပ်တယ်လို့ ဆိုရတယ်။ ဒီလို ရဟန်းတော်များကို ပဓာနထားပြီး ဟောသော်လဲပဲ တခြားတခြား ပုဂ္ဂိုလ်တွေကော မပါဘူးလား။ (ပါပါတယ်ဘုရား။) ပါတယ်။ အားလုံး အတွက်ပဲ။

အမှန်တော့ အဲဒီနေရာမှာ တရားနာနေကြတာက ရဟန်းတော်တွေတင် မဟုတ်ဘူး။ အခွင့်ကောင်းကြုံတာနဲ့ ရလာတဲ့ အခွင့်အရေးကို လက်မလွှတ်တမ်း ဖမ်းယူတတ်တဲ့ နွားကျောင်းသားတယောက်ကလဲ မလှမ်းမကမ်းက နွားကျောင်း တဲ့ဒုတ်ထောက်ပြီး ကျကျနန အာရုံစိုက် တရားနာနေတယ်။ မြတ်စွာဘုရား သံဃာတော်တွေနဲ့ ဒေသစာရီ ကြွချီတော်မူ လာတယ် လို့ ကြားသိကြတဲ့အတွက် လာပြီးဖူးမြော်ကြတဲ့ လူ ဒကာ ဒကာမတွေလဲ တရားနာနေကြမှာပါပဲ။ ဒါဟာ သဘာဝပဲ။ ကျမ်းဂန်ကတော့ ဒါလောက် စေ့စေ့စပ်စပ် ဖော်ပြနေဖို့ မလိုဘူးပေါ့။

ဒီနေရာမှာ အတွင်းအာယတနဖြစ်တဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို အကြောင်းပြုပြီး ကိလေသာဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တယ်ဆိုတာကို အဋ္ဌကထာက နမူနာလေး ဖွင့်ပြထားတယ်။

ဘယ်လိုလဲလို့ဆိုတော့ မျက်စိအကြောင်းပြုပြီး ကိလေသာ ဖြစ်တယ်ဆိုတာ ကိုယ့်မျက်စိက အင်မတန် ကြည်ကြည်လင်လင်ရှိလို့ တစုံတခုကို ကြည့်လိုက်တဲ့အခါ ရှင်းရှင်းလင်းလင်း မြင်ရတော့ 'ငါ့မျက်စိက သိပ်ပြီးတော့ မြင်အားကောင်းတာ၊ အဝေးကြီးကဟာတောင် ငါ့မျက်စိက မြင်နိုင်တယ်' လို့ တွေးမိပြီး မိမိမျက်စိရဲ့ အမြင်ကြည်လင်မှု မြင်အားကောင်းမှုကို အကြောင်းပြုပြီး မျက်စိပေါ် သာယာတပ်မက်တဲ့ လောဘကိလေသာဝင်တယ်။ 'ငါ့မျက်စိက သူများမျက်စိနဲ့ မတူဘူး၊ အဝေးကြီးကဟာတောင် လှမ်းမြင်နိုင်တယ်' လို့ စဉ်းစားမိတော့ မာနကိလေသာဝင်တယ်၊ မျက်စိအကြောင်းပြုပြီး ငါလို့ စွဲလမ်းတော့ **အတ္တဒိဋ္ဌိ**၊ ငါ့မျက်စိလို့ စွဲလမ်းတော့ **အတ္တနိယ**အယူမှား။ အဲဒီလို စသည်ဖြင့် မြင်စိတ်ကို မရှုမိတဲ့အတွက် တဏှာ လောဘ မာန ဒိဋ္ဌိ ကိလေသာတွေ ဝင်လာကြတယ်။ ဒါကိုပဲ ဒီဘက်ကမ်း ကပ်တယ်လို့ မြတ်စွာဘုရား မိန့်တော်မူတယ်။

တချို့ကျတော့ ကိုယ့်မျက်စိက မှုန်နေလို့ အနီးအပါး အရာတောင် ကောင်းကောင်း မမြင်ရဘူး။ ဒီခါကျတော့

www.burmeseclassic.com

www.burmeseclassic.com



'ဒီမျက်စိကြောင့် ခက်တာပါပဲ၊ အဝေးမပြောနဲ့ အနီးကဟာ တောင်မှ သဲသဲကွဲကွဲ မမြင်ရဘူး။ ခက်လိုက်တာနော်။ ဒုက္ခပါပဲ' လို့ ညည်းညူတတ်ကြတယ်။ အဲဒါ ဝမ်းသာတာလား ဝမ်းနည်းတာလား။ (ဝမ်းနည်းတာပါဘုရား။) ဝမ်းနည်းတော့ သူ့ကို ဘာကိလေသာ ခေါ်မလဲ။ (ဒေါသကိလေသာပါဘုရား၊) ဆုတ်နစ်သောဒေါသ တက်ကြွသောဒေါသ အဲဒီနှစ်မျိုးအနက် က ဆုတ်နစ်သောဒေါသပေါ့။ စိတ်ဆင်းရဲခြင်း စိတ်မချမ်း သာခြင်း ဝမ်းနည်းခြင်း စိတ်မကောင်းခြင်း ဆိုတာတွေဟာ ဆုတ်နစ်သော ဒေါသကိလေသာတွေပေါ့။ မရှုမိရင် အဲဒီ ကိလေသာတွေလဲ မျက်စိအကြောင်းပြုပြီးတော့ ဝင်တတ် တာပဲ။ အဲဒါလဲ ဒီဘက်ကမ်းကပ်တာပဲ။

ဒီတော့ အဲဒီမျက်စိ အကြောင်းပြုဖြစ်တာမှာ ငါ ငါ့မျက်စိ ဆိုတဲ့ အယူအစွဲက ပဓာနဖြစ်နေတယ်။ ငါ့မျက်စိ သူများမျက်စိ မဟုတ်ဘူး။ ဒါကြောင့် သူများထက် ပိုပြီး ကြည်လင်တယ်၊ အမြင်သန်တယ်လို့ စွဲကြတယ်။ တချို့ ကျတော့ ဒီမျက်စိကြောင့် ဒုက္ခပါပဲ၊ ဘာမှလဲ ကောင်းကောင်း မမြင်ရဘူး၊ စာကလေးဖတ်ချင်တာတောင်မှပဲ သဲသဲကွဲကွဲ မမြင်တာနဲ့ မဖတ်နိုင်ဘူး၊ တော်တော် ဒုက္ခရောက်တယ်လို့ စိတ်ပျက်ကြပြန်တယ်။ အဲဒီလို စိတ်ဆင်းရဲတာဟာ ငါ့မျက်စိ လို့ ယူစွဲတဲ့အတွက် ဖြစ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မျက်စိကို ငါလို့လဲစွဲတယ်၊ ငါ့မျက်စိလို့လဲ စွဲတယ်၊ ငါအဝေးကြီး လှမ်းမြင်ရတယ်၊ ငါဖြင့် ကြည့်လို့ကို မကောင်းပါဘူး၊ စာတောင် မဖတ်နိုင်ဘူး။ ဒီတော့ အဲဒါက မျက်စိကို ငါလို့ စွဲတာ၊ **အတ္တဒိဋ္ဌိ**၊ **သက္ကာယဒိဋ္ဌိ**လို့ ခေါ်တယ်၊ အဲဒါ **ဒိဋ္ဌိစွဲ**။ ငါ့မျက်စိက သိပ်ကောင်းတာလို့ မျက်စိကို သာယာနှစ်သက်တော့ **တဏှာစွဲ** ခေါ်တယ်။ တခါ ငါက သူများထက် ပိုပြီးတော့ အမြင်သန်တယ်၊ ဘယ်လောက် ဝေးဝေး ငါမြင်ရတယ်၊ ငါအခု အသက်ကိုးဆယ်ကျော်ပြီ၊ ဘယ်လောက် စာလုံးသေးသေး ငါဖတ်နိုင်သေးတယ်၊ အဲဒါကျတော့ **မာနစွဲ** ပေါ့။ မျက်စိအကြောင်းပြုပြီးတော့ စိတ်နေမြင့်မသွားဘူးလား၊ အဲဒီ မြင့်သွားတာ **မာနစွဲ**။ **ဒီတဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ** သုံးပါးကို **ပပဉ္စတရား**လို့ ခေါ်တယ်၊ ဘာခေါ်တဲ့တုံး။ (ပပဉ္စ တရားပါဘုရား။)

## ပပဉ္စတရားဆိုတာ

ပပဉ္စတရားတဲ့၊ **ပပဉ္စဆိုတာ သံသရာချဲ့တတ်တဲ့ တရားတွေ သံသရာကို ရှည်လျားစေတဲ့ တရားတွေ**၊ ဘဝတိုတိုနဲ့ မဂ်ဖိုလ်နိဗ္ဗာန် မရောက်စေနိုင်ဘူး။ ဒီတရားတွေ ရှိရင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့ရာ ဘဝသံသရာကြီး အရှည်ကြီး သွားရဦးမယ်တဲ့၊ ဒါကြောင့် ဒီတဏှာ မာန ဒိဋ္ဌိတွေကို **ပပဉ္စတရား သံသရာချဲ့တရား**တွေလို့ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကို ငါလို့စွဲတော့ **သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ၊ ဒိဋ္ဌိစွဲ၊** ဟုတ်ကဲ့လား၊ ဘာစွဲခေါ်လဲ **ဒိဋ္ဌိစွဲ**ခေါ်တယ်။ ငါ့မျက်စိ က သိပ်ကောင်းတာ၊ ဟိုမှာ အဝေးကြီးနေတဲ့လူ ငါမြင်ရတယ်၊ နာမည်တောင် ပြောနိုင်သေး၊ သူပန်ထားတဲ့ ပန်းတောင်မှ ဘာပန်းဆိုတာ ငါပြောနိုင်သေးတယ်၊ အဲဒီလောက်ကျအောင် ငါ့မျက်စိက ကောင်းတာ၊ အဲဒါကျတော့ ဘာစွဲလဲ **တဏှာစွဲ၊** မာနစွဲကော မပါဘူးလား။ (ပါပါတယ် ဘုရား။) သူ့မျက်စိက သူများထက်သာတယ်ဆိုတဲ့ အစွဲဟာ **မာနစွဲ**ပေါ့။ ဒီတော့ **တဏှာစွဲ ဒိဋ္ဌိစွဲ မာနစွဲ** သုံးမျိုးလုံး မပါပေဘူးလား။ သူဘယ်ဘက်ကမ်း ကပ်နေပြီတုံး၊ (ဒီဘက်ကမ်းကပ်နေပါ တယ်ဘုရား။)

**အတွင်း အာယတနာ၊ ကိလေသာ၊ ဖြစ်လာ**
**ဒီကမ်း ကပ်တော့သည်။**

ဒီမှာစကားကြုံလို့ အဋ္ဌကထာဖွင့်တာလေး နည်းနည်း ထည့်ပြောတာပါ။ တခြားအစွဲကော မစွဲဘူးလား။ (စွဲပါတယ် ဘုရား။)

အခုခေတ်မှာ ခေတ်အားလျော်စွာ နှစ်သက်စရာအဖုံဖုံ ကာမဂုဏ်အာရုံတွေက ပိုများတော့ အစွဲတွေ ပိုပြီးများကြ တယ်။ တချို့များ ကိုယ့်ခန္ဓာကိုယ်က အဆီများပြီး ဝနေလို့

www.burmeseclassic.com



ကြည့်မကောင်းတော့ ကြည့်ကောင်းအောင် သေးသေးသွယ်သွယ်လေး ဖြစ်အောင် အစာအငတ်ခံပြီး လျှော့စားကြရတယ်၊ ပိန်ဆေး စားကြရတယ်၊ လေ့ကျင့်ခဏ်း အမျိုးမျိုး လုပ်ကြရတယ်၊ အအိပ်တွေ လျှော့ကြရတယ်။ အဲဒီလောက် ကြိုးစားကြလို့ အရင်ကလောက် မဝတော့ဘဲ နည်းနည်း ပိန်သွားရင်ပဲ မှန်ထဲမှာ ကိုယ့်ခန္ဓာကိုယ်ကို တကြည့်ကြည့်နဲ့ ပီတိတွေ ဖြစ်နေကြတယ်။ ဒီဘက်ကမ်း ကပ်နေကြတာပေါ့။ ကိုယ်ဖြစ်ချင်သလို ပိန်မသွားပဲ ဝမြဲဝနေပြန်ရင်လဲ စိတ်မချမ်းသာပြန်ဘူး။ ဒါလဲ ဒီဘက်ကမ်း ကပ်တာပဲ။

တချို့ကျတော့လဲ မွေးရာပါ အမေပေးတဲ့ မျက်စိနဲ့ မတင်းတိမ် မကျေနပ်သေးဘဲ ပိုပြီးလှချင်ကြတော့ မျက်တောင်ကော့အောင် လုပ်ကြရတယ်၊ မျက်တောင် ငှားတပ်ကြရတယ်။ မျက်လုံးပိုကျယ်လာသယောင် ထင်ရအောင် မျက်လုံးပတ်လည်မှာ အမဲရောင်ချယ်ကြတယ်။ ဒါတွေလဲ ဒီဘက်ကမ်း ကပ်နေကြတာပဲ။ တချို့ကျတော့လဲ ပိတုန်းရောင်ကေသာခေါ်တဲ့ မည်းနက်ပြောင်ချောနေတဲ့ ဆံပင်လှလှလေးတွေကို အလှပြင်ဆိုင်သွား၊ ခေါင်းကို မီးပူအုပ်ဆောင်း ဆောင်းကာ ပြောင်းဖူးမွေးလို ခြောက်သယောင်းပြီး ကွေးကောက်နေအောင် ပြုပြင်ကြတယ်။ တကယ့် ဒုက္ခကြီးပဲ။ ဒါလဲ ဒီဘက်ကမ်းကပ်တာပဲ။ ကာယဒွါရ ကာယာယတနခေါ်တဲ့ ခန္ဓာကိုယ်ကြီး အကြောင်းပြုပြီး ကိလေသာ အဝင်ခံကြရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ အတွင်းအာယတနခြောက်ပါးကို အကြောင်းပြုပြီး ကိလေသာ အဝင်ခံရတာဟာ ဒီဘက်ကမ်းကပ်တာပဲ။ မဂ္ဂင်ရေယဉ်ကြော မမျောနိုင်တဲ့အတွက် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို မရောက်နိုင်တော့ဘူး။

အဲဒီလို ဒီဘက်ကမ်းမကပ်ရအောင် ဒီအာယတန ခြောက်ပါးရဲ့ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရေးသုံးပါးကို မြင်အောင် ဝိပဿနာရှုဖို့ အဋ္ဌကထာက ထောက်ပြပါတယ်။ လက္ခဏာရေးသုံးပါးကို သိမြင်ပြီဆိုတော့ မဂ္ဂင်ရှစ်ပါး ဖြစ်ပွား ပြီပေါ့။ ဒီတော့ မဂ္ဂင်ရေယဉ်ကြော မျောနိုင်ပြီဖြစ်တဲ့အတွက် ဘယ်ဘက်ကမ်းမှ မကပ်တော့ဘဲ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်ပြီပေါ့။ ဒါကြောင့် ဘယ်ကမ်းမှ မကပ်ရအောင် ရှုမှတ်နေဘို့ရာ အရေးအကြီးဆုံး ပါပဲ။

အာယတနခြောက်ပါးထဲက နားအကြောင်းပြုပြီး ကိလေသာဖြစ်ပုံကိုလဲ နည်းနည်းပြောရဦးမယ်။ သဒ္ဓါတရား ရှိလို့ တရားသိလိုတဲ့စိတ်နဲ့ ပရိသတ်အလယ်မှာ လာထိုင်ပြီး တရားကို အာရုံစိုက်ပြီး နာပေတဲ့လဲ ကိုယ့်နားက ထိုင်းနေတော့ ဘာမှ ရှင်းရှင်းလင်းလင်း သဲသဲကွဲကွဲ မကြားရဘူး။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



သိချင်တဲ့တရား သေသေချာချာ မသိရတဲ့အတွက် စိတ်မချမ်းသာဘူး။ အဲဒါဟာ ဒီဘက်ကမ်းကပ်တာပဲ။ ဘာကိလေသာဝင်သလဲ၊ ဩော်...ဒေါသကိလေသာဝင်တယ်၊ ဟုတ်ကဲ့လား။ အဲဒီလိုစိတ်ထဲ ဖြစ်နေတုန်း လမ်းပေါ်က ရေပက်ခံကားက သီချင်းတွေအကျယ်ကြီး ဖွင့်ပြီး မောင်းသွားတော့ သီချင်းသံက ကျယ်လို့ ကြားရတယ်၊ ဒီတော့ အမယ် သူတို့သီချင်းကလဲ ကောင်းသားပဲဆိုပြီး နားထောင်နေမိတယ်။ ကဲ ဘာကိလေသာ ဝင်ပြီလဲ၊ (လောဘကိလေသာပါဘုရား။) ဘယ်ဘက်ကမ်းကပ်ပြီလဲ၊ (ဟိုဘက်ကမ်းကပ်ပါတယ်ဘုရား။)

တချို့ကျတော့ ပရိသတ်ထဲသွားတဲ့အခါ စိန်နားကပ်ကြီးပန်သွားတယ်။ အိမ်မှာကတည်းက မှန်ထဲကြည့်ရသေးတယ်။ ငါ့နားကပ် တော်တော်မြင်သာရဲ့လား၊ တော်တော်ထင်ရှားရဲ့လားဆိုတာ သေချာအောင် မှန်ထဲမှာ အထပ်ထပ်ကြည့်ရသေးတယ်။ မပေါ်လွင် မထင်ရှားဘူးဆိုရင် ပေါ်လွင်အောင် ပြုပြင်ပေးရသေးတယ်။ အဲဒီကတည်းက ဘယ်ဘက်ကမ်းကပ်သလဲ။ (ဒီဘက်ကမ်းကပ်ပါတယ်ဘုရား။) ပြီးတော့ ပရိသတ်ထဲမှာ စကားပြောပြန်တော့လဲ ခေါင်းတငြိမ့်ငြိမ့်နဲ့ ပြောရတယ်မဟုတ်လား။ ဘာဖြစ်လို့ အဲလို ပြောရတုံး၊ စိန်နားကပ်ကြီး ဝင်းကနဲ ဝင်းကနဲဖြစ်အောင် မဟုတ်လား။ ဘယ်ဘက်ကမ်းကပ်မတုံး။ (ဒီဘက်ကမ်းပါဘုရား၊) ကမ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



စရာတွေ အများကြီးနော်။ အခုခေတ်ကျမှ ပိုများလာတာနော်။ အဲဒီလို ဒီဘက်ကမ်း ကပ်နေရင်တော့ သမ္မာဒိဋ္ဌိ မဂ္ဂင်ရေယဉ်ကြော မမျောတော့တဲ့အတွက် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို မရောက်တော့ဘူး။

တရားအားထုတ်နေတဲ့ ယောဂီတယောက် ဆိုပါစို့။ ကျောင်းထဲမှာ ကိုယ်ကယောဂီဆိုတော့ ကြွတယ် လှမ်းတယ် ချတယ်လို့ ရှုမှတ်သွားတယ်၊ နှင်းဆီပန်းတွေကလဲ ဟိုနားစိုက် ဒီနားစိုက်နဲ့၊ နှင်းဆီပွင့်နားရောက်လို့ အမွှေးနံ့က နှာခေါင်းထဲ တိုးလိုက်တော့ အမယ်...ဒီနားမှာ ပန်းရှိတယ်ထင်ပါရဲ့၊ ဟော.. လှည့်ကြည့်လိုက်တယ်။ ဘာတွေ့တုံး၊ (ပန်းတွေ့ပါတယ်ဘုရား။) မျက်စိလုံလို့ပေါ့၊ (မဟုတ်ပါဘုရား။) ရုတ်တရက် မရှုမှတ်မိဘဲ ကြည့်လိုက်မိတယ်ပေါ့။ ယောဂီအနေနဲ့က အမွှေးနံ့ ဝင်လိုက်တာနဲ့ လှမ်းကြည့်ရမလား ဘာလုပ်ရမှာလဲ။ (ရှုမှတ်ရမှာပါဘုရား။) ဘယ်လို ရှုမှတ်ရမှာလဲ။ (မွှေးတယ် မွှေးတယ်ပါဘုရား။) ရှုမှတ်ရမှာ ဟုတ်တယ် မဟုတ်လား။ 'မွှေးတယ် မွှေးတယ်' ရှုမှတ်လို့ အမွှေးနံ့ မပျောက်ဘဲ ကြည့်ချင်စိတ် ပေါ်ရင် 'ကြည့်ချင်တယ် ကြည့်ချင်တယ်' ရှုရမှာ၊ လှမ်းကြည့် ရမှာ မဟုတ်ဘူး။ အဲ...ကြည့်ချင်စိတ် ပျောက်သွားပြီ ဆိုရင် တော့ လှမ်းကြည့်မိပါဦးမလား။ မကြည့်မိတော့ဘူး။ တကယ် လို့ ကြည့်ချင်စိတ်က မပျောက်ရင် ကြည့်မိသွားမှာပဲ။ အဲ...

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိရင်တော့ ဘယ်လိုရှုရမှာတုံး၊ (မြင်တယ် မြင်တယ် ရှုရမှာပါဘုရား။) ကြည့်တယ်လို့ မရှုရဘူးပေါ့၊ ကြည့်တယ်လို့ မရှုရဘူးလား။ မြင်တယ်ဆိုတာ မကြည့်ဘဲနဲ့ မြင်ပါ့မလား၊ (မမြင်ပါဘုရား။) ကြည့်လို့မြင်တာ မဟုတ်လား၊ အဲဒီတော့ ကြည့်တာ အရင်ရှုရမလား၊ မြင်တာ အရင်ရှုရမလား။ (ကြည့်တာ အရင်ရှုရမှာပါဘုရား။) ကြည့်တယ် ကြည့်တယ် ရှုရမှာပေါ့၊ မြင်တော့လဲ မြင်တယ် ရှုရမှာပေါ့။ အဲဒီလို နိုင်အောင်ရှုနိုင်ရင်ဖြင့် အဲဒီနှင်းဆီပွင့်နဲ့နဲ့ ပတ်သက်တဲ့ ကိလေသာ ဝင်ပါ့မလား၊ (မဝင်ပါဘုရား။) မဝင်ဘူး။ နိုင်အောင် မရှုနိုင်ရင်ဖြင့် ဝင်မှာပဲ။

အဲဒီလို နိုင်အောင် မရှုနိုင်တဲ့ အခါကျတော့ ဟယ်... လှလိုက်တာနော် နှင်းဆီပွင့်လေး၊ အဖြူရောင်လေး ယဉ်ယဉ် ကလေးနဲ့ လှလိုက်တာလို့ စဉ်းစားမိတော့ အဲဒီနှင်းဆီပွင့် ခူးချင်တဲ့စိတ်က နောက်ကပါလာပြီ။ ဘာလုပ်ဖို့ ခူးချင်တာလဲ။ ဘုရားတင်ဘို့လား၊ ဘုရားတင်ဘို့စိတ်က အရင်ဖြစ်ပါ့မလား၊ ကိုယ့်ခေါင်းပန်ဘို့စိတ်က အရင်ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား။ ခေါင်းပန်ဘို့စိတ်က ငါများ ပန်လိုက်ရရင်တော့ သိပ်လှသွားမှာပဲ၊ ပြီးတော့မှ သတိရပြီး ဟယ်..ငါ့ ဥပုသ်ကြီးနဲ့ပါလား။ (ရယ်သံများ)၊ သြော်...ဟုတ်ကဲ့လား။ အဲဒီအခါကျမှ ကပျာကယာ ရှုမှတ်တယ်။ မြင်တယ်မြင်တယ်လို့ ရှုမှတ်တယ်။

www.burmeseclassic.com



ပြီးတော့ ကိုယ့်စိတ်ကိုယ် ပြန်ပြင်ရတယ်၊ အေး..ဘုရားတင် ဘို့က ကောင်းပါတယ်၊ ဥပုသ်သည်ဆိုတာ အထူးသဖြင့် ယောဂီဆိုတာ ရုပ်လှဖို့ မလိုပါဘူး၊ သပ်သပ်ရပ်ရပ်ကလေး ရှိရင်ပြီးတာပါပဲ။ အရေးကြီးတာက စိတ်လှဖို့ စိတ်ထဲမှာ ကိလေသာ အညစ်အကြေးမတင်ဘဲ စိတ်ကလေး ဖြူစင်နေ ဘို့ပဲ အရေးကြီးပါတယ်။ အဲဒီ စိတ်ဖြူဘို့ပဲ တရားအားထုတ် နေကြရတာ။ ယောဂီ ဆိုတာ အဲဒီလို အမြဲ သတိကပ်နေရ တယ်။ ဒါကြောင့် ဒီယောဂီ ကိုယ့်ကိုယ်ကို ယောဂီ ဆိုတာ သတိရပြီး ယောနိသောမနသိကာရ သင့်တင့်အောင် နှလုံး သွင်းနိုင်တဲ့အတွက် လှချင်တဲ့ အကုသိုလ်စိတ် ပျောက်ပြီး တရားသိချင်တဲ့စိတ်နဲ့ မြင်တယ် မြင်တယ်လို့ ထပ်ခါ ထပ်ခါ ရှုမှတ်တယ်။ ဒီတော့ နှင်းဆီပန်းဆိုတဲ့ မြင်ရတဲ့ အဆင်းအာရုံ ပေါ်မှာ မြင်ရုံမြင်ရုံမျှပဲ စိတ်ဖြစ်ပြီး ကိလေသာမဝင်ဘဲ ငြိမ်းနေတော့ ဒီဘက်ကမ်း ဟိုဘက်ကမ်း မကပ်တော့ဘူး။ ဒီတော့ ဒီယောဂီဟာ မဂ္ဂင်ရေယဉ်ကြော မျောနိုင်ပြီဖြစ်တဲ့ အတွက် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ရောက်ဖို့ ဦးတည် နေပြီ၊ ဒီအတိုင်းသာ သတိမပြတ် ရှုမှတ်သွားရင် ရောက်တော့ မှာ သေချာနေပြီ။

## သတိထားစရာကလေးတခု

ဒီနေရာမှာ ပန်းပန်တာနဲ့စပ်လို့ စိတ်ထဲပေါ်လာတဲ့ သတိထားစရာလေးတခု ပြောချင်ပါတယ်။ တရားနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



မဆက်စပ်ဘူး ဆိုကြပါစို့။ ဟို အမေရိကမှာလေ အီလီနွိုက် ပြည်နယ်မှာ ရှန်ပိန်းတက္ကသိုလ်ဆိုတာ ရှိတယ်။ မြန်မာ ကျောင်းသား တော်တော်များများ အဲဒီမှာ ပညာသင်ကြတယ်။ အဲဒီတက္ကသိုလ်က ပါမောက္ခတယောက်၊ မြန်မာနာမည် ဦးမြတ်မင်းထင်ပါရဲ့၊ အမေရိကန်လူမျိုး ပါမောက္ခပါ။ သူ့အမျိုးသမီးက အမေရိကန် အမျိုးသမီး၊ တခြား အမေရိကန် အမျိုးသမီးတွေလို သူက အရပ်မမြင့်ဘူး၊ အရပ်မနိမ့် မမြင့် ဆိုကြပါစို့။ သူတို့က ဗမာပြည် ချင်းတောင်တွေပေါ်မှာ လေးငါးခြောက်နှစ်နေပြီး အဲဒီ ပါမောက္ခက ချင်းလူမျိုးစု စကားတွေကို ဘာသာဗေဒနည်းအရ သေသေချာချာ လေ့လာ ခဲ့တယ်။ ဒါကြောင့် ဗမာစကားလဲ ပြောတတ်တယ်။ ချင်းစကားလဲပဲ ချင်းစကား အမျိုးပေါင်း တော်တော်များများ ပြောတတ်တယ်။ အဲဒီလိုနေလာတော့ သူ့အမျိုးသမီးက မြန်မာ့ ယဉ်ကျေးမှုကို သိပ်ပြီးသဘောကျလာခဲ့တယ်။ အခု သူတို့ အမေရိကကို ပြန်ပြီး အဲဒီရှန်ပိန်း တက္ကသိုလ်မှာပဲ အလုပ်လုပ် နေကြတယ်။

ဘုန်းကြီး ၁၉၈၂ ခုနှစ်မှာ ဝါရှင်တန်မြို့ မင်္ဂလာရာမ ကျောင်းမှာ ဝါဆိုတဲ့အခါမယ် အဲဒီတက္ကသိုလ်က ပါမောက္ခ ဒေါက်တာဦးရန်နိုင်လွင်က ပင့်လို့ သွားပြီး တရားဟော တရားပြရပါတယ်။ အခုနပြောခဲ့တဲ့ အမျိုးသမီးလဲ တရားဝင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အားထုတ်ပါတယ်။ အဲဒီအမျိုးသမီးက အမြဲတမ်း မြန်မာလိုဝတ်တယ်။ မြန်မာလိုဝတ်ပြီးတော့ ဆံပင်ကို မြန်မာလို နောက်တွဲထုံး ထုံးတယ်လေ။ ပြီးတော့ အမြဲတမ်း သူ့ခေါင်းမှာ ပန်းတပွင့် ပန်ထားတယ်။ သူ ပန်းပန်တာဟာ ခေါင်းပေါ် တည့်တည့်က မပန်ဘူး၊ ခေါင်းဘေး ခပ်ကျကျက ပန်လေ့ရှိတယ်။ ဘယ်ခါကြည့်လိုက် ကြည့်လိုက် ပန်းပန်လျက်သားပဲ တွေ့ရတယ်။ အဲ...သူ့ကို နောက်ကနေ ကြည့်လိုက်ရင် မြန်မာအမျိုးသမီးပဲ၊ မျက်နှာကလဲ သိပ်ပြီးတော့ အမေရိကန် မဆန်လှပါဘူး။ အဲ... အရှေ့တိုင်းမျက်နှာမျိုးပဲ။ ဘယ်ခါပဲဖြစ်ဖြစ် အမြဲတမ်း မြန်မာလုံချည်နဲ့ အင်္ကျီပဲ ဝတ်တယ်။ အင်္ကျီတောင်မှ ရင်ဖုန်းအင်္ကျီနဲ့ ရှေးကလို ဝတ်တာ။ ဘုန်းကြီးက အမြဲတမ်း ပန်းပန်တာလားလို့မေးတော့ အမြဲတမ်း ပန်းပန်တာပါတဲ့။ ဘာဖြစ်လို့ ပန်တာလဲဆိုတော့ 'မိန်းမလှ ပန်းပန် တပွင့်တန်' လို့ သူကပြောတယ်။ သူပန်းပန်တာ တော်သလို ပန်လိုက်တာ မဟုတ်ဘူး၊ အပေါ်တည့်တည့်က မထိုးဘူး၊ သူက ခပ်စောင်းစောင်းက ထိုးတာ၊ ရှေးက ယဉ်ကျေးတဲ့ မြန်မာအမျိုးသမီးကြီးများ ပန်းပန်သလိုပေါ့။ ဘုန်းကြီးကလဲ သူ့ကို သေသေချာချာ လေ့လာမိတယ်။ (ရယ်သံများ။) သူက ကိုယ့်ယောဂီကိုး၊ ပြီးတော့ ရားရားပါးပါး မြန်မာ့ယဉ်ကျေးမှုကို နှစ်ခြိုက်တဲ့ အမေရိကန်အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စိတ်ဝင်စားစရာလဲ ကောင်းတယ်၊ အသက်ကတော့ လေးဆယ်လောက်ရှိမယ် ထင်ပါတယ်။

ဟိုအချိန်က သူတို့ အမေရိကကို ပြန်တဲ့အခါကျတော့ သင်္ဘောနဲ့ ပြန်ရတာတဲ့။ အမေရိကရောက်လို့ သင်္ဘောပေါ်က ဆင်းလိုက်တဲ့အခါ အဲဒီက မိန်းကလေးတွေ ဂါဝန်တိုနံ့နံ့လေးတွေနဲ့ ဒူးပေါ်ပေါင်ပေါ် တွေ့လိုက်ရတော့ ရှက်လိုက်တာတဲ့။ သူက မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ အုပ်ပြီးတော့ ရှက်တာ သရုပ်ပေါ်အောင် အမူအရာနဲ့လဲ ပြတယ်။ ဒါဖြင့် အဲဒီတုန်းက ရှက်တော့ အခုရော ရှက်သေးလားလို့ မေးတော့ အခုပိုရှက်တာ ပေါ့တဲ့၊ အဲဒီအမျိုးသမီးက အဲလို ပြောတယ်။ ဒါကြောင့် ဘုန်းကြီးက တခု စဉ်းစားမိတယ်၊ ဒီအမျိုးသမီး အခုအချိန် မြန်မာပြည် ပြန်ခေါ်ပြီး ပြလိုက်ရင် ဘယ့်နှယ့်နေမလဲလို့။ အင်း..မြန်မာမတွေ ပြလိုက်ရရင် ဘယ့်နှယ့်နေမလဲ၊ သူ ပြောမှာပဲထင်တယ်၊ အမေရိကန်တင် မဟုတ်ဘူး မြန်မာပြည် မှာလဲ ရှက်စရာတွေပါလားလို့ သူပြောမှာပဲ၊ မဟုတ်ဘူး လား။ ဗမာပြည်မှာလဲ အခုရောဂါတွေ ထကုန်ပြီ မဟုတ်လား။ အနောက်တိုင်းရောဂါတွေ ကူးကုန်ပြီ။ အဲဒီရောဂါတွေ ကူးတာ တောင် လွန်လှပြီ၊ ဟို ရောဂါတွေပါ ကူးရင်တော့ ဒုက္ခပါပဲ။ (ရယ်သံများ)၊ မဟုတ်ဘူးလား။ (မှန်လှပါဘုရား။) အင်း.. တရားကလဲ ဘယ်ရောက်သွားလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဩော်…ပန်းပန်တာ၊ အေး ဟုတ်ပြီ၊ ကဲ တရားပြန်ကောက်ကြစို့။ ဒီတော့ အဲဒီလို မြင်မြင်ချင်း ပန်ချင်တဲ့စိတ်ဖြစ်တယ်၊ မပန်ရရင် စိတ်မချမ်းသာတဲ့ ဒေါမနဿဖြစ်တယ်ဆိုတာ ဒီဘက်ကမ်းကပ်တာ။ မကပ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဘာကြောင့်ကပ်သလဲ။ မရှုမှတ်လို့ မဟုတ်ဘူးလား။ မြင်တယ် မြင်တယ်လို့ မြင်မြင်ချင်း ရှုမှတ်ရင် ရှုမှတ်တဲ့စိတ်ကအားကောင်းသွားတော့ ဟို မြင်တဲ့စိတ်က အားသေးသွားတယ်။ မြင်တဲ့စိတ်က အားသေးသွားတော့ အဲဒါကို ပန်းပွင့်လို့ မြင်ဦးတော့၊ နှင်းဆီပွင့်ပဲ လှတယ် မလှဘူး အဲဒီအထိ စိတ်ကမရောက်တော့ဘူး။ ပိုပြီး ရှုမှတ်မှုအားကောင်းလာတော့ ပန်းပွင့်လို့တောင် ပုံသဏ္ဌာန်ပညတ် နာမပညတ် စိတ်ထဲ မပေါ်တော့ဘူး၊ မြင်စရာတခုခုကို မြင်ရုံမျှပဲ မြင်တဲ့သဘောမျှပဲ သိရတယ်၊ အဲဒီတော့ မြင်တယ် မြင်တယ် မှတ်တိုင်း မြင်တယ်လို့ ရှုတဲ့စိတ်က မြင်စိတ်ကို သွားပြီးတော့ နှောက်ယှက်တာကိုး၊ နှောက်ယှက်တော့ မြင်စိတ်က သူမြင်ရတဲ့ အာရုံကို ပီပီသသ သူ မမြင်ရတော့ဘူး။ ပီပီသသ မမြင်ရဘဲ ဝါးတားတားပဲ မြင်ရတော့ ပန်းဆိုတဲ့ ပုံသဏ္ဌာန် တောင် မတွေ့ရတော့ဘူး။ ဒီတော့ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း **န နိမိတ္တဂ္ဂါဟီ ဟောတိ**–မြင်ရတဲ့အဆင်းရဲ့ ပုံသဏ္ဌာန် အကြမ်းဖျင်းတောင် စိတ်ထဲ မပေါ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**နာနုဗျဉ္ဇနဂ္ဂါဟီ ဟောတိ**–ဘာပန်းပွင့်ပဲ လှတယ် မလှဘူး ဆိုတဲ့ အသေးစိတ်သဘောလဲ စိတ်ထဲ မပေါ်တော့ဘူး။ ဒီတော့ မြင်စိတ်ဖြစ်ရုံမျှနဲ့ စိတ်က ရပ်တဲ့ သွားတော့ နှစ်သက်တယ် မနှစ်သက်ဘူးဆိုတာ မဖြစ်တော့ ဘူး။ လိုချင်တယ် မလိုချင်ဘူးဆိုတာလဲ မဖြစ်တော့ဘူး။ ဒါကြောင့် အဲဒီအချိန်မှာ မြင်ရတဲ့အဆင်း အကြောင်းပြုပြီး ဘာကိလေသာမှ မဝင်တော့ ဘူး။ အဲဒီတော့ ဘယ်ဘက်ကမ်းမှ မကပ်တော့ဘူးပေါ့။ ဒါတင် မကသေးဘူး၊ အမြင်ခံအဆင်း မြင်စိတ် မြင်အောင်လုပ်ပေးတဲ့ မျက်စိ ဒီသုံးခုကိုလဲ ခွဲခြားသိရတယ်။ အားထုတ်တဲ့ အတွေ့အကြုံများပြီး သမာဓိကလဲ အားကောင်းနေရင် အဲဒီ သုံးခုတင်မကဘဲ မြင်တာကို ရှုတဲ့စိတ်ပါ ဖြစ်ပြီးပျက်သွားတာ မမြဲတာတွေပါ တွေ့သိသွားပါတယ်။ အဲဒါကိုပဲ အဋ္ဌကထာက (သံ–၄၃၊၈၄) မမြဲ ဆင်းရဲ ပုဂ္ဂိုလ်သတ္တဝါ အတ္တမဟုတ် ဟူသော လက္ခဏာသုံးပါးထင်အောင် ဝိပဿနာရှုလျှင် ဒီဘက်ကမ်း ဟိုဘက်ကမ်း မကပ်ကြောင်း မိန့်တော်မူတာပါပဲ။

## မနာယတနနှင့် ကြံတွေးသိရတဲ့ ဓမ္မာရုံ

ဒီနေရာမှာ စကားချင်းဆက်စပ်နေလို့ သိလွယ်အောင် ကျော်ပြီး မနာယတနနဲ့ ဓမ္မာရုံ(သဘောအာရုံ)အကြောင်း ပြောလိုက်ရဦးမယ်၊ မနာယတနဆိုတာ စိတ်ပါပဲ။ ဓမ္မာရုံ ဆိုတာ ကြံစည်စဉ်းစား တွေးတောထားတဲ့ သဘောအာရုံကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါတယ်။ ဒီတော့ ယောဂီတို့ အားထုတ်တဲ့အခါမှာ စိတ်ထွက်တော့ ထွက်တယ် ရှုတယ်၊ တွေးတော့ တွေးတယ် ရှုတယ်၊ စိတ်ကူးတော့ စိတ်ကူးတယ် ရှုတယ်၊ အဲဒီလို ရှုတဲ့အခါမှာ ခပ်သွက်သွက်နဲ့ တင်းတင်းရင်းရင်း တွေးတယ် တွေးတယ်နဲ့ ဆက်ကာ ဆက်ကာ ရှုလိုက်ရင် ပထမ တွေးစိတ်နဲ့ တွေးတာကို ရှုသိတဲ့စိတ် နှစ်ခုကွဲပြားပြီး သိလာတယ်။ တွေးစိတ်က တခြား၊ ရှုသိစိတ်က တခြားလို့ သိလာတယ်။ ရှုသိစိတ်က ပိုပိုပြီး အားကောင်းလာတော့ တွေးစိတ်က အားနည်းသွားတဲ့အတွက် တွေးချင်တာကို ပုံပေါ်အောင် ပီသအောင် သူ မတွေးနိုင်တော့ဘူး။ မတွေးနိုင်တဲ့ အခါကျတော့ တွေးရတဲ့ အရာဟာ ဘာရယ်လို့ သိသေးလား။ (မသိတော့ပါဘုရား။) အဲဒီလို မသိတော့ တွေးရတဲ့ အရာရဲ့ ဝေါဟာရပညတ် နာမပညတ် မထင်ရှားတော့တဲ့အတွက် ဘာရယ်လို့ မသိတော့ဘူး။

## ပညတ်ဆိုတာ

ဒီနေရာမှာ ခဏရပ်ပြီး ပညတ်အကြောင်း နည်းနည်း ပြောရအောင်။ ပညတ်ဆိုတာ တကယ်ရှိ အဟုတ်ရှိ ပရမတ် သဘာဝအနေနဲ့ရှိတာ မဟုတ်ဘူး။ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထသဘာဝလေးပါးလို တကယ်ရှိ အဟုတ် ရှိတဲ့ သဘာဝ မဟုတ်ဘူး။ ပြောဆိုသုံးနှုန်းရလွယ်ကူအောင်

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့စိတ်ထဲက အရှိအနေနဲ့ အသိအမှတ်ပြုထားလို့ ရှိသယောင်ယောင် စိတ်က ထင်မှတ်ရတဲ့အရာပဲ။ ဥပမာ 'လူ' ဆိုတဲ့ အခေါ်အဝေါ် စကားလုံးဟာ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဆိုတဲ့ အရှိတရားထဲမှာ မပါဘူး၊ သို့သော်လဲ ခြေနှစ်ဖက် လက်နှစ်ဖက် ကိုယ်တခု ခေါင်းတလုံးနဲ့ ပုံသဏ္ဌာန် ကို အများက 'လူ'လို့ ခေါ်ဝေါ် သိမှတ်ထားကြလို့ စိတ်ထဲမှာပဲ 'လူ' ရှိတယ်လို့ ဆိုရတယ်။ တကယ်ရှိတာက ရုပ်ကိုယ်ကြီးနဲ့ စိတ်စေတသိက် ပေါင်းစပ်ထားတာပဲ ရှိတယ်။ တကယ်တော့ 'လူ'ဆိုတာ သီးခြားမရှိဘူး။ ဒါကြောင့် အဲဒီ 'လူ'ဆိုတဲ့ စကားလုံးကို ရုပ်နာမ်အစု ပုံသဏ္ဌာန်တခုကို ခေါ်ဝေါ်သိမှတ်ထားတဲ့ **ဝေါဟာရပညတ် သင်္ကေတပညတ်**လို့ ခေါ်ရတယ်။ ဒါဖြင့်လူပဲ ဒါဖြင့်ခွေးပဲ ဒါဖြင့်နတ်ပဲ ဒါဖြင့်ပန်းပဲ ဒါဖြင့်စားပွဲပဲ လို့ အဲလိုစိတ်ထဲမှာ အသိအမှတ်ပြုထားတာကို ခေါ်တာပါပဲ။ လူပညတ် ခွေးပညတ် နတ်ပညတ် ပန်းပညတ် စားပွဲပညတ် ဆိုကြပါစို့၊ နာမပညတ်တွေပေါ့၊ သင်္ကေတပညတ် ဝေါဟာရ ပညတ်လို့လဲ ခေါ်တယ်။ အဲဒီပညတ်တွေက ဘာအကြောင်း ပြုပြီးတော့ ထင်လာလဲဆိုတော့ **သဏ္ဌာနပညတ်**ခေါ်တဲ့ ပုံသဏ္ဌာန် အကြောင်းပြုပြီးတော့ ထင်လာတယ်။

ဘယ်လိုလဲဆိုတော့– ဆိုကြပါစို့၊ ဒီဘက်မှာ လျှောက် သွားတာ တွေ့လိုက်လို့ ကြည့်လိုက်တယ်၊ ကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ခြေလေးချောင်း ခေါင်းတလုံး အမြီးနဲ့ နားရွက်ထောင်ပြီးတော့ သွားတာတွေ့ရတယ်၊ ဟော...ဒီပုံသဏ္ဌာန်တွေ့ရင် ဘာပဲလို့ စိတ်က သွားသိတုံး၊ ခွေးလို့သိတယ်၊ ပုံသဏ္ဌာန်ကို ကြည့်ပြီး တော့ စိတ်က အသိအမှတ်ပြုထားတဲ့အတိုင်း ခွေးပညတ် ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား) အဲဒီ ခွေးပညတ် ဟာ ဒီပုံသဏ္ဌာန်အကြောင်းပြုပြီး ပေါ်လာတာ၊ ဒီပုံသဏ္ဌာန်ကို မြင်ရင် ခွေးဆိုတဲ့ နာမည်နဲ့ ခေါ်ရမယ်လို့ အားလုံးက အသိအမှတ်ပြုထားတော့ ခွေးလို့ခေါ်ကြရတယ်။ အဲဒါ နာမ ပညတ် ဝေါဟာရပညတ်ပဲ။ ပုံသဏ္ဌာန်နဲ့တကွ ခွေးဆိုတဲ့ နာမည်ပါ စိတ်ထဲ ပေါ်လာတော့ အဲဒါကို ပညတ်ပေါ်တယ်လို့ ခေါ်တယ်။ အဲဒါကိုပဲ **နိမိတ္တဂ္ဂါဟီ**–စိတ်က အကြမ်းဖျင်း ပုံသဏ္ဌာန်ကို ယူတယ်လို့ ဆိုရတယ်။ ဒါကိုပဲ မြတ်စွာဘုရားက တစုံတရာမြင်ရင် အဲဒီ မြင်ရတဲ့အရာရဲ့ ပုံသဏ္ဌာန် အကြမ်းဖျင်း လဲ စိတ်ထဲ ပေါ်မလာစေနဲ့လို့ မိန့်တော်မူတာပါ။ **န နိမိတ္တဂ္ဂါဟီ ဟောတိ** တဲ့။ တကယ်လို့ ပေါ်လာတဲ့ အကြမ်းဖျင်းပုံသဏ္ဌာန် ကို မရှုမှတ်နိုင်ပြန်ရင် အဲဒီ ပုံသဏ္ဌာန်ရဲ့ အသေးစိတ်သဘာဝ တွေပါ ပေါ်လာပြန်တယ်။ အဲဒီတော့ လောဘ ဒေါသစတဲ့ ကိလေသာတွေ ဝင်လာဘို့ရာ အများကြီး အခွင့်သာသွားတယ်။ ဒါကြောင့် မြတ်စွာဘုရားက အသေးစိတ်သဘောတွေလဲ စိတ်ထဲ မထင်လာစေနဲ့လို့ မိန့်တော်မူတယ်။ **နာနုဗျဉ္ဇနဂ္ဂါဟီ ဟောတိ** တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြင် ကြား နံ စား တွေ့ သိ အာရုံ ခြောက်ပါးနှင့် မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုတဲ့ အာယတနခြောက်ပါး တွေ့ဆုံမိရင် ချက်ချင်းပဲ မလွတ် တမ်း ရှုမှတ်နိုင်ဖို့ မြတ်စွာဘုရား မိန့်တော်မူတာပဲ။ အဲဒီလို မရှုမှတ်နိုင်ရင် ဣန္ဒြေမစောင့်စည်းတဲ့ပုဂ္ဂိုလ် ဣန္ဒြိယသံဝရ မရှိတဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်။ အဲဒီလို မစောင့်စည်းတဲ့ပုဂ္ဂိုလ်ဟာ လောဘ ဒေါသ စတဲ့ ကိလေသာ တရားတွေရဲ့ အနှိပ်စက်ခံ ရတယ်။ မြင်ရတဲ့အဆင်းကို မြင်တယ် မြင်တယ်လို့ မရှုမှတ် တဲ့အတွက် အဲဒီမရှုမှတ်တာသည်ပင်လျှင် စက္ခုဣန္ဒြေကို မစောင့် စည်းတာဘဲ။ စောင့်စည်းတယ်ဆိုတာ ကိလေသာ မဝင်ရ အောင် သတိဦးစီးတဲ့စိတ်နဲ့ ရှုမှတ်ပြီး ပိတ်ဆို့တာကို ဆိုလိုပါ တယ်။ စက္ခုဣန္ဒြေခေါ်တဲ့ မျက်စိကို ပိတ်ဆို့ထားလိုက်ရင် စိတ်ထဲမှာ ပုံသဏ္ဌာန် အကြမ်းဖျင်းရော အသေးစိတ်ပါ မထင်လာတော့တဲ့အတွက် ဘာကိလေသာမှ မဝင်နိုင်တော့ဘူး။

ထို့အတူပဲ သောတဣန္ဒြေကို မစောင့်စည်းဘူးဆိုတာ နားကို မစောင့်စည်းတာ။ တည့်တည့်ပြောရင် ကြားတာကို မရှုမှတ်တာ။ ဃာနိန္ဒြေကို မစောင့်စည်းဘူးဆိုတာ နံတာကို မရှုမှတ်တာ၊ ဇိဝှိန္ဒြေကို မစောင့်စည်းဘူးဆိုတာ စားတာ အရသာသိတာကို မရှုမှတ်တာ၊ ကာယိန္ဒြေကို မစောင့်စည်း ဘူးဆိုတာ ကိုယ်အတွေ့အထိကို မရှုမှတ်တာ၊ မနိန္ဒြေကို

www.burmeseclassic.com

www.burmeseclassic.com



မစောင့်စည်းဘူးဆိုတာ ကြံစည်စဉ်းစား တွေးတော စိတ်ကူးတာကို မရှုမှတ်တာ။

အဲဒီလို မရှုမှတ်တဲ့အတွက် ပထမအကြမ်းဖျင်း ပုံသဏ္ဍာန် စိတ်ထဲ ပေါ်လာပြီး သဏ္ဍာနပညတ် ထင်လာတယ်။ ဒါဖြင့် ခွေးပဲ လူပဲ နတ်ပဲ ဗြဟ္မာပဲ အရာဝတ္ထုပဲလို့ သင်္ကေတပညတ် ဝေါဟာရပညတ် ပေါ်လာတယ်။ အဲဒါကိုမှ မရှုမှတ်မိသေးရင် ပုံသဏ္ဍာန်ရဲ့ အသေးစိတ် အချက်အလက်တွေပါ စိတ်ထဲပေါ်လာတော့ ကိလေသာတွေ အများကြီး ဝင်ခွင့်ရသွားတော့တာပဲ။

**ရှုမှတ်တယ်ဆိုတာ**

ဒီနေရာမှာ တရားမှတ်တယ် ရှုတယ် ရှုမှတ်တယ် ဆိုတဲ့ စကားလုံးတွေရဲ့ အဓိပ္ပါယ်ကို နားအလည်မမှားရအောင် သတိထားဖို့ အလွန်အရေးကြီးပါတယ်။ ရှုတယ် ရှုမှတ်တယ် ဆိုတာ အရှုခံ ရုပ်အာရုံ နာမ်အာရုံကို သတိဦးစီးတဲ့စိတ်နဲ့ စောင့်ကြည့်ပြီး **သိနေတာကို** ဆိုလိုပါတယ်။ ဥပမာ ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်တယ် ဆိုကြပါစို့။ တရွေ့ရွေ့ဖောင်းကြွလာတဲ့သဘာဝ ပိန်ကျသွားတဲ့သဘာဝကို သတိနဲ့ စောင့်ကြည့် သိနေတာကို ဆိုလိုပါတယ်။ ရွေ့လျားတွန်းကန်တဲ့သဘောဟာ ဝါယောပရမတ်ဖြစ်လို့ အဲဒီဝါယောဓာတ်ကို စောင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



**သိနေတာ**ပါ။ အဲဒီ **သိနေတာဟာ ဝိပဿနာ**ပါ။ ဖောင်းတယ် ပိန်တယ်ဆိုတဲ့ စကားလုံးဟာ ဝေါဟာရပညတ် သင်္ကေတ ပညတ်ပါ။ ဒါကြောင့် အဲဒီ စကားလုံးကို သိဘို့ မလိုပါဘူး။ ရှုတာကလဲ အဲဒီစကားလုံးတွေကို သိဘို့ ရှုတာ မဟုတ်ပါဘူး။ ဒီစကားလုံးတွေက ရှုတဲ့စိတ် အရှုခံရုပ်ရဲ့သဘာဝ နာမ်ရဲ့ သဘာဝကို ပိုပြီးလေးလေးနက်နက် စူးစူးစိုက်စိုက် သိအောင် ကူညီပေးတဲ့ အကူအညီစကားလုံးတွေပါ။ သူတို့ကို တရား အားထုတ်ရာမှာ **တဇ္ဇာပညတ်**လို့ ခေါ်ပါတယ်။ **အရှုခံ ပရမတ္ထသဘာဝအားလျော်သော ဝေါဟာရပညတ်**လို့ ဆိုလိုပါတယ်။ ဒီစကားလုံးက ကူညီပေးမှ ရှုစိတ်ဟာ အရှုခံ အာရုံကို စူးစူးစိုက်စိုက် သိပါတယ်။ အဲဒီ သိတာဟာ ဝိပဿနာပါ။ စကားလုံးက ဝိပဿနာ မဟုတ်ပါဘူး။ စူးစူး စိုက်စိုက်သိအောင် ကူညီရုံမျှပါ။ စကားလုံး အကူအညီမပါရင် ရှုစိတ်က အရှုခံအာရုံကို စူးစိုက်သင့်သလောက် မစူးစိုက်ဘဲ ပေါ့လျှော့လျှော့ဖြစ်နေပါတယ်။ ဒါကြောင့် ရှုစိတ် အရှုခံအာရုံ ကို စူးစိုက်ပြီး ကပ်နေအောင် စကားလုံးအကူအညီကို ယူရပါတယ်။ အဲဒါကို သဘောမပေါက်ကြတော့ ဖောင်းတယ် ပိန်တယ် စတဲ့ တဇ္ဇာပညတ်စကားလုံးကို ရှုတယ်လို့ ထင်ကြ တယ်။ အဲဒီစကားလုံး ရွတ်နေတာကိုပဲ ဝိပဿနာအားထုတ် တယ်လို့ ထင်နေကြတယ်။ လုံးဝ မဟုတ်ပါဘူး။ တကယ်တော့

www.burmeseclassic.com



စင်မှားပါတယ်။ **အရှုခံ ရုပ်အာရုံ နာမ်အာရုံကို သိနေတာမှ ဝိပဿနာပါ။**

ဒါဖြင့် စကားလုံး မဆိုဘဲနဲ့ စိတ်က အရှုခံအာရုံကို သိရုံလေးသိနေရင် ကိစ္စမပြီးဘူးလားလို့ မေးစရာရှိပါတယ်။ တကယ်သိနေရင် ကိစ္စပြီးပါတယ်။ ဒါပေတဲ့ သိတယ်ဆိုတာ စိတ်တည်ငြိမ်မှု သမာဓိအားကောင်းမှ သိတာပါ။ သမာဓိအားကောင်းတယ်ဆိုတာ စူးစူးစိုက်စိုက် ရှုနိုင်မှ အားကောင်းပါတယ်။ ပေါ့လျှော့လျှော့ရှုရုံနဲ့ သမာဓိအား မကောင်းနိုင်ပါဘူး။ အဲဒီလို စူးစူးစိုက်စိုက် ရှုနိုင်အောင်လို့ပဲ စိတ်အဆို တဈ္ဈာ ပညတ်က ကူပေးရတာပါ။ ဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ပ၊၁၂၂)မှာ ပထဝီကသိုဏ်း ရှုပုံ ပြတဲ့အခါမယ် မြေကသိုဏ်း ဝန်းကို မျက်စိကလဲ ကြည့်၊ စိတ်ကလဲ ကသိုဏ်းဝန်းပေါ် စူးစိုက်ထား၊ 'ပထဝီ ပထဝီ 'လို့လဲ စိတ်ကဆိုဘို့ ညွှန်ကြား ထားပါတယ်။

သို့သော်လဲ တရားရင့်လာတဲ့အခါမှာ သတိ သမာဓိ ဉာဏ်အားကောင်းနေပြီ ဖြစ်တဲ့အတွက် ရှုစိတ်က သူ့အလိုလို ထက်မြက်နေပြီဖြစ်လို့ အရှုခံအာရုံရဲ့ သဘာဝကို ပိုင်းပိုင်းခြားခြား သိနေပါတယ်။ အဲဒီအခါကျရင်တော့ စကားလုံး တဈ္ဈာပညတ်က ကူစရာ မလိုတော့ပါဘူး။ သူ့ကို သုံးစရာ မလိုတော့ဘူး။ ဒါကြောင့် စကားလုံးကလဲ သူ့အလိုလို

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပါတယ်။ အဲဒီအခါမှာ အသိထက်နေပြီဖြစ်တဲ့ အတွက် သိရုံ သိရုံနဲ့ပဲ ကိစ္စပြီးပါတယ်။

**မနိဋ္ဌနဲ့ သဘောအာရုံ**

အခု ဘုန်းကြီးတို့ ခပ်စောစောက ပြောခဲ့တာက ကြံစည်စဉ်းစားတွေးတောတဲ့စိတ်ကို ရှုမှတ်တာကို ပြောခဲ့ကြတယ်။ မနိဋ္ဌနဲ့ သဘောအာရုံ တွေ့ဆုံတဲ့အခါ ရှုမှတ်ပုံပေါ့။ အဲဒီမှာ တွေးတဲ့စိတ်ကို တွေးတယ် တွေးတယ်လို့ ရှုမှတ်တဲ့ အခါမှာ ရှုမှတ်စိတ်အားကောင်းလို့ တွေးစိတ်က အားနည်းပြီး တွေးရတဲ့ အရာကို ပုံပေါ်အောင် မတွေးနိုင်တဲ့အတွက် စိတ်ထဲမှာ သဏ္ဌာနပညတ် ဝေါဟာရပညတ်တွေ မထင်လာတော့ဘဲ တွေးစိတ်နှင့် တွေးတာကို ရှုသိတဲ့စိတ် ဖြစ်ရုံမျှသာ သိသိနေတာကို ပြောခဲ့တယ်။ အဲဒီတော့ ကိလေသာ မဝင်လာတော့ဘူးပေါ့။ နောက်လဲ ဆက်ပြီး မပြတ်ရှုမှတ်နေတော့ အသေးစိတ်သဘောတွေလဲ စိတ်ထဲမပေါ်လာတော့ဘဲ တွေးစိတ်ရဲ့ ဖြစ်မှုပျက်မှု အနိစ္စ ဒုက္ခ အနတ္တ သဘောတွေပါ တဖြေးဖြေး တွေ့လာသိလာတော့တယ်။ ဒီတော့ ဘာကိလေသာမှ မဝင်တော့တဲ့အတွက် ကိလေသာငြိမ်း ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ဘက်ကို တဖြေးထက် တဖြေး နီးနီးသွားပြီပေါ့။ အဲဒါဟာ ကြံစည်စဉ်းစား တွေးတောစိတ်ကို ရှုမှတ်ခြင်းရဲ့ ရည်ရွယ်ချက်ပဲ။ တချို့ထင်သလို **စဉ်းစားစိတ်တွေ ပျောက်သွားအောင် ရှုမှတ်ရတာ မဟုတ်ပါဘူး။**

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်တွေနဲ့ အင်မတန် ဆီလျော်တယ်၊ ရွတ်ဆိုပူဇော်ကြရအောင်။

မြင်လျှင်မြင်ချင်း၊ မှတ်ခြင်းကင်းလျှင်။
မြင်ရုံမရပ်၊ ပညတ်ပေါ်ထင်။
ခံစားတပ်မက်၊ စွဲလျက်တည်လျှင်။
ဝဋ်ဒုက္ခ၊ မုချရှည်မည်ပင်။

မြင်လျှင်မြင်ချင်း၊ လက်ငင်းမှတ်လျှင်။
မြင်ရုံတင်ရပ်၊ ပညတ်မထင်။
ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက်သိမြင်။
အနိစ္စ ဒုက္ခ သဘောထင်။
ဝဋ်ဒုက္ခ၊ မုချငြိမ်းသည်ပင်။

ကြားလျှင်ကြားချင်း၊ မှတ်ခြင်းကင်းလျှင်။
ကြားရုံမရပ်၊ ပညတ်ပေါ်ထင်။
ခံစားတပ်မက်၊ စွဲလျက်တည်လျှင်။
ဝဋ်ဒုက္ခ၊ မုချရှည်မည်ပင်။

ကြားလျှင်ကြားချင်း၊ လက်ငင်းမှတ်လျှင်။
ကြားရုံတင်ရပ်၊ ပညတ်မထင်။
ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက်သိမြင်။

www.burmeseclassic.com

www.burmeseclassic.com



အနိစ္စ ဒုက္ခ သဘောထင်။
ဝဋ်ဒုက္ခ၊ မုချငြိမ်းသည်ပင်။
(နံ့ စား တွေ့ထိ အာရုံများကိုလဲအလားတူစွတ်ဆိုပါ)

---

တွေးလျှင်တွေးချင်း၊ မှတ်ခြင်းကင်းလျှင်။
တွေးရုံမရပ်၊ ပညတ်ပေါ်ထင်။
ခံစားတပ်မက်၊ စွဲလျက်တည်လျှင်။
ဝဋ်ဒုက္ခ၊ မုချရှည်မည်ပင်။

တွေးလျှင်တွေးချင်း၊ လက်ငင်းမှတ်လျှင်။
တွေးရုံတင်ရပ်၊ ပညတ်မထင်။
ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက်သိမြင်။
အနိစ္စ ဒုက္ခ သဘောထင်။
ဝဋ်ဒုက္ခ၊ မုချငြိမ်းသည်ပင်။

ဒါကြောင့်မို့ မြင်လျှင် မြင်ချင်းသာ မြင်တယ် မြင်တယ်လို့ ချက်ချင်းတွန်းမှတ်လိုက်ရင်တော့ မြင်စိတ်ကို ရှုတဲ့စိတ်က လွှမ်းမိုးသွားတဲ့အတွက် မြင်စိတ်ဟာ မြင်ရတဲ့ အရာကို ပီပီသသ မမြင်ရဘူး၊ မမြင်ရတော့ ခွေးလို့လဲ မသိဘူး၊ ကြက်လို့လဲ မသိဘူး၊ နွားလို့ ဆိတ်လို့လဲ မသိဘူး။ တရား အတွေ့အကြုံရင့်တဲ့ ယောဂီများကျတော့ မြင်တယ် မြင်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်း မြင်စိတ်ရော မြင်စိတ်ကို ရှုသိတဲ့စိတ် ရော ဖြစ်ဖြစ်ပြီး ပျက်သွားတာကိုပါ တွေ့ကြရတယ်။ အဲဒီအခါ မှာလဲ မြင်ရတဲ့ အရာရဲ့ ပုံသဏ္ဌာန်ရော နာမည်ရော မတွေ့ မသိရဘူး။ အဲဒီလိုမသိတာဟာ ပုံသဏ္ဌာန် အကြမ်းဖျင်း မပေါ်ဘူး ခေါ်တယ်။ **န နိမိတ္တဂ္ဂါဟီ ဟောတိ**ပေါ့၊ ကိုယ်က မြင်တယ် မြင်တယ်လို့ ဆက်ကာဆက်ကာ ရှုနေလို့ ပုံသဏ္ဌာန် အကြမ်းဖျင်းတောင် မပေါ်တော့ဘူးဆိုတော့ အသေးစိတ် ပေါ်ဦးမလား။ (မပေါ်ပါဘုရား။) မပေါ်ဘူးဆိုတော့ ဒီဘက် ကမ်း ကပ်ဦးမလား။ (မကပ်ပါဘုရား။) ဟိုဘက်ကမ်းကော ကပ်ဦးမလား။ (မကပ်ပါဘုရား။) ဆိုလိုတာက မျက်စိ အကြောင်းပြုပြီးတော့လဲ ကိလေသာ မဖြစ်တော့ဘူး၊ မြင်ရ တဲ့အဆင်း အကြောင်းပြုပြီးတော့လဲ ကိလေသာ မဖြစ် တော့ဘူး။

ဒီတော့ ကမ်းမကပ်တဲ့နည်း သိပြီမဟုတ်လား၊ ကမ်း မကပ်ဘူးဆိုတော့ ဘာဖြစ်မလဲ၊ မဂ္ဂင်ရေယဉ်ကြော မျောပြီပေါ့။ မြင်တာကို ရှုမှတ်တာက သမ္မာသတိမဂ္ဂင်၊ ရှုဖို့ရာ အားထုတ် တာက သမ္မာဝါယာမမဂ္ဂင်၊ ရှုတဲ့စိတ်ကလေး အရှုခံ ရုပ်ပေါ် နာမ်ပေါ် တည်နေတာက သမ္မာသမာဓိမဂ္ဂင်၊ ရှုစိတ်ကို အရှုခံ အာရုံပေါ် တင်ပေးတာက သမ္မာသင်္ကပ္ပမဂ္ဂင်၊ အရှုခံအဆင်းကို ဒါဖြင့် မြင်စရာ အဆင်းပဲ၊ ဒါဖြင့် မြင်တဲ့စိတ်ပဲ၊ ဒါဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရှုတဲ့စိတ်ပဲလို့ ကွဲကွဲပြားပြား သိသွားရင် ပိုင်းပိုင်းခြားခြားသိတဲ့ ဒီအသိဟာ အသိမှန်လား အသိမှားလား။ (အသိမှန်ပါဘုရား၊) သမ္မာဒိဋ္ဌိမဂ္ဂင်မဟုတ်ပေဘူးလား။ အပြစ်မကင်းတဲ့ စကားပြော ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း သမ္မာဝါစာမဂ္ဂင်၊ အပြစ်မကင်းတဲ့ အလုပ်ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း သမ္မာကမ္မန္တမဂ္ဂင်၊ အပြစ် မကင်းတဲ့ အသက်မွေးဝမ်းကြောင်း ပြုလုပ်ခြင်းမှ ရှောင်ကြဉ် ခြင်း သမ္မာအာဇီဝမဂ္ဂင်၊ ဒီသီလ မဂ္ဂင်သုံးပါးကတော့ **"ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ ပရိသုဒ္ဓံ အာဇီဝေါ ပရိသုဒ္ဓေါ ဟောတိ"** ဆိုတဲ့ ကျမ်းဂန်လာ စကားနှင့်အညီ အားမထုတ်မီ ရှေးအဖို့ သီလခံယူဆောက်တည်ပြီးကတည်းက ယောဂီသန္တာန်မှာ ရှိပြီး၊ရပြီးသား။ အဲဒါ အကြမ်းဖျင်း ပြော လိုက်တာ၊ ဒီတော့...သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောပြီပေါ့။ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောပြီဆိုကတည်းက ဒီဘက်ကမ်း လဲ မကပ်၊ ဟိုဘက်ကမ်းလဲ မကပ်ဘဲ ဘယ်ရောက်သွားမလဲ၊ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ရောက်သွားမယ်။ အဲဒါ ကမ်းမကပ်တဲ့နည်း။ မရှုရင် ကပ်မယ်၊ ရှုရင် မကပ်ဘူး။ မရှုလို့ ကမ်းကပ်တဲ့အတွက် ကမ်းပေါ်တင်နေရင် သမုဒ္ဒရာဆီ မရောက်ဘူး။ ရှုလို့ ကမ်းမကပ်ဘဲ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောရင် သမုဒ္ဒရာဆီ ရောက်မယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## မာလုကျပုတ္တသုတ်

ဒီနေရာမှာ မြတ်စွာဘုရား မာလုကျပုတ္တသုတ်တော်မှာ ဟောတော်မူထားတဲ့ ပါဠိဂါထာနှစ်ပုဒ်ကို နာကြားဘို့ အလွန် သင့်လျော်ပါတယ်။

**ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။**
**သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။**
**အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။**
**ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာနဝုစ္စတိ။**

ဆိုလိုရင်း အဓိပ္ပါယ်က– အဆင်းကို မြင်တဲ့အခါ မရှုမှတ်ဘဲ ချစ်စဖွယ်အဆင်းပဲလို့ နှလုံးသွင်းမိသူမှာ အဲဒီအဆင်းကို သာယာတပ်မက်လျက် ခံစားစိတ်ဖြစ်တယ်။ အဲဒီသာယာတပ်မက်စိတ်ကိုလဲ (မရှုမှတ်မိဘဲ) စိတ်ထဲမှာ သိမ်းထားတယ်။ အဲဒီလူရဲ့ စိတ်ကို လောဘ ဒေါသစတဲ့ ကိလေသာတွေက နှိပ်စက်ကြတော့တာပဲ။ အဲဒီလူဟာ ဒီနည်းဖြင့် ဆင်းရဲကို ပွားစည်းစေတဲ့အတွက် နိဗ္ဗာန်နဲ့ဝေးသူလို့ ဆိုရတယ်။

**အဆင်းမြင်လျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။**
**သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်။**
**အဆင်းဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်။**
**လောဘစည်ကား၊ ဒေါသပွား၊ ဗျာများစိတ်ပန်းသည်။**

www.burmeseclassic.com

www.burmeseclassic.com



**ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။**
**ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။**
**(မဟာစည် ဆရာတော်ဘုရားကြီး)**

လိုရင်းကတော့ အဆင်းမြင်တဲ့အခါ မရှုမှတ်တဲ့အတွက် ဟိုဘက်ကမ်း ဒီဘက်ကမ်းမှာ တင်နေလို့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာနဲ့ ဝေးရတယ်လို့ ဆိုလိုတာပါ။

**ကမ်းမှာတင်သော အမျိုးသမီး**

ဒီနေရာမှာ ကျမ်းဂန်မယ် ဖော်ပြထားတဲ့ အမျိုးသမီးကလေးတဦးရဲ့ အကြောင်းက စိတ်ဝင်စားစရာလဲကောင်း၊ သတိထားစရာလဲကောင်းလို့ ပြောပြရဦးမယ်။ ရှေးကသီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း)မှာ ဦးပဥ္စင်းလေးတပါး ရပ်ဝေးကို စာသင်သွားတဲ့အခါကျတော့ သူ့ဆရာတော် ရဟန္တာအရှင်မြတ်ကြီးက သတိပေးတယ်၊ 'မောင်ပဥ္စင်းလေး၊ အဲဒီရွာသွားပြီး ပညာသင်ရင် အဲဒီရွာမှာတော့ ဆွမ်းမခံပါနဲ့၊ တခြားရွာကိုပဲ ဆွမ်းခံသွားပါ' လို့ အဲဒီလို လေးလေးနက်နက်မှာလိုက်တယ်။ ကိုယ်တော်လေးကလဲ ဆရာမှာတာကို ရိုရိုသေသေ လိုက်နာပြီးတော့ အဲဒီရွာထဲကို ဆွမ်းခံမသွားပါဘူး။ တခြားရွာတွေပဲ ဆွမ်းခံသွားတယ်။ ငါးနှစ်လောက်ကြာတဲ့အခါကျတော့ ပညာပြည့်စုံပြီလို့ ယူဆတဲ့အတွက် မနက်ဖြန်ကျရင် ဆရာ့ကျောင်းကိုပြန်မှပဲလို့ စိတ်ကူးပြီး အဲဒီကျောင်းက

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်တွေကို ခွင့်ပန်လျှောက်ထားတယ်။ ဆရာတော်တွေက ခွင့်ပြုတော့ အင်း..အပြန်မှာ ကလျာဏီစေတီတော်ကြီး ဝင်ပြီး ငါ ဖူးဦးမှပဲ၊ ကလျာဏီစေတီတော်ကို ဖူးပြီးမှပဲ ကျောင်းပြန်မယ်လို့ စီစဉ်လိုက်တယ်။

သို့သော် စိတ်ထဲမှာ ဘာဖြစ်လဲဆိုတော့ ငါ့ဆရာက ဘာကြောင့်များ ဒီရွာထဲကို ဆွမ်းခံမသွားနဲ့လို့ မှာတာပါလိမ့် မတုံး။ ဒီကနေ့ နောက်ဆုံးနေ့ဆိုတော့ အကြောင်းသိရအောင် ဒီရွာထဲကို ဆွမ်းခံသွားကြည့်လိုက်ဦးမယ်ဆိုပြီးတော့ ဆွမ်းခံကြွသွားတယ်။

ကိုယ်တော်လေးက အသက်နှစ်ဆယ့်ငါးနှစ်၊ ငါးဝါ ပဲရသေးတယ်။ ရွာထဲဆွမ်းခံကြွတယ်၊ အိမ်တအိမ်ရှေ့မှာ ဆွမ်းရပ်တဲ့ အခါကျတော့ အိမ်ပေါ်က သူ့အရွယ် အမျိုးသမီး လေးတယောက် ဆင်းလာပြီး ဆွမ်းလောင်းတယ်။ ကိုယ်တော် လေးကတော့ ဒို့ချမ်းမြေ့ကိုယ်တော်တွေလိုပဲ လေးတောင်ခန့်မျှ မျက်လွှာချပြီး ရှုမှတ်သွားတာကိုး။ ဟုတ်ကဲ့လား။ ချမ်းမြေ့ ကိုယ်တော်တွေ အဲဒီလို သွားရဲ့လား၊ (သွားပါတယ်ဘုရား၊) ဒီတော့ ကိုယ်တော်လေးက အဲဒီလို မျက်လွှာချပြီး ဆွမ်းခံသွား ပေတဲ့လဲ ဆွမ်းလောင်းတဲ့လူ ဆွမ်းလောင်းနေတဲ့ အခါတော့ဖြင့် သူက ဖျတ်ကနဲကြည့်လိုက်မိတယ်။ မိန်းကလေးပဲလို့တော့ သူ

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်တယ်။ အဲဒီအိမ်က ဆွမ်းလောင်းပြီးတာနဲ့ သူက နောက်အိမ်တွေ ဆက်ပြီး ကြွသွားတယ်။

ဒကာမလေးက ဆွမ်းလောင်းပြီးတော့ အိမ်ထဲကို ချက်ချင်းပြန်မဝင်ဘူး။ ကိုယ်တော်လေးကို မျက်စိတဆုံး လိုက်ကြည့်နေတယ်။ မျက်စိအောက်က ပျောက်သွားမှပဲ အိမ်ပေါ်ပြန်တက်သွားတယ်။ အိမ်ပေါ်ပြန်တက်ပြီးတော့ မီးဖိုထဲမှာ ပန်းကန်လေးထားပြီး သူ့အိပ်ခန်းထဲဝင်၊ ဖုံးကနဲ လှဲချလိုက်ပြီး တရှုံ့ရှုံ့ငိုနေတယ်။ ဘာဖြစ်တာလဲ၊ ဘယ် ဘက်ကမ်း ကပ်တာတုံး။ (ဟိုဘက်ကမ်း ကပ်တယ် ထင်ပါ တယ်ဘုရား။) အေး.. ဟိုဘက်ကမ်း ကပ်ရုံတင်ဆို တော်ပါသေးရဲ့။ ရေလယ်မှာပါမြုပ်သွားရင်တော့ ဒုက္ခပဲ။ ရေလယ်မှာမြုပ်တယ်ဆိုတာ **နန္ဒီရာဂ**=နှစ်သက် စွဲမက်တာ မဟုတ်လား။ ဒီလောက်ဆိုရင် ပရိသတ်ကသိပြီ မဟုတ်လား။ (သိပါတယ်ဘုရား) အဲဒီတော့ ရှေ့ဆက် မပြောတော့ဘူးပေါ့။ (ပြောပါဘုရား။) ဟင်..သိပြီဆို၊ (မသိသေးပါဘုရား။) သိရင် တော့ ပြောဘို့မလိုတော့ဘူး။ ကိုင်း..ကိုင်း..ဒီလောက်တောင်းပန် မှတော့ ပြောရမှာပေါ့။

အဲဒီတော့ သူ့အမေက ရိပ်မိလို့ အိပ်ခန်းထဲ ဝင်လိုက်သွားတယ်။ သမီးကို အတင်း ချော့မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မပြောဘူး။ နောက်ကျမှ ပြောတယ်။ အဲဟို ဆွမ်းခံကြွလာတဲ့ ကိုယ်တော်လေးပေါ့။ သူ့ကို မြင်လိုက်တာနဲ့ ကျွန်မစိတ်တွေ ဘယ်လိုဖြစ်မှန်းမသိဘူး၊ သူ့ကိုပဲ တွေ့ချင် မြင်ချင်နေတယ်။ သူ့ကို မတွေ့ရ မမြင်ရရင် ကျွန်မတော့ ဒုက္ခပဲ။ (ရယ်သံများ၊) ဒီတော့ အမေကြီးက အိပ်ခန်းထဲက အသာထွက်သွားပြီးတော့ သူ့အဖေကြီးကို အသာလက်ကုတ်ပြီး တိုးတိုးပြောတယ်။ ဒီလိုတော့ ဖြစ်နေပြီ။ အဲဒါ ဘယ်လို လုပ်ကြမလဲ လို့ပြောတော့ အဖေကြီးက အေးကွယ်၊ တို့လဲ ဒီသမီးတယောက်တည်းရှိတာ၊ ဒီသမီးတော့ ဒုက္ခအရောက် မခံနိုင်ဘူးကွယ့်၊ အဲဒါ သူ့အလိုပြည့်အောင် ဒို့ကဖြည့်ရမယ်ပေါ့၊ ကဲ...ညည်းက သွားပြီး ပြန်ချော့ချေ။ ငါကိုယ်တော်လေး နောက်လိုက်မယ်တဲ့။ ကိုင်း..ဒီလို အဖေမျိုးများ အဖေမတော်ချင် ကြဘူးလား။ (မတော်ချင်ပါဘုရား။) တော်ဖို့ သိပ်ကောင်းတယ် နော။ (မကောင်းပါဘုရား။)

အဲဒါနဲ့ ဒကာကြီးက ကိုယ်တော်လေး ဆွမ်းခံသွားရာ လိုက်တော့ တံခါးဝနားမှာ မီတယ်။ မီတဲ့အခါကျတော့ ကိုယ်တော်လေးကို ကျကျနန ဦးချပြီးတော့ လျှောက်တယ်။ အရှင်ဘုရား၊ နားနဲ့မနာ၊ ဖဝါးနဲ့ နာပါဘုရား၊ တပည့်တော် တခု လျှောက်ပါရစေ၊ အရှင်ဘုရား တပည့်တော်သမီး အသက် ကယ်တော်မူပါဘုရား။ ဘယ်လိုလဲ ဒကာကြီး။ အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော် သမီးတယောက်တည်း ရှိပါတယ်၊ ပစ္စည်းပစ္စယက နှစ်ဘဝ သုံးဘဝစာ စားလို့ မကုန်ပါဘူး အရှင်ဘုရား၊ အဲဒါ...အရှင်ဘုရား လူဝတ်လဲပြီးတော့ အိမ်က သမီးနဲ့အတူနေမယ်ဆိုရင် အိမ်မှာ ချမ်းချမ်းသာသာထားပြီး တပည့်တော်တို့ သားတယောက်အဖြစ်နဲ့ အသိအမှတ်ပြုထားပါမယ်ဘုရား၊ တပည့်တော်သမီး အသက်ကယ်ပါ။ အရှင်ဘုရားနဲ့ ကွေကွင်းနေရရင် တပည့်တော့်သမီး ဒုက္ခအကြီးအကျယ် ရောက်ပါလိမ့်မယ်ဘုရား။ ဒကာကြီးက စိတ်တွေ သိပ်ပူနေတော့ စကားစဉ်တောင် တည့်အောင် မလျှောက်နိုင်ဘူး။ စိတ်ထဲပေါ်လာတာတွေကို ကပေါက်တိ ကပေါက်ချာ လျှောက်တော့တာပဲ။

ဦးပဥ္စင်းလေးက ဒကာကြီး၊ မဖြစ်ပါဘူးတဲ့၊ ဦးပဥ္စင်းက စပြီးဝတ်လာကတည်းက ဒီအဝတ်နဲ့ အရိုးထုတ်ဖို့ ရည်ရွယ်လာတာ၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဆိုပြီး ဦးပဥ္စင်းလေးက ရွာထဲက ထွက်သွားတယ်။

ဒီတော့ ဒကာကြီးလဲ အိမ်ကိုပြန်သွားပြီး မတတ်သာတဲ့အဆုံး သမီးကို ဖွင့်ပြောရတယ်။ သမီးရေ ကိုယ်တော်လေးတော့ လျှောက်လို့မရခဲ့ဘူးဆိုတာနဲ့ ချက်ချင်း ဖြုတ်ခနဲ ပါးစပ်ကလေး ဟပြီး သွားရော။ ဘယ်သွားတုံး။ (သေသွားပါတယ်ဘုရား။) သေသွားပြီ။ သြော်...ဘာဖြစ်လို့တုံး။ သြော်...

www.burmeseclassic.com

www.burmeseclassic.com



ရေတိမ်နစ်သွားတာလား။ ဒါရေတိမ်နစ်တာမဟုတ်ဘူး။ အင်မတန်နက်တဲ့ ရေတွင်းကြီးထဲ ကျသွားတာ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) ရာဂမီးလောက် နက်တဲ့တွင်း ရှိဦးမလား။ (မရှိပါဘုရား။) ရာဂမီးအလောင်ခံရတာ၊ တွင်းကြီးအနက်ကြီးထဲကျသွားတာ ပေါ်မလာတော့ဘူး။ နန္ဒီရာဂဆိုတာ အဲဒါပေါ့။ ဟုတ်ကဲ့လား။ ဒီမိန်းကလေး သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောဦးမလား။ (မမျောတော့ပါဘုရား။)

ကိုယ်တော်လေးလဲ ရွာထဲက ထွက်သွား၊ သွားရင်းလဲ ငါ့ဆရာတော် ဒီရွာထဲ ဆွမ်းခံမသွားဖို့ အထပ်ထပ်မှာတာ ဒါမြင်လို့ကိုးလို့ စဉ်းစားမိတယ်။ ဒီတော့ မဖြစ်ဘူး မြန်မြန် ဆရာ့ထံ ပြန်မှပဲလို့လဲ ဆုံးဖြတ်လိုက်တယ်။ ကျောင်းပြန်ရောက် ဆွမ်းဘုဉ်းပေးပြီး အထုပ်အပိုးပြင်၊ ဆရာသမားတွေ ကန်တော့ပြီးတော့ အဲဒီကျောင်းက ထွက်သွားပြီး သူ့ဆရာရဲ့ကျောင်းကို ပြန်တော့တာပဲ။ ပြန်တဲ့အခါမှာ မူလရည်ရွယ်ထားတဲ့အတိုင်း ကလျာဏီစေတီဖူးမယ်ဆိုပြီး ကလျာဏီမြို့သွား၊ အဲဒီမှာ ညကျိန်းပြီးတော့ ကလျာဏီစေတီတော်ကြီးကို အားရပါးရ ဖူးမြော်တယ်။

နောက်နေ့ကျတော့ ဘုရားဝင်းတနေရာမှာရှိတဲ့ သစ်ပင်ရိပ်မှာ နားနေတုံး တောထွက် ဦးပဉ္စင်းကြီးတပါးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ထိုင်ပြီး စကားပြောနေကြတယ်။ ဦးပဥ္စင်းကြီးကလဲ ခရီးသွားရင်း ကလျာဏီစေတီတော်ကြီးကို ဝင်ဖူးတာ၊ စကားပြောရင်း ဦးပဥ္စင်းကြီးက အဝတ်စတစကို ထုတ်ပြီးတော့ ပြတယ်။ ပြီးတော့ သူက ဦးပဥ္စင်းလေးကို "ဦးပဥ္စင်းရယ် တပည့်တော်က ကြီးမှ ရဟန်းဖြစ်တော့ ရေစစ်မချုပ်တတ်ဘူး။ ဒါကြောင့် တပည့်တော်ကို ဒီအဝတ်စလေး ရေစစ်ချုပ်ပေးစမ်းပါ ဦးပဥ္စင်း" လို့ ပြောတယ်။ ဦးပဥ္စင်းလေးက " ဦးပဥ္စင်းကြီး ဒီအဝတ်စလေးကို ဘယ်ကရတုံး၊ အဝတ်စလေးက သိပ်ကောင်း သိပ်ချောတာပဲ၊ ရေစစ်ချုပ်ဖို့ဆိုတော့ ကောင်းလွန်းတောင်နေသေးတယ်"လို့ ပြောတော့ ဦးပဥ္စင်းကြီးက "မနေ့ကပဲ အသုဘတခုက ရခဲ့တာပါ၊ အဲဒီအသုဘက မိန်းကလေး တယောက်ရဲ့ အသုဘပါ၊ မိန်းကလေးကလဲ သနားစရာပါ၊ အလွန်အဖြစ်ဆိုးတာပဲ၊ သူတို့အိမ် ဆွမ်းခံကြွလာတဲ့ ဦးပဥ္စင်းလေးတပါးကို မြင်ပြီးတော့ ချစ်ခင်နှစ်သက်တဲ့စိတ်တွေ ဖြစ်ပြီး ဦးပဥ္စင်းကို မရတာနဲ့ ရင်ကွဲနာကျပြီး ဆုံးသွားတာတဲ့၊" ဦးပဥ္စင်းကြီးရဲ့ စကားဆုံးသွားတာနဲ့ ဦးပဥ္စင်းလေးဟာ ချက်ချင်း ပဲ ထိုင်ရာကနေ ရှေ့ကို ငိုက်ဆိုက်ကျသွားတယ်။ ဦးပဥ္စင်းကြီး လဲ "ဟဲ့...ဦးပဥ္စင်း ဘယ်လိုဖြစ်တာလဲ" ဆိုပြီးတော့ လက်နဲ့ ရှေ့က ဆီးပြီးတော့ ဖမ်းလိုက်ပါတယ်။ ဒါကြောင့် ရှေ့တော့ ဟပ်ထိုးကျမသွားပါဘူး၊ ဒါပေတဲ့ ကြည့်လိုက်တော့ ဦးပဥ္စင်း လေးက အသက်မရှိတော့ဘူးတဲ့။ မြန်လိုက်တာနော်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး ကံတူ အကျိုးပေးလို့ ပြောရမလားမသိဘူး၊ တော်တော် ကြောက်စရာကောင်းတဲ့ စိတ်ပဲ။ **နန္ဒီရာဂ**–နှစ်သက်စွဲမက်တဲ့ စိတ်နော်။ ရေလယ်မှာ မြုပ်သွားကြတာ၊ ပြန်မပေါ်လာကြတော့ဘူး။

မိန်းကလေးက ဦးပဉ္ဇင်းလေးကို မြင်စဉ်က မြင်တယ် မြင်တယ်လို့ နိုင်အောင် ရှုမှတ်ရင်၊ ဦးပဉ္ဇင်းလေးကလဲ မိန်းကလေးအကြောင်း ဦးပဉ္ဇင်းကြီးပြောတာကို ကြားတယ် ကြားတယ်လို့ ရှုမှတ်ကြရင်၊ နှစ်ယောက်လုံးဟာ ဒီလို အဖြစ်ဆိုးနဲ့ တွေ့ရမှာ မဟုတ်ဘူး။ မြင်တာ ကြားတာကို မရှုမှတ်မိကြတဲ့အတွက် ဒီလို လောဘစည်ကား ဒေါသပွားပြီး ဒုက္ခများကြရတာပဲ။

နှစ်ယောက်လုံး ဟိုဘက်ကမ်း ဒီဘက်ကမ်း ကပ်ရုံမကဘူး ရေလယ်မှာပါ နစ်မြုပ်သွားကြတာပေါ့၊ မရှုမှတ်လို့ ဖြစ်ရတာ၊ တယ်လောင်တဲ့မီးပဲ။ ဘာမီးတုံး။ (ရာဂမီးပါဘုရား၊) ကြောက်စရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား၊) ကြောက်စရာကောင်းရင် ကိုရင်တို့ အမြဲဝတ်ကြ။ (ဝတ်ပါမယ်ဘုရား။) ဟုတ်ပြီ၊ အဲဒါ **နန္ဒီရာဂ**ပေါ့၊ မဟုတ်ဘူးလား။ **နှစ်သက်စွဲတွယ်၊ ရာဂခြယ်၊ ရေလယ်မြုပ်လေသည်**။ မြုပ်သွားတာ ပေါ်မလာတော့ဘူး။ ဆို..(**နှစ်သက်စွဲတွယ်၊**

www.burmeseclassic.com

www.burmeseclassic.com



**ရာဂခြယ်၊ ရေလယ်မြုပ်လေသည်။)** မြင်တာ ကြားတာကို ရှုမှတ်လို့လား မရှုမှတ်လို့လား။ (မရှုမှတ်လို့ပါဘုရား)။

မရှုမှတ်ရင်တော့ ဘယ်လိုပြေးပြေး ဒီမီးက လွတ်အောင် မပြေးနိုင်ဘူး။ မြတ်စွာဘုရားက အို နာ သေရေးဘေးကြီးသုံးခုဟာ အရပ်လေးမျက်နှာက မီးပုံကြီးလေးပုံကိုယ့်ဆီကို မြန်မြန်ကြီး ဖိလာသလို ကြောက်စရာ အလွန်ကောင်းကြောင်း၊ ဒီမီးပုံကြီးတွေ မလောင်ရအောင် ပြန်လည်ခုခံငြိမ်းသတ်ဖို့လဲ ခွန်အားမရှိ၊ မီးပုံကြီးတွေမှ လွတ်အောင်ပြေးဖို့ရာလဲ ခွန်အားမရှိ၊ အမိခံ အလောင်ခံရရုံပဲ ရှိတော့တယ်ဆိုတဲ့ သဘောကို –

**အာဂစ္ဆန္တဂ္ဂိက္ခန္ဓာဝ၊ မစ္စုဗျာဓိဇရာ တယော။**

**ပစ္စုဂ္ဂန္တုံ ဗလံ နတ္ထိ၊ ဇဝေါ နတ္ထိ ပလာယိတုံ** လို့ မိန့်ကြားတော်မူခဲ့တယ်။ သို့သော်လဲ အခုပြောခဲ့တဲ့ ရဟန်းတော်ကလေးရဲ့ ဖြစ်ပျက်ပုံကို ကြည့်ရင် အို နာ သေရေးဘေးကြီးများသာမက ရာဂမီးကြီးရဲ့ဘေးကလဲ ဘယ်လိုပြေးလို့မှ မလွတ်နိုင်ပါကလား။ ကိုယ်တော်လေးခမျာ သူ့ဆရာတော်ကြီးရဲ့ သတိပေးချက်အတိုင်း မဆိုင်းမတွ ဒီမီးကြီးက လွတ်အောင်ပြေးပါမှ မလွတ်နိုင်ဘဲ ကြဲကြဲဖန်ဖန် အမိခံ အလောင်ခံလိုက်ရတယ်။ ဒါကြောင့် အို နာ သေ မီးသုံးပုံထဲမှာ ရာဂမီး တပုံထည့်ပြီး မီးကြီးလေးပုံ ဆိုရမည်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်။ မလောင်ရအောင် ရှုမှတ်သည့် သတိပဋ္ဌာန် လေးပါး မဂ္ဂင်ရှစ်ပါး လက်နက်ကြီးများမှတပါး တခြား အားကိုးအားထားရာ မရှိတော့ပါ။

မြင်လျှင်မြင်ချင်း၊ မှတ်ခြင်းကင်းလျှင်။
မြင်ရုံမရပ်၊ ပညတ်ပေါ်ထင်။
ခံစားတပ်မက်၊ စွဲလျက်တည်လျှင်။
ဝဋ္ဋဒုက္ခ၊ မုချရှည်မည်ပင်။
အဆင်းမြင်လျှင်၊ ချစ်ဖွယ်ထင်၊ထိုတွင်မေ့လေသည်။
သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်။
အဆင်းဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်။
လောဘစည်ကား၊ ဒေါသပွား၊ ဗျာများစိတ်ပန်းသည်။
ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။
ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

(မဟာစည်ဆရာတော်ဘုရားကြီး)

## မြင်တာကို ရှုမှတ်ရင်

မြင်တာကို မရှုမှတ်တဲ့အတွက် ဒီဘက်ကမ်း ဟိုဘက် ကမ်းကပ်ပြီး ဒုက္ခရောက်ကြရတာကို ပြောပြီးတော့ မြင်တာကို ရှုမှတ်တဲ့အတွက် ဘယ်ကမ်းမှ မကပ်ဘဲ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို စီးဝင်ရပုံကိုလဲ ပြောဦးမှ ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



မြင်စရာအဆင်းတခုခုကို မြင်တဲ့အခါမှာ မြင်တယ် မြင်တယ်လို့ မပြတ် ရှုမှတ်နေရင် တဖြည်းဖြည်း ရှုမှတ်မှု အားကောင်းလာပြီးတော့ စိတ်တည်ငြိမ်မှု သမာဓိလဲ အားကောင်းလာတယ်။ အဲဒီအခါမှာ စိတ်ထဲမယ် ငါရှုနေတယ်လို့ မခံစားရတော့ဘဲ မြင်စရာ အဆင်း၊ မြင်စိတ်၊ မြင်တာကို ရှုသိတဲ့စိတ်၊ ဒီသုံးမျိုးကိုပဲ ရှုတဲ့ ယောဂီက သိနေတယ်။ ငါရှုနေတယ် ငါမြင်နေတယ်လို့ သူ့စိတ်ထဲမှာ မခံစားရတော့ဘူး၊ ရှုနေတဲ့ ငါဆိုတာလဲ မရှိတော့ဘူး။ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တဒင်္ဂပဟာန်အားဖြင့် ပြုတ်နေတာပေါ့။

**ယောဂီများ သတိပြုဖို့**

ဒီနေရာမှာ ယောဂီများ သတိပြုဖို့က မြင်တာကို ရှုတဲ့အခါ မြင်ရတဲ့ အဆင်းကို ရှုတာမဟုတ်ဘူး၊ အဲဒီအဆင်းကို **မြင်တဲ့စိတ်ကို ရှုတယ်**ဆိုတာ သတိပြုဖို့ လိုပါတယ်။ ဒါကြောင့် **အဆင်း အဆင်း**လို့ မရှုဘဲ **မြင်တယ် မြင်တယ်**လို့ ရှုရတာ။ သို့သော်လဲ မြင်တယ်လို့ဆိုပြီး ရှုခြင်းအားဖြင့် မြင်ရတဲ့အဆင်း၊ မြင်စိတ်၊ မြင်အောင်လုပ်ပေးတဲ့ မျက်စိ ဒီသုံးမျိုးကို ရှုခြင်းကိစ္စပြီးပါတယ်။ ဒီသုံးမျိုးကို ရှုစိတ်က သိနေတယ်ဆိုတဲ့ သဘောပါပဲ။ ဒါကြောင့် သမာဓိအား ကောင်းလာတဲ့အခါ မျက်စိကတခြား၊ မြင်ရတဲ့ အဆင်းက တခြား၊ မြင်စိတ်က တခြားလို့ သုံးမျိုးခွဲခြားပြီး သိလာပါတယ်။ နောက်ကျတော့ မြင်စိတ်ကို ရှုသိတဲ့စိတ်ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းခြားသိလာပါတယ်။ ဒီအခါမှာ ယောဂီရဲ့ စိတ်ထဲမှာ ငါမြင်တယ် ငါရှုတယ်ဆိုတာ မရှိတော့ပါဘူး၊ ဒီတော့ အဆင်းရဲ့ ပုံသဏ္ဌာန် အကြမ်းဖျင်းရော အသေးစိတ်ပါ စိတ်ထဲမပေါ်လာတော့ဘူး။ ခံစားတဲ့သဘောလေးကတော့ စိတ်ဖြစ်ရင် ရှိနေတာပဲ၊ ခံစားတဲ့သဘော အားသေးတာ အားကြီးတာပဲ ကွာခြားတယ်။ ဒီနေရာမှာ ခံစားတဲ့သဘော ရှိပင်ရှိသော်လဲ ပုံသဏ္ဌာန်ပညတ် နာမပညတ် မထင်ရှားတဲ့အတွက် ကောင်း မကောင်း မထင်ရှားလို့ ခံစားမှုကလဲ နှစ်သက်စရာ မနှစ်မြို့စရာအဖြစ် မခံစားနိုင်တော့ဘူး။ မြင်စိတ်ဖြစ်ရုံမျှနှင့်ပဲ ရပ်တဲ့သွားတယ်။ ဒါကြောင့် မြင်စိတ်နဲ့ ခံစားတဲ့သဘောကလေး ရှိသော်လဲ သာယာတပ်မက်မှု မနှစ်မြို့မှုဆိုတာ မဖြစ်တော့ဘူး။ ဒါကိုပဲ ဆောင်ပုဒ်က **မသာယာဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။ မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထို့ပြင် ခံစားသည်** လို့ ဆိုတာပါ။ စိတ်ထဲမသိမ်းပြီဆိုတာ ဒီအဆင်းနဲ့ ပတ်သက်လို့ ကောင်းတယ် မကောင်းဘူး နှစ်သက်တယ် မနှစ်သက်ဘူးဆိုတာ စိတ်ထဲမှာမရှိဘူးလို့ ဆိုလိုပါတယ်။ ခံစားမှုလေးနဲ့ မြင်စိတ်၊ မြင်တာကို ရှုသိစိတ်ကလေးတွေ ဖြစ်ရုံမျှ ဖြစ်ရုံမျှနှင့်ပဲ ရပ်တဲ့သွားတယ်။ ရှေ့တိုးပြီး နှစ်သက် တယ် မနှစ်သက်ဘူးစသည် ဖြစ်သည်အထိ မရောက်တော့ဘူး။ နောက်ကျတော့ မြင်လိုက်ပြီး ပျောက်ပျောက်သွားတာကိုပဲ တွေ့ရတယ်။ အဲဒါကိုပဲ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ** မြင်ရတဲ့အဆင်း၌

www.burmeseclassic.com



မြင်စိတ်ဖြစ်ရုံမျှ ဖြစ်စေရမည်လို့ မြတ်စွာဘုရား **မာလုကျ ပုတ္တသုတ်** ဒေသနာတော်မှာ မိန့်တော်မူတာပါပဲ။

ထို့အတူပဲ အသံကို ရှုတာမဟုတ်၊ ကြားစိတ်ကို ရှုတာ၊ အနံ့ကို ရှုတာမဟုတ်၊ နံစိတ်ကို ရှုတာ၊ ချိုချဉ်ဖန်ခါး အရသာကို ရှုတာမဟုတ်၊ ချိုတယ် ချဉ်တယ် ဖန်တယ် ခါးတယ် စတဲ့ အရသာသိစိတ်ကို ရှုတာ၊ ထိစရာ တွေ့စရာကို ရှုတာမဟုတ်၊ ထိစိတ် တွေ့စိတ်ကို ရှုတာ၊ ကြံစရာ တွေးစရာ အကြောင်းအရာကို ရှုတာမဟုတ်၊ အဲဒီအကြောင်းအရာကို ကြံတဲ့စိတ်၊ တွေးတဲ့စိတ်ကို ကြံတယ် တွေးတယ်လို့ ရှုတာ ဆိုတာကို အထူးသတိပြုရပါမယ်။ သို့သော်လဲ အဲဒီစိတ်တွေရဲ့ အသိခံအာရုံဖြစ်တဲ့ အဆင်း အသံ အနံ့ အရသာ ထိတွေ့ စရာသဘောတွေကိုလဲ ရှုပြီးသားဖြစ်ပါတယ်။ အဲဒီအသိခံ အာရုံတွေနဲ့ တွေ့ဆုံရတဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ အာယတနခြောက်ပါးကိုလဲ ရှုပြီးသားဖြစ်ပါတယ်။ဥပမာ မျက်စိနဲ့အဆင်း တွေ့ဆုံလို့ မြင်တယ်လို့ မြင်စိတ်ကို ရှုလိုက်ရင် မြင်စိတ် အဆင်း မျက်စိ သုံးမျိုးလုံးကို ရှုသိပြီးသား ဖြစ်ပါတယ်။ ပါဠိစကားလုံးနဲ့ဆိုရင် စက္ခုဝိညာဏ် ရူပါရုံ စက္ခာယတန သုံးမျိုးလုံးကို ရှုသိပြီးသားဖြစ်တယ်။ စက္ခု ဝိညာဏ်က မြင်စိတ်၊ သောတဝိညာဏ်က ကြားစိတ်၊ ဃာန ဝိညာဏ်က နံစိတ် မွှေးစိတ်၊ ဇိဝှာဝိညာဏ်က အရသာသိ စိတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏ်က နံ့စိတ် မွှေးစိတ်၊ ဇိဝှာဝိညာဏ်က အရသာသိ စိတ်၊ ကာယဝိညာဏ်က တွေ့ထိစိတ်၊ မနောဝိညာဏ်က ကြံတွေးသိစိတ်၊ အဲဒါကို **ဝိညာဏ်ခြောက်ပါး**လို့ ခေါ်တယ်။ အာယတနခြောက်ဖုံ၊ အာရုံခြောက်တန်၊ ဝိညာဏ်ခြောက်ဝ၊ ဖဿခြောက်ဖြာ၊ ဝေဒနာခြောက်၊ တဏှာခြောက်လို့ ပြောရိုးဆိုရိုး ပြုကြတယ်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရဆိုရင် မြင်ရတဲ့ အဆင်း အာရုံရဲ့ ပညတ်သဘော မထင်ရှားတဲ့အတွက် ကောင်း မကောင်း မထင်ရှားလို့ သာယာတပ်မက်မှု မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းတယ်။ သာယာတပ်မက်မှု မဖြစ်လို့ စွဲလမ်းမှု မဖြစ်ပေါ်ဘူး၊ (**တဏှာနိရောဓာ ဥပါဒါနနိရောဓော**)ပေါ့။ စွဲလမ်းမှုမဖြစ်ပေါ်လို့ ပြုလုပ်မှု(**ကမ္မဘဝ**) မဖြစ်ပေါ်ဘူး။ (**ဥပါဒါနနိရောဓာ ဘဝနိရောဓော**)။ ပြုလုပ်မှု ကမ္မဘဝ (ကံ) မရှိခြင်းကြောင့် ဘဝသစ်မဖြစ်ပေါ်ဘူး။ (**ဘဝနိရောဓာ ဇာတိနိရောဓော**)။ ဘဝသစ် မဖြစ်ခြင်းကြောင့် မအိုရ မနာရ မသေရတော့ဘူး။ စိုးရိမ်ပူဆွေးမှုတွေ ငိုကြွေးမှုတွေ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေလဲ မဖြစ်တော့ဘူး၊ (**ဇာတိ နိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ**)။ နောက်နောက်ဘဝတွေလဲ မဖြစ်ပေါ်တော့ဘူး ဆိုတော့ ဝဋ်ဆင်းရဲငြိမ်းသွားပြီ၊ မရှိတော့ဘူး။ ဒါကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပုဒ်က –

**မသာယာဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။**

**မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထို့ပြင် ခံစားသည်။**

**သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲ ကုန်ခန်းသည်။**

**ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာ ကျင့်ရသည်**

လို့ ဆိုတာပါ။

## တကယ်လို့ မရှုမှတ်မိရင်

တကယ်လို့ မြင်ရတဲ့အဆင်းကို မရှုမှတ်မိရင်တော့ မြင်စိတ် ဖြစ်ရုံမျှနဲ့ မရပ်ဘဲ မြင်ရတဲ့အဆင်းရဲ့ အကြမ်းဖျင်း ပုံသဏ္ဌာန်ပညတ်ရော အသေးစိတ်တွေပါ စိတ်ထဲမှာ ထင်ပေါ် လာတဲ့အတွက် ကောင်း မကောင်းသဘောတွေ ထင်ရှားလာ တော့ ခံစားမှုကလဲ ကောင်းတာကို ကောင်းတယ်၊ မကောင်း တာကို မကောင်းဘူးလို့ ခံစားပေလိမ့်မယ်၊ အဲဒီလိုဆိုရင် ကောင်းတာကို သာယာနှစ်သက် တပ်မက်တဲ့တဏှာ၊ မကောင်း တာကို မနှစ်မြို့တဲ့ဒေါသတွေ ဖြစ်ပေါ်လာတော့မယ်။ တပ်မက် မှုတဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်၊ စွဲလမ်းမှု ဥပါဒါန်ကြောင့် ပြုလုပ်မှု ကမ္မဘဝ(ကံ)၊ ပြုလုပ်မှု ကမ္မ ဘဝကြောင့် ဘဝသစ် တဖန် ဖြစ်ရပြန်ဦးမယ်။ ဘဝသစ်ဖြစ်ရင် အို နာ သေစတဲ့ ဝဋ်ဆင်းရဲတွေနဲ့ သံသရာရှည်ရဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com



## သံသရာရှည်ခြင်းရဲ့အကြောင်း

အခုလို သံသရာရှည်ရတဲ့အကြောင်းကတော့ မရှုမှတ်မိတဲ့အတွက် ခံစားမှုက သာယာတပ်မက်မှုတဏှာ ဖြစ်ပေါ်အောင် ပြုလုပ်ပေးလိုက်လို့ပဲ။ ဒီတော့ ခံစားမှုကတော့ ဘာကြောင့်ဖြစ်ပေါ်လာသလဲ အကြောင်းရှာကြည့်သင့်ပါတယ်။ အကြောင်းရှာတော့ ခံစားမှုဟာ အာယတနနဲ့အာရုံတွေ့ဆုံမှု (ဖဿ)ကြောင့် ဖြစ်တာပဲ။ **ဖဿပစ္စယာ ဝေဒနာ**ပေါ့။ စက္ခာယတန(မျက်စိ)ရှိလို့ အဆင်းအာရုံနဲ့တွေ့ဆုံတယ်။ သောတာယတန(နား)ရှိလို့ အသံအာရုံနဲ့တွေ့ဆုံတယ်။ ဃာနာယတန(နှာခေါင်း)ရှိလို့ အနံ့အာရုံနဲ့တွေ့ဆုံတယ်။ ဇိဝှါယတန(လျှာ)ရှိလို့ အရသာအာရုံနဲ့တွေ့ဆုံတယ်။ ကာယာယတန(ကိုယ်)ရှိလို့ ထိတွေ့စရာအာရုံနဲ့တွေ့ဆုံတယ်။ မနာယတန(စိတ်)ရှိလို့ စဉ်းစားကြံတွေးစရာသဘောအာရုံနဲ့ တွေ့ဆုံတယ်။ အာယတနခြောက်ပါးကြောင့်အာရုံနှင့်တွေ့ဆုံမှု (ဖဿ) ဖြစ်ပေါ်တယ်။ **သဠာယတန ပစ္စယာ ဖဿော**ပေါ့။ ဒီအာယတနခြောက်ပါးကတော့ ပဋိသန္ဓေစိတ်ကလေးဖြစ်ပြီးတဲ့နောက် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာတဲ့ နာမ်အဆက်ဆက် ရုပ်အဆက်ဆက်ကြောင့် ဖြစ်ပေါ်လာတာပဲ။ **နာမရူပ ပစ္စယာ သဠာယတနံ**ပေါ့။ တဘဝရဲ့ အစဆုံး ပဋိသန္ဓေစိတ် ကလေးဖြစ်လာတော့ သူ့နောက်က နာမ်တွေ ရုပ်တွေကလဲ ဆက်ကာဆက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာတော့တာပဲ။ **ဝိညာဏ ပစ္စယာ နာမရူပံ**ပေါ့။ အဲဒီ တဘဝရဲ့အစဆုံး ပဋိသန္ဓေစိတ် ကလေးကတော့ အရင်ဘဝက ပြုလုပ်ခဲ့တဲ့ သင်္ခါရ(အလုပ်) ကြောင့် ဖြစ်ပေါ်ရတာပဲ။ **သင်္ခါရပစ္စယာ ဝိညာဏံ**ပေါ့။ အဲဒီ သင်္ခါရခေါ်တဲ့ ကောင်းတဲ့အလုပ် မကောင်းတဲ့အလုပ်ကို မသိလို့(**အဝိဇ္ဇာ**) ပြုလုပ်မိတာပဲ။ မသိလို့ဆိုတာ ဆင်းရဲအမှန်ကို မသိတာ၊ ဆင်းရဲဖြစ်ကြောင်းအမှန်ကို မသိတာ၊ ဆင်းရဲ ချုပ်ငြိမ်းခြင်း အမှန်ကို မသိတာ၊ ဆင်းရဲချုပ်ငြိမ်းကြောင်း အကျင့်လမ်း အမှန်ကို မသိတာ၊ အဲဒီ အမှန်လေးပါးကို မသိတာဟာ **အဝိဇ္ဇာ**ပဲ။ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ**ပေါ့။

အဲဒီလို စသည်ဖြင့် အကြောင်းအဆက်ဆက်ကြောင့် အကျိုးအဆက်ဆက် ဆက်ကာဆက်ကာ ဖြစ်ပေါ်ပြီး ပြန်ပြန်လည်သွားတာဟာ ဆုံးတယ်လို့ မရှိဘူး။ ဒါကြောင့် **ဝဋ္ဋ**=လည်နေတဲ့တရားလို့ ခေါ်ရတယ်။ အလွယ်ခေါ်ရင် ဝဋ်တရားပေါ့။ အဲဒီလို လည်နေသမျှ ကာလပတ်လုံး ဆင်းရဲချည်းပဲ။ ဒါကြောင့် ဝဋ်ဆင်းရဲလို့ ခေါ်ကြရတယ်။

အဲဒီဝဋ်ဆင်းရဲကို မြတ်စွာဘုရားရဲ့ **ပဋိစ္စသမုပ္ပါဒ်** ဒေသနာတော်အတိုင်း အစက စပြီးပြောရရင်–မသိလို့ ပြုလုပ်မိသည်၊ ပြုလုပ်မိလို့ ပဋိသန္ဓေစိတ်ဖြစ်သည်။ ပဋိသန္ဓေစိတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နာမ်ရုပ်အဆက်ဆက်ဖြစ်သည်။ နာမ်ရုပ်အဆက်ဆက်ကြောင့် အာယတနခြောက်ပါး ဖြစ်သည်။ အာယတနခြောက်ပါးကြောင့် အာရုံခြောက်ပါးနှင့် တွေ့ဆုံမှုဖြစ်သည်။ တွေ့ဆုံမှုကြောင့် ခံစားမှုဖြစ်သည်။ ခံစားမှုကြောင့် သာယာနှစ်သက်တပ်မက်မှု ဖြစ်သည်။ သာယာ နှစ်သက်တပ်မက်မှုကြောင့် စွဲလမ်းမှုဖြစ်သည်။ စွဲလမ်းမှုကြောင့် ပြုလုပ်မှုဖြစ်သည်။ ပြုလုပ်မှုကြောင့် ဘဝသစ်(ပဋိသန္ဓေစိတ်)ဖြစ်သည်။ ဘဝသစ်ဖြစ်ခြင်းကြောင့် အိုရသည် သေရသည် စိုးရိမ်ပူဆွေး ငိုကြွေးကြရသည် ကိုယ်ဆင်းရဲကြရသည် စိတ်ဆင်းရဲကြရသည် စိတ်နှလုံးပြင်းစွာ ပူလောင်ပင်ပန်းကြရသည်။ ဤပုံဤနည်းဖြင့် ချမ်းသာမဖက် ဆင်းရဲသက်သက်ဖြစ်သော ဒုက္ခအစုအပုံကြီး (တပတ်ပြီး တပတ် လည်ပတ်လျက်) ဖြစ်နေသည်။ မရှုမှတ်ရင် အလည်မရပ်၍ ထပ်ကာ ထပ်ကာ ဆင်းရဲနေမည်။ ရှုမှတ်ရင် အလည်ရပ်၍ ဆင်းရဲအဆုံးသတ်ကာ ချမ်းသာကို ရမည်။

## မြင်တာကို ရှုမှတ်သူ

ဒီနေရာမှာ **ခဂ္ဂဝိသာဏသုတ်** ဒေသနာတော်မှာ လာတဲ့ အကြောင်းအရာတခု ကြည့်ကြရအောင်။ သာသနာပ တချိန်မှာ ဗာရာဏသီပြည်မယ် ဒကာတယောက် ဈေးနားက လမ်းဘေးမှာ ရပ်ပြီးတော့ လမ်းသွားလမ်းလာတွေကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ အဲဒီလို ကြည့်နေခိုက်မှာ ခပ်လှမ်းလှမ်းက ချောမောလှပတဲ့ ဇနီးမောင်နှံနှစ်ယောက် လျှောက်လာတာကို လှမ်းမြင်ရတော့ 'ဒီဇနီးမောင်နှံနှယ် ရှေ့သွားနောက်လိုက် ညီလိုက်တာ' လို့ ဆိုပြီး ပိုပြီးဂရုစိုက်ကြည့်မိတယ်။ ပိုပိုနီးလာတော့ သူ့မျက်စိက ဇနီးဖြစ်သူကိုပဲ ကြည့်မိနေပြီး တဖြေးဖြေး နှစ်သက်ချစ်ခင်စိတ်တွေ ဝင်လာတယ်။ ပထမတော့ သူ့စိတ်ကို သူ သတိမပြုမိဘူး။ မကြာခင်ပဲ သတိပြုမိလာတော့ 'ဟယ်... ငါ့စိတ်တွေ သူများဇနီး ပြစ်မှားစိတ်တွေ ဖြစ်နေပါလား၊ ဒီအတိုင်းဆိုရင် မဖြစ်ဘူး၊ ငါ ဒုက္ခရောက်မှာ သေချာတယ်' လို့ သတိရပြီး စိတ်က အလိုလို မြင်တယ် မြင်တယ်လို့ မြင်စိတ်ကို ထပ်ကာ ထပ်ကာ ရှုမိနေတယ်။ သာသနာပ ဆိုတော့ ဒီလိုရှုရမယ်လို့ သူ့ကို အရင်က ဘယ်သူမှ သင်မပေးဖူးဘဲနဲ့ အလိုလို ရှုမှတ်မိပြီးသား ဖြစ်နေတာပဲ။ ရှေးရှေးဘဝပေါင်းများစွာမှာ သူ သတိပဋ္ဌာန်နည်းအရ ရှုမှတ်ပွားများတဲ့ တရားအလုပ်ကို ကြိုးကြိုးစားစား ပွားများအားထုတ်ခဲ့တာ များခဲ့တဲ့အတွက် ရှုမှတ်တဲ့အထုံက ပါလာတော့ ခုဘဝမှာလဲ ဘယ်သူမှ သင်မပေးရဘဲနဲ့ အချိန်တန်တော့ ရှုမှတ်စိတ်က အလိုလို ပေါ်လာတာပဲ။

သူရဲ့ ရှုမှတ်စိတ်က အားကောင်းတော့ အမျိုးသမီးရဲ့ ပုံသဏ္ဍာန် အကြမ်းဖျင်းရော အသေးစိတ်ပါ ပျောက်သွားပြီး မြင်ရုံမျှ မြင်ရုံမျှပဲ စိတ်ဖြစ်နေတယ်။ ချစ်ခင်နှစ်သက်စိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



လဲ လုံးဝမဖြစ်တော့ဘူး။ သူ ဆက်ပြီး ရှုနေတော့ မြင်ရတဲ့ အဆင်း၊ မြင်စိတ်၊ မြင်တာကိုရှုတဲ့ ရှုစိတ်အားလုံးဟာ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတာချည်း သူ တွေ့ရပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောတွေပါ ဉာဏ်ထဲသက်ဝင်လာတော့ နောက်ဆုံး မှာ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ရရှိကာ ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ အဲဒီတော့ သူ့ကိုယ်က လူဝတ် လူစားတွေ ပျောက်သွားပြီး ရဟန်းအဝတ်သင်္ကန်းနဲ့ သပိတ်ပါ လွယ်ပြီး သား ဖြစ်သွားတယ်။ အဲဒီအချိန်မှာပဲ ရှင်ပစ္စေကဗုဒ္ဓါတို့ စံရာဖြစ်တဲ့ ဟိမဝန္တာ နန္ဒမူလိုဏ်ဂူသို့ ဈာန်အဘိညာဏ် တန်ခိုးတော်နဲ့ ကြွသွားတော်မူတယ်။

ဒီဒကာကတော့ လောင်စပြုနေတဲ့ ရာဂမီးကို လွတ်အောင်မပြေးဘဲ သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန်ရေအေးနှင့် ခုခံ ပက်ဖြန်းပြီး ငြိမ်းသတ်ကာ အနိုင်ယူလိုက်တဲ့အတွက် ရာဂမီး ဘေးက လွတ်ပြီး ထာဝရချမ်းသာ ရှင်ပစ္စေကဗုဒ္ဓါအဖြစ် ရသွားတယ်။

ပစ္စေကဗုဒ္ဓါဖြစ်တော့ ကိလေသာ အာသဝေါ လုံးဝ ကုန်ခန်းသွားပြီဖြစ်တဲ့အတွက် နောက်ဘဝအသစ် မဖြစ်တော့ဘဲ ဝဋ္ဋဆင်းရဲ လုံးဝငြိမ်းသွားတယ်။ အဲဒါ မြင်တာကို ရှုမှတ်တဲ့အတွက် ရရှိတဲ့ အကျိုးတရားပဲ။ ဘယ်ဘက်ကမ်းမှ မကပ်ဘဲ၊ ရေလယ်မှာလဲ မမြုပ်ဘဲ မဂ္ဂင်ရေယဉ်ကြော မျောပြီး နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို စီးဝင်သွားတာပဲ။ ဝဋ္ဋဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



(ပဋိစ္စသမုပ္ပါဒ်) အလည်ရပ်ပြီးတော့ ဆင်းရဲအဆုံးသတ်သွား တာပဲ။

မြင်လျှင်မြင်ချင်း၊ လက်ငင်းမှတ်လျှင်။
မြင်ရုံတင်ရပ်၊ ပညတ်မထင်။
ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက်သိမြင်။
အနိစ္စ ဒုက္ခ သဘောထင်။
ဝဋ်ဒုက္ခ၊ မုချငြိမ်းသည်ပင်။

အဆင်းမြင်ရ၊ ရှုမှတ်က၊ ရာဂကင်းတော့သည်။
မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။
မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထို့ပြင်ခံစားသည်။
သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲကုန်ခန်းသည်။
ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်။
အနိစ္စမြင်၊ ဒုက္ခထင်၊ အနတ္တလဲမြင်လေသည်။
အနိစ္စသညီနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။
(မေဃိယသုတ်)

အခုပြောပြခဲ့တဲ့ ဒကာရဲ့ ဖြစ်စဉ်ထဲမှာ ဒီဒကာ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးတော့ ရဟန္တာမဖြစ်ဘဲ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတာ သတိထားမိကြမှာပေါ့။ ဘုရားမပွင့် တဲ့ သာသနာပအချိန်မှာ ရဟန္တာဆိုတာ မရှိဘူး၊ ပစ္စေကဗုဒ္ဓါပဲ ရှိတယ်။ ဘုရားပွင့်လို့ ဘုရားသာသနာတော် ထင်ရှားရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သာသနာတွင်း အချိန်မှာသာ ရဟန္တာ ရှိတယ်။

အခုပြောခဲ့တဲ့အတိုင်း ဝဋ္ဋဆင်းရဲလည်ပတ်ပုံ အကျဉ်းချုပ်သဘောနဲ့ **ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာမှာ** ဖော်ပြထားတဲ့ မြင်တာကို ရှုမှတ်လို့ အရှင်ပစ္စေကဗုဒ္ဓါ ဖြစ်သွားတဲ့ ဒကာ တယောက်အကြောင်းကို နာကြားရတော့ အတော်လေး နား လည်သဘောပေါက်ကြမှာပေါ့။ အဲဒီလို သဘောပေါက်ကြရင် ဒီဘက်ကမ်းလဲ မကပ် ဟိုဘက်ကမ်းလဲ မကပ် ရေလယ်မှာ လဲ မမြုပ်ရအောင် မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားတိုင်း ထိတိုင်း သိတိုင်း ကြံတွေးတိုင်း ရှုမှတ်မှသာ အကျိုးများမယ် ဆိုတာ နားလည်ရတယ်။ အဲဒီလို နားလည်သဘောပေါက်တဲ့အတိုင်း အကျိုးများသထက် များအောင် မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားတိုင်း ထိတိုင်း သိတိုင်း ကြံတွေးတိုင်း ရှုမှတ်ပွားများ ကြိုးစားအားထုတ်ကြခြင်းအားဖြင့် ဟိုဘက် သည်ဘက် ရေလယ်ချက်နှင့် ကုန်းထက်မတင် လူပင်မဆယ် နတ်မဆယ်ဘဲ ဝဲဝယ်မမြုပ် ဆွေးမပုပ်တဲ့အတွက် သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မျောလို့ သမုဒ္ဒရာတည်းဟူသော နိဗ္ဗာန်သို့ စီးဝင်နိုင်ကြပါစေ။

**(ဆရာတော်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ဘုရား။)**

**သာဓု သာဓု သာဓု။**

www.burmeseclassic.com

www.burmeseclassic.com

# သစ်တုံးဥပမာ ဒေသနာ

## ဒုတိယပိုင်း

၁၃၅၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၃)ရက်၊
နှစ်ဆန်းတရက် တနင်္လာနေ့

သာသနာတော်နှစ် ၂၅၃၇ ခုနှစ်၊* မြန်မာ ၁၃၅၇ ခုနှစ်၊ ဦးတန်ခူး လပြည့်ကျော် (၃)ရက်၊ နှစ်ဆန်းတရက် တနင်္လာနေ့၊ ၁၉၉၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့၊ ညနေ ၄ နာရီထိုးဖို့ ၄ မိနစ်အလိုမှာ ဘုန်းကြီးတို့ တရားပွဲ စပါတယ်။

---

* သာသနာတော်နှစ်ဆန်းသည် မြန်မာနှစ်ဆန်းနှင့် မတူပါ။ သာသနာနှစ်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ရေတွက်ရပါသည်။ သို့ဖြစ်၍ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်ကျော် ၁ ရက်နေ့ ရောက်မှ သာသနာတော် တနှစ် စတင်ပြောင်းပါသည်။ ယနေ့သည် ဦးတန်ခူး လပြည့်ကျော် ၃ ရက်နေ့သာ ရှိသေးသဖြင့် သာသနာနှစ် မပြောင်းသေးပါ။ မြန်မာနှစ်သည်သာလျှင် ၁၃၅၆ ခုနှစ် ကုန်ဆုံး၍ ၁၃၅၇ခုနှစ်သို့ ပြောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဒါရုက္ခန္ဓောပမသုတ်ဒေသနာတော် ဆက်ပြီး ဟောရမှာမဟုတ်လား။ ၁၃၅၇ ခုနှစ်ရဲ့ အစဆုံးနေ့ နှစ်ဆန်း ၁ရက်ဖြစ်တော့ နှစ်ဦးပူဇာတရားလဲ ချီးမြှင့်ရဦးမယ် မဟုတ်လား။* ဆွမ်းတရားလဲပါရဦးမယ်။ ဟုတ်ကဲ့လား။ ကျောင်းတရား၊ ဒါနတရားကလဲ ပါရဦးမယ်ဆိုတော့ ညရှစ်နာရီ နဲ့မှ ပြီးပါ့မလားမသိဘူး။ (ပြီးပါတယ်ဘုရား။) မပြီးရင် ဘယ့်နှယ့်လုပ်မလဲ။ (ဆက်ဟောပါဘုရား။) အေး ဟုတ်ပြီ။ သူများတွေ ပြန်သွားလဲ ဒို့နဲ့ ကိုရင်နဲ့ နှစ်ပါး တည်းပေါ့ကွာနော်။

ကဲ...သစ်တုံးဥပမာဒေသနာ ဆက်ကြစို့။ အရင် တရားပတ်က ဒီဘက်ကမ်းကပ်တယ် ဟိုဘက်ကမ်းကပ်တယ် ရေလယ်မှာ မြုပ်တယ်ဆိုတဲ့အကြောင်း ပြောခဲ့ပြီးပြီ။ အခု သောင်ကုန်းမှာ တင်တယ်ဆိုတဲ့ အချက်ကို ပြောရမယ်။ သောင်ကုန်းမှာ တင်တယ်ဆိုတာ ငါ ငါဆိုပြီး မာနတက်နေ တာကိုဆိုလိုကြောင်း မြတ်စွာဘုရား မိန့်တော်မူတယ်။ သောင် ကုန်းမှာတင်တယ်ဆိုတာ **အသ္မိမာန**။ သောင်ကုန်းက မြင့် မောက်နေသလို မာနရှိသူရဲ့ စိတ်နေ စိတ်ထားကလဲ မြင့် မောက်နေတယ်။ ငါ ငါဆိုတဲ့မာန၊ ငါ သူတပါးထက်

☆ **နှစ်ဦးပူဇာတရားကို သီးခြားထုတ်၍ ဤတရားတော်အဆုံး၌ သီးခြား တရားတပုဒ်အဖြစ် ပူးတွဲဖော်ပြထားပါသည်။**

www.burmeseclassic.com

www.burmeseclassic.com



တော်တယ်တတ်တယ် သိတယ်လို့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဘဝင်မြင့်နေတာ၊ ငါ သူတပါးထက် ရာထူးကြီးတယ်၊ ပစ္စည်းဥစ္စာ ပိုပြီး ချမ်းသာတယ်၊ ပိုပြီး ရုပ်ရည်ရူပကာယ ချောမောလှပတယ် စသည်ဖြင့် စိတ်နေ မြင့်မောက်တက်ကြွနေတာ၊ တိမ်ကြားထဲ စိတ်ရောက်နေတာကို ဆိုလိုတာပေါ့။

အဲဒီလိုလူမျိုးဟာ လောကကြီးကို လူတွေကို သဘာဝကျကျ အသိမှန် အမြင်မှန်နဲ့ သိနိုင်မြင်နိုင်ပါ့မလား။ (မသိမြင်နိုင်ပါဘုရား)၊ အဲဒီလိုမသိမြင်နိုင်ရင် လောကကြီးနဲ့ အဆင်ပြေနိုင်ပါ့မလား။ (မပြေနိုင်ပါဘုရား)၊ ဒီလိုဆိုရင် အဲဒီလူပြောသမျှ လုပ်သမျှ သူ့ဟာသူ ဟုတ်လှပြီလို့ ထင်ပေတဲ့လဲ တကယ်တော့ မဟုတ်တာတွေ မှားတာတွေပဲ များမယ်မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ လောကအမြင်ကမှ အမြင်မမှန်ဘဲကိုး၊ သူ့အသိဉာဏ်ကို ဘဝင်မြင့်တဲ့ မာန တိမ်သလာက ဖုံးထားတော့ အမှန်ကို မသိမမြင် မပြော မလုပ်နိုင်ဘူးပေါ့။ ဟုတ်ကဲ့လား။ စိတ်နေမြင့်မောက် တက်ကြွတာကို ဘာလို့ခေါ်တာလဲ။ မာန၊ ဟုတ်ကဲ့လား၊(ဟုတ်ပါတယ်ဘုရား။) အဲဒီမာန ရှိနေသမျှ သူတပါးကို ဆရာတင်ပြီး သူ တရားအားထုတ်ပါ့မလား၊ (မထုတ်ပါဘုရား။) တကယ်လို့ အားထုတ်သည့် တိုင်အောင် ဆရာ ညွှန်ကြားတဲ့အတိုင်း ကျိုးကျိုးနွံနွံ ရိုရိုသေသေ လိုက်နာ အားထုတ်ပါ့မလား၊ သူက မာနရှိနေတော့ ဘယ်လိုက်နာပေါ့

www.burmeseclassic.com



မလဲ၊ ဒီတော့ သူ့မာနကြောင့် ဝိပဿနာ သတိ သမာဓိဉာဏ် ဖြစ်နိုင်ပါ့မလား၊ (မဖြစ်နိုင်ပါဘုရား။) ဒီလိုဆိုရင် မဂ္ဂင်ရေယဉ်ကြော မမျောနိုင်ဘူးပေါ့။ အဲဒါဘာကြောင့်လဲ၊ (သောင်ကုန်း ပေါ်တင်နေလို့ပါဘုရား။) အဲဒီတော့ နိဗ္ဗာန်သမုဒ္ဒရာကို ရောက်ပါဦးမလား၊ (မရောက်တော့ပါဘုရား။) သတိထားစရာ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

ဒီတော့ လောကနဲ့ တသားတည်းဖြစ်ပြီး အဆင်ပြေပြေ နေချင်ရင်၊ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကိုရောက်ချင်ရင် မာန သောင်ကုန်းပေါ် မတင်စေနဲ့ပေါ့။ အဲဒီလိုမတင်ရအောင် မင်္ဂလာတရားတော်အတိုင်း ကျင့်ပေါ့။ ဟောဒီမှာ မင်္ဂလာတရားတော်–

**'ဂါရဝေါစ–ရတနာသုံးဖြာ၊ ဆရာမိဘာ၊ သီလစင်ကြယ်၊ သက်ရွယ်ကြီးသူ၊ ဂုဏ်ကြီးသူနှင့်၊ စင်ဖြူစိတ်ထား၊ သူတော်များကို၊ စိတ်ထားရိုသေ၊ နှုတ်ရိုသေ၍၊ ရိုသေကိုယ်မှူ၊ အလေးအမြတ်ပြုခြင်းသည်လည်း ကောင်း။ နိဝါတောစ–ရာထူးဂုဏ်သိရ်၊ ပညာရှိန်နှင့်၊ စည်းစိမ်ခြွေရံ၊ ဂုဏ်ရှိန်ခံ၍၊ မောက်မာန်မကြွ၊ ကိုယ်နှိမ့်ချလျက်၊ ခြေချပုဆိုး၊ မြွေစွယ်ကျိုးနှင့်၊ ချိုကျိုးသောနွား၊ ပမာလားသို့၊ ပိပြားစွာနေခြင်းသည်လည်းကောင်း၊ ဥတ္တမံ–ချမ်းသာဆောင်တတ်၊ လွန်ထူးမြတ်သည်၊**

www.burmeseclassic.com

www.burmeseclassic.com



**မင်္ဂလံ–ကြီးပွားချမ်းသာကြောင်း၊ ကောင်းမြတ်သော မင်္ဂလာပါပေတည်း။'**

## သောင်ကုန်းမှာတင်သူ

မြတ်စွာဘုရားလက်ထက်က အရှင်ဆန္နဆိုတဲ့ ရဟန်း တပါး ရှိတယ်။ သူ့ကို ဗုဒ္ဓဘာသာဝင်အားလုံးလောက် သိကြတယ်။ သူက မြတ်စွာဘုရားနှင့် တနေ့တည်းဖွားတဲ့ ဖွားဘက်တော်လဲ ဖြစ်တယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသား တောထွက်တဲ့အခါ ပါသွားတဲ့အဖော်လဲ ဖြစ်တယ်။ သူ့ကို ဆန္နအမတ်လို့လဲခေါ်ကြတယ်။ မြင်းမြီးဆွဲ မောင်ဆန်လို့ လဲ ခေါ်ကြတယ်။ တချို့က ဘုရားအလောင်း တောထွက်တဲ့ အခါ မြင်းရဲ့အမြီးကို နောက်ကဆွဲပြီးလိုက်သွားတယ်လို့ ဆိုကြ တယ်။ နေရဉ္ဇရာမြစ်နားမှာ ဘုရားအလောင်းတော် ဆံရိတ်ပြီး ရသေ့ပြုသွားတော့ သူ ကပ္ပိလဝတ်ပြည်ကို ပြန်ခဲ့တယ်။ အဲဒါကြောင့် သူ့ကို ဗုဒ္ဓဘာသာဝင် အားလုံးလောက်က သိကြတယ်။ နောက်ကျတော့ သူ ရဟန်းပြုပြီး တရားအား ထုတ်တယ်။ ဒါပေတဲ့ 'ငါ မြတ်စွာဘုရားရဲ့ ဖွားဘက်တော်ပဲ၊ မြင်းမြီးဆွဲ မောင်ဆန်ပဲ' လို့ စိတ်ကြီးဝင် ဘဝင်မြင့်နေပြီး ဘယ်ရဟန်းတော်ရဲ့ အဆုံးအမကိုမှ မနာယူဘူး။ ဘယ်သူ့ အပြောမှ မခံဘူး။ သူက အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့ကိုတောင်မှ မခန့်လေးစားနဲ့ အပြစ်ပြောတယ်။ အပြစ်မပြော

www.burmeseclassic.com

www.burmeseclassic.com



ဖို့ မြတ်စွာဘုရား ဆုံးမတာတောင်မှ ဆုံးမသခိုက်ပဲ နားထောင်ပြီးတော့ နောက်ကျ ပြန်ပြီး အပြစ်ပြောပြန်တယ်။ အဲဒီလောက်ကျအောင် သူ့မာနက ထိပ်တက်နေတယ်။ သောင်ကုန်း အမြင့်ကြီးပေါ် တင်နေတာပေါ့လေ။ မဂ္ဂင်ရေယဉ်ကြော မမျောတော့တဲ့အတွက် သူ တရားမရဘူး။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးကျတော့ အရေးကြီးလို့ မြတ်စွာဘုရား မိန့်မှာတော်မူခဲ့တဲ့ အချက်တွေထဲမှာ ရဟာန်းတော်ဆန္နအတွက်လဲ တချက်ပါတယ်။ မြတ်စွာဘုရားက အရှင်အာနန္ဒာကို "ဒို့ပရိနိဗ္ဗာန်စံရင် သံဃာက ဆန္နကို **ဗြဟ္မဒဏ်** ထားကြ" လို့ မိန့်မှာတော်မူခဲ့တယ်။ **ဗြဟ္မဒဏ်**ဆိုတာ ဒါလောက်တောင် ပြောမရ ဆိုမရတဲ့ရဟာန်း သူ့ကို ဘာမှ မပြောကြ မဆိုကြနဲ့၊ သူ့ဟာသူ ကောင်းကောင်းဆိုးဆိုး ပြောချင်ရာပြော လုပ်ချင်ရာလုပ်ပစေ၊ ပစ်သာထားလိုက်ကြ ဆိုတဲ့သဘောပဲ။ ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော် မူတော့ မြတ်စွာဘုရားရဲ့ အမိန့်တော်အတိုင်း သံဃာတော်များ က အရှင်အာနန္ဒာကို တာဝန်ပေးပြီး ဆန္နရဟာန်းကို **ဗြဟ္မဒဏ်** ထားလိုက်ကြတယ်။ အဲဒါဟာ မြတ်စွာဘုရားရဲ့ ဆုံးမတော် မူနည်း တခုပဲ၊ သတိထား မှတ်သားစရာကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို **ဗြဟ္မဒဏ်ထားလို့ ဗြဟ္မဒဏ်ရဲ့** သဘောကို ရှင်းပြလိုက်တော့ ဆန္နဟာ သူ့ကို ဘယ်သူကမှ အဖက်လုပ် မပြောကြမဆိုကြမှာကို တွေးမိပြီး ဝမ်းနည်းပက်လက်ဖြစ်ကာ မေ့မျောသွားသလိုတောင် ဖြစ်သွားတယ်။ ဒီတော့မှ သူ့အမှား တွေကို သူသိလာတော့ သံဃာတော်ကို သူ ဝန်ချတောင်းပန်ပြီး သံဃာတော်များရဲ့ စကားကို နာယူပါမယ်လို့ ဝန်ခံကတိ ပေးတယ်။ အဲဒီနောက် သူ့စိတ်ကို သူ ပြင်လိုက်တယ်။ ဒီတော့ ရဟန်းတော်ဆန္န သောင်ကုန်းထိပ်က လိမ့်ကျပြီး ဂင်္ဂါမြစ်ကမ်း ရေစပ်နားရောက်သွားတယ်လို့ ဆိုရမှာပေါ့။ သူ တရားသိရေး တရားတွေ့ရေးကို ပိတ်ပင်တားဆီးထားတဲ့ သူ့မာနကို သူ ပယ်ရှားပစ်လိုက်တယ်။ အဲဒီတော့မှ သူ တရားကို ရိုရိုသေသေ ကြိုးကြိုးစားစား အားထုတ်တဲ့အတွက် ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်ပြီး နောက်ဆုံးမှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်အထိ ရရှိသွားပြီး ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်သွားတယ်။ သူသာ သောင်ကုန်းထိပ်မှာ တင်မနေရင် မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်အခါမှာပဲ သူ ဒီတရားကို ရမှာ၊ အခုတော့ သောင်ကုန်းထက် တက်နေ တာနဲ့ အတော်ကြီးကို နောက်ကျသွားတယ်။ ဒါကြောင့် မိမိတို့ကိုယ်တိုင် သောင်ကုန်းမှာ မတင်မိအောင် သတိကြီးကြီး ထားပြီး တရားကို များများ ရှုမှတ် ပွားများအားထုတ်ကြဖို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## လူဆယ်ခြင်း

နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာဆီရောက်ရေးကို တားဆီးတဲ့ နောက်တခုကတော့ လူဆယ်ခြင်းလို့ မြတ်စွာဘုရား မိန့်တော်မူတယ်။ ဒီအချက်ကတော့ ရဟန်းတော်များနှင့်သာ သက်ဆိုင်ပါတယ်။ လူ ဒကာ ဒကာမတွေနဲ့ မသက်ဆိုင်လှပါဘူး။ သို့သော်လဲ ဒကာ ဒကာမတွေလဲ သိထားသင့်တဲ့ အချက်ပဲ။ ရဟန်းတော်များ မိမိတို့ရဲ့ ရဟန်းအလုပ်ဖြစ်တဲ့ တရားစာပေ သင်ကြားပို့ချခြင်း **ပရိယတ္တိ**၊ တရားဘာဝနာ ပွားများအားထုတ်ခြင်း **ပဋိပတ္တိ**ဆိုတဲ့ သာသနာ့အလုပ်တွေကို ကြိုးကြိုးကုတ်ကုတ် အားမထုတ်ဘဲ လူ ဒကာ ဒကာမတွေနဲ့ သာ ရောနှောနေရင် အဲဒီရဟန်း လူဆယ်တာပဲလို့ မိန့်တော်မူတာပါ။ ဒီနေရာမှာ မြတ်စွာဘုရားက **ဣဓ ဘိက္ခဝေ ဘိက္ခု သုခိတေသု သုခိတော ဒုက္ခိတေသု ဒုက္ခိတော** စသည်ဖြင့် ရှင်းရှင်းပဲ ဟောတော်မူပါတယ်။ ဆိုလိုတာကတော့ ဘုန်းကြီးက ဘုန်းကြီးနေ မနေဘဲနဲ့ လူတွေနဲ့ မသင့်လျော်တဲ့ ရောနှောခြင်းနဲ့ ရောနှောပြီဆိုရင် အဲဒီဘုန်းကြီး လူဆယ်ရောတဲ့။ အကြောင်းရှိရှိ မရှိရှိ လူတွေအိမ် သွား၊ လူတွေနဲ့ ရောရောနှောနှော နေ၊ ရဟန်းနဲ့ မသက်ဆိုင်တဲ့ လောကီရေးရာစကားတွေ စုံနေအောင် ပြော၊ လူ ဒကာ ဒကာမတွေမှာ လုပ်စရာကိုင်စရာရှိရင် ကူညီညာလုပ်ပေး စသည်ဖြင့် မသင့်လျော်တဲ့ ရောနှောခြင်းမျိုးနဲ့ ရောနှောတာမျိုး၊ ပြီးတော့ လူ ဒကာ

www.burmeseclassic.com

www.burmeseclassic.com



ဒကာမတွေ စားဝတ်နေရေး စီးပွားရေး အဆင်ပြေရင် ဘုန်းကြီးကပါ ရောပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာ မျိုး၊ အဆင်မပြေပြန်ရင်လဲ ဘုန်းကြီးကပါ စိတ်မချမ်းမသာ ဖြစ်နေတာမျိုး၊ အဲဒီလို စသည်ဖြင့် ရောနှောနေရင် အဲဒီ ဘုန်းကြီးကို လူဆယ်တာပဲ။ ဒီဘုန်းကြီး မဂ္ဂင်ရေယဉ်ကြော မမျောလို့ သမုဒ္ဒရာကို မရောက်နိုင်တော့ဘူး။

အခုခေတ်မှာ တခုခက်တာက တချို့ဒကာ ဒကာမ တွေက ဘုန်းကြီးဆိုတာ လူနဲ့မတူဘူး၊ တခြားစီပဲ၊ လူဆက်ဆံ နည်းမျိုး မဆက်ဆံရဘူး၊ ဘုန်းကြီးက ဘုန်းကြီးပီပီပဲ ဆက်ဆံ ရတယ်ဆိုတာ နားမလည် သဘောမပေါက်ကြတော့ ဘုန်းကြီး ကလဲ လူလိုပဲ ဆက်ဆံစေချင်ကြတယ်။ ဒီတော့ အကြောင်းရှိရှိ မရှိရှိ အိမ်ကို ကြွစေချင်ကြတယ်။ လမ်းတွေ့ရင် နှုတ်ဆက်စေ ချင်ကြတယ်၊ မာကြောင်း သာကြောင်း မေးစေချင်ကြတယ်။ ဘုန်းကြီးပီပီ ဣန္ဒြေသိက္ခာနဲ့ မျက်နှာထား တည်တည်ကြည် ကြည် ထားရင် မျက်နှာကြောတင်းတယ်လို့ ထင်ကြတယ်။ သူတို့ကို စိမ်းတယ်လို့ ထင်ကြတယ်။ မျက်နှာထားချိုပြီး စကားပြောလဲ ပြုံးပြုံးကလေးပြောမှ သဘောကျတယ်။ အဲဒါတွေဟာ ဘုန်းကြီးဆိုတာ လူနဲ့ တခြားစီပါလားလို့ သဘောမပေါက်ကြလို့ဘဲ။

www.burmeseclassic.com

www.burmeseclassic.com



**အသဉ္ဇိ ပုနဗ္ဗသုက ရဟန်းများ**

သို့သော်လဲ ဒီခေတ်ဒီအခါမှ ဒါမျိုးရှိတာ မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီလို ဒကာ ဒကာမတွေကို အပြစ်ဆိုစရာတော့ မဟုတ်ပါဘူး၊ နားလည်အောင် ပြောပြပေးဘို့ပဲ လိုပါတယ်။ မြတ်စွာဘုရား လက်ထက်ကလဲ နားမလည်သေးတဲ့ ဒကာ ဒကာမတွေကို သူတို့အကြိုက်လိုက်ပြီး ရောနှော ဆက်ဆံနေတဲ့ **အသဉ္ဇိ ပုနဗ္ဗသုက**ရဟန်းတွေဆိုတာ **ကိဋ္ဌာဂိရိမြို့**မှာ ရှိခဲ့ဘူးတယ်။ သူတို့က ဒကာ၊ဒကာမ တွေကို တွေ့ရင် ဦးအောင် ပြုံးပြုံး ပြုံးပြုံးနဲ့ နှုတ်ဆက် ပြောဆိုကြတယ်။ 'တွေ့ရတာ ဝမ်းသာသကွာ၊ နေကောင်းကြရဲ့ မဟုတ်လား' စသည်ဖြင့် ဒကာ ဒကာမတွေ အကြိုက် လိုက်လျောပြီး ပြောဆိုဆက်ဆံကြတယ်။ မာကြောင်းသာကြောင်းမေး၊ ပေးစရာရှိပေး၊ ကျွေးစရာရှိကျွေး၊ လုပ်ကိုင်စရာရှိရင်လဲ လုပ်ကိုင်ပေး၊ မကျန်းမာရင်လဲ ဆေးကုပေး၊ ဒကာမတွေအလှပြင်ဘို့ ပန်းတွေပေး၊ ပေါင်ဒါပေး၊ ရေချိုးဆပ်ပြာပေး၊ အမျိုးသမီးတွေနဲ့ ထမင်းတပန်းကန်ထဲ အတူစား၊ ညစာလဲ ဘုဉ်းပေး၊ ယစ်ရွှေရည်လဲ သောက်၊ ကတဲ့အခါက၊ သီချင်းဆိုတဲ့အခါဆို၊ တီးမှုတ်တဲ့အခါတီးမှုတ်၊ အဲဒီလို စသည်ဖြင့် လူတွေလိုပဲ နေထိုင်ရောနှောဆက်ဆံကြတယ်။ ဒီတော့ မသိနားမလည်တဲ့ ဒကာ ဒကာမတွေက သိပ်သဘောကျပြီး ဒါမှ ဒို့ဘုန်းကြီး ဒို့ဘုန်းကြီးနဲ့ သိပ်ကြည်ညိုကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ တကယ်တော့ ဒီဘုန်းကြီးတွေဟာ လူအဆယ်ခံနေရတာပဲ။ ဝိနည်းသိက္ခာနဲ့အညီနေပြီး အကျင့်သိက္ခာနှင့်ပြည့်စုံတဲ့ ရဟန်းတော်တွေကျတော့ သူတို့ မကြည်ညိုကြတော့ဘူး။ ဒါကြောင့် ရဟန်းပီသတဲ့ ရဟန်းကောင်းတွေ **ကီဋာဂိရိမြို့**မှာ မနေနိုင်ကြဘူး။ အကျင့်ပျက်တဲ့ရဟန်းတွေပဲ နေကြသတဲ့။

**ရဟန်းတော်ချင်း ကွာခြားပုံ**

တနေ့မှာ ရဟန်းတော်တပါးက သာကေတမြို့မှာ ဝါဆိုပြီး ဝါကျွတ်လို့ မြတ်စွာဘုရားဖူးဘို့ရာ သာဝတ္ထိမြို့ကို အသွား လမ်းခရီးမှာ **ကီဋာဂိရိမြို့**ကို ရောက်တော့ ဆွမ်းခံချိန်ကျလို့ မြို့ထဲမှာ မျက်လွှာချပြီး ရှုမှတ်ရင်း မနွေးမမြန် ဆွမ်းခံကြွတယ်။ အဲဒီ ရဟန်းတော်ကို လူတွေက မကြည်ညိုကြဘူးတဲ့။ ရိုတောင်မခိုးကြဘူးတဲ့။ ဆွမ်းလောင်းဘို့ဆိုတာ ဝေးရော။ ဆွမ်းခံတဲ့ အရှင်မြတ်က ပြုံးလဲမပြုံး နှုတ်လဲမဆက်ဘဲကိုး။ သွားတာကလဲ ရှုမှတ်ရင်း ဖြေးဖြေးပဲ သွားတယ်။ ဒီတော့ လူတွေရဲ့ စိတ်ထဲမှာ ဒို့**အဿဇိ ပုနဗ္ဗသုက** ဘုန်းကြီးတွေလို မဟုတ်ဘူးဟဲ့။ ဘယ်လို ဘုန်းကြီးမှန်း မသိပါဘူးလို့ ထင်ကြတယ်။ သွားတာကလဲ တုံ့နှေးတုံ့နှေးနဲ့၊ ခြေလှမ်းကလဲ မလှမ်းချင်လှမ်းချင် လှမ်းနေတယ်၊ ခေါင်းကြီးကလဲ ငုံ့လို့၊ မျက်မှောင်ကြီးကလဲ ကုတ်လို့၊ ဒီလိုဘုန်းကြီး ဘယ်သူကလာပြီး ဆွမ်းလောင်းချင်လိမ့်မလဲ။ ဒို့**အဿဇိ**

www.burmeseclassic.com

www.burmeseclassic.com



**ပုနဗ္ဗသုက**ဘုန်းကြီးတွေနဲ့များ ကွာပါ့။ ဒို့ဘုန်းကြီးတွေက ကြွလာလိုက်ပြီဆိုရင် ပြုံးပြုံး ပြုံးပြုံးနဲ့ မျက်နှာက သိပ်ချိုတာ၊ စကားပြောလဲ ပြုံးလို့၊ အသံကလဲ ချိုချိုသာသာ၊ စကားကလဲ ချိုချိုသာသာ၊ ဘယ်တော့မှ မျက်နှာကြောမတင်းဘူး၊ မျက်မှောင်လဲ မကုတ်ဘူး၊ အမြဲတမ်း ပြုံးရွှင်နေတာပဲ။ သိပ်ကြည်ညို စရာကောင်းတာ။ အဲဒီလိုဘုန်းကြီးမှ ဆွမ်းလောင်းချင်ကြတာပေါ့။ အဲဒီလို အချင်းချင်း ပြောကြသတဲ့။

**သဒ္ဓါတရားအစစ်အမှန်ရှိတဲ့ ဒကာများမှာ မနေသာ**

အဲဒီရဟန်းတော် ဆွမ်းခံကြွနေတာကို သဒ္ဓါတရား ပြည့်ပြီး အမြော်အမြင် ပညာရှိတဲ့ ဒကာတယောက်က မြင်တော့ သူ့အရပ်ဒေသရဲ့ အကြောင်းကို သိတဲ့အတွက် ရဟန်းတော်အနား သွားပြီး 'ဆွမ်း ရပါရဲ့လားဘုရား' လို့ မေးတယ်။ ရဟန်းတော်က မရကြောင်း ပြောတော့ ရဟန်း တော်ကို သူ့အိမ်ပင့်သွားပြီး ဆွမ်းကပ်တယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှ 'အရှင်ဘုရား၊ ဘယ်ကို ကြွမှာပါလဲဘုရား' လို့ မေးမြန်းလျှောက်ထားတယ်။ 'မြတ်စွာဘုရားဖူးဖို့ရာ သာဝတ္ထိမြို့ကို သွားမှာပါဒကာကြီး' လို့ ရဟန်းတော်က ဖြေကြားတယ်။

ဒီတော့ ဒကာက 'ဒီလိုဆိုရင် အရှင်ဘုရား၊ တပည့်တော် မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ဦးခိုက်လိုက်ကြောင်း လျှောက်ထားပေးပါဘုရား၊ ပြီးတော့ သာသနာတော်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အလွန်အရေးကြီးတဲ့ ဒီသတင်းစကားလေးလဲ လျှောက်ထားပေးပါဘုရား၊ တပည့်တော်တို့ **ကီဋ္ဌာဂိရိမြို့**မှာ သာသနာတော်ညှိုးမှိန်ဆုတ်ယုတ်နေပါသည်ဘုရား၊ အကြောင်းကတော့ ဒီမှာရှိကြတဲ့ **အဿဇိ ပုနဗ္ဗသုက**အုပ်စုရဟန်းတွေဟာ အကျင့်ပျက်ပြီး လူတွေနဲ့ ရောနှော ဆက်ဆံနေကြတဲ့အတွက် ဖြစ်ပါတယ်၊ သူတို့ဟာ လူတွေရဲ့အကြိုက် လိုက်ပြီး ရဟန်းတော်များနှင့် မသင့်လျော် မအပ်စပ်တဲ့အရာတွေကိုလဲ မြောက်မြားစွာပြုလုပ်ကြပါတယ်၊ ရှေးက သာသနာတော်ကို အစစ်အမှန်ကြည်ညိုပြီး သဒ္ဓါစစ်သဒ္ဓါမှန် ရှိခဲ့ကြသော်လဲ အသိဉာဏ်နည်းပါးတဲ့ ဒကာ ဒကာမတချို့ဟာ အဲဒီရဟန်းတော်တွေပြောတာ လုပ်တာတွေကို ကြည်ညိုကြပြီး သဒ္ဓါတရားအစစ်အမှန်တွေ ပျက်စီးနေကြပါတယ်၊ ဒါကြောင့် အဲဒီဒကာဒကာမတွေဟာ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ ရဟန်းကောင်းရဟန်းမြတ်တွေကို မကြည်ညိုတတ်ကြတော့ပါဘူး၊ ဒါကြောင့်တပည့်တော်တို့ **ကီဋ္ဌာဂိရိမြို့**မှာ ရဟန်းကောင်း ရဟန်းမြတ်တွေ သီတင်းမသုံးနိုင်ကြတော့ပါဘူး၊ အကျင့်ပျက် **ပုနဗ္ဗသုက** အုပ်စုရဟန်းတွေပဲ ရှိနေကြပါတယ်၊ ဒါကြောင့် **ကီဋ္ဌာဂိရိ သာသနာ**ဟာ ညှိုးမှိန်ဆုတ်ယုတ်နေပါပြီ၊ ဒီအတိုင်းသွားရင် သာသနာတော်အတွက် အလွန်ရင်လေးစရာ ဖြစ်ပါတယ်ဘုရား၊ သို့ဖြစ်ပါ၍ ရှင်တော်မြတ်ဘုရား ကြည့်ရှု စောင့်ရှောက်ပေးတော်မူပါရန် တပည့်တော် ခြေတော်ဦးခိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားလိုက်ကြောင်းကိုလဲ မြတ်စွာဘုရားအား လျှောက်ထားပေးပါဘုရား' လို့ ဒကာက အကြောင်းစုံ ရဟန်းတော်ကို လျှောက်ထားလိုက်တယ်။

**ရှင်တော်မြတ်ဘုရား အမိန့်တော်ထား**

ရဟန်းတော်အရှင်မြတ်လဲ သာဝတ္ထိကို ဆက်ကြွလို့ ရောက်တဲ့အခါ ဒကာမှာကြားလိုက်တဲ့ သတင်းစကား အပြည့်အစုံကို မြတ်စွာဘုရားအား လျှောက်ထားလိုက်တယ်။ ဒီတော့မှ မြတ်စွာဘုရားက သံဃာတော်တွေကို စုဝေးစေပြီး ကြားရတဲ့ သတင်းစကား ဟုတ်မဟုတ် မှန်မမှန် မေးမြန်းတော်မူတယ်။ သံဃာတော်များက ဟုတ်မှန်ကြောင်း လျှောက်ထားကြတယ်။ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို **ကီဋာဂိရိ**ကို သွားပြီး **အဿဇိ ပုနဗ္ဗသုက**အုပ်စုရဟန်းတွေကို ပဗ္ဗာဇနီယကံပြု၊ **ကီဋာဂိရိမြို့**မှ နှင်ထုတ်ချေကြလို့ မိန့်တော်မူတယ်။ အရှင်မြတ်နှစ်ပါးက "ရှင်တော်မြတ်ဘုရား၊ **အဿဇိပုနဗ္ဗသုက**ရဟန်းတွေဟာ အလွန် ရိုင်းစိုင်းကြမ်းတမ်းကြပါတယ်၊ သူတို့ကို **ကီဋာဂိရိ**မှ နှင်ထုတ်ဘို့ရာ တပည့်များ စွမ်းနိုင်မည် မထင်ပါဘုရား"လို့ လျှောက်ထားကြတော့ မြတ်စွာဘုရားက သံဃာများများ ခေါ်သွားဘို့ မိန့်ကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နှင်ထုတ်လိုက်ကြပြီ

အရှင်မြတ်ကြီးနှစ်ပါးလဲ မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း သံဃာတော်တွေ မြောက်မြားစွာ ခေါ်ပြီးလျှင် **ကီဋာဂိရိမြို့**ကို ကြွတော်မူကြတယ်။ ရောက်တဲ့အခါမှာ **အဿဇိ ပုနဗ္ဗသုက**ရဟန်းတွေကို ခေါ်ပြီး မေးမြန်းစစ်ဆေးကြတယ်။ ဒကာလျှောက်ထားတဲ့အတိုင်း အကျင့်ပျက်နေကြတာကို တွေ့ကြတော့ သူတို့ကို ပဗ္ဗာဇနီယကံပြုပြီး **ကီဋာဂိရိ**မှ နှင်ထုတ်ကြတယ်။ **အဿဇိပုနဗ္ဗသုက**ရဟန်းတွေက နှင်ထုတ် တာကို မနာခံတဲ့အပြင် သံဃာတော်တွေကို အဂတိလိုက်စား ကြတယ်လို့ စွပ်စွဲကြတယ်။ ဆဲရေးကြတယ်။

မြတ်စွာဘုရားကို အကျိုးအကြောင်း ပြန်လည်လျှောက်ထားကြတော့ မြတ်စွာဘုရားက **ကုလဒူသန သိက္ခာပုဒ်** ပညတ်တော်မူပြီး ထပ်မံနှင်ထုတ်ခိုင်းတော်မူသဖြင့် ထပ်မံ နှင်ထုတ်တဲ့အခါမှပင် တချို့ရဟန်းများက ဩဝါဒပေးတဲ့အတိုင်း လိုက်နာကျင့်ကြံပြီး နေထိုင်ကြတယ်။ တချို့ရဟန်းများက **ကီဋာဂိရိ**မှ ထွက်သွားကြတယ်။ တချို့ရဟန်းများကတော့ လူဝတ်လဲသွားကြတယ်။ အဲဒီအခါကျမှပဲ အရှင်မြတ်ကြီးနှစ်ပါးနှင့် သံဃာတော်များ ဇေတဝန်ကျောင်းတော်ကို ပြန်ကြွကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဒီကုလဒူသနသိက္ခာပုဒ်တော်**ဟာ ဒကာ ဒကာမ တို့ရဲ့ သဒ္ဓါစစ်သဒ္ဓါမှန်ကို ပျက်စီးစေတဲ့ လူအဆယ်ခံရတဲ့ ရဟန်းဘ၀ မရောက်ရအောင် လူတွေနဲ့ မရောနှောဘဲ ကိုယ့်ကျောင်း ကိုယ်နေ၊ ကိုယ့်စာပေ ကိုယ်သင်၊ ကိုယ့်တရား ကိုယ်အားထုတ်၊ ကိုယ့်အလုပ် ကိုယ်လုပ်နေဘို့ ပညတ်တော် မူတဲ့ သိက္ခာပုဒ်တော်ပဲဆိုရင် မမှားပါဘူး။

အဲဒီလို ကိုယ့်အလုပ်ကို မလုပ်ဘဲ မသင့်လျော်တဲ့နည်းနဲ့ လူတွေနဲ့ ရောနှောဆက်ဆံနေရင် အဲဒီဘုန်းကြီး လူဆယ်ပြီတဲ့။ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော မမျောတော့ဘူး။

သို့သော်လဲ တယောက်ယောက်က တပည့်တော့် ဒကာမ၊ သို့မဟုတ် တပည့်တော့်ဒကာ နေမကောင်းထိုင်မသာ ဖြစ်နေပါတယ်၊ အရှင်ဘုရားကို ဖူးချင်နေပါတယ်ဘုရား။ ပရိတ်တရားလဲ နာချင်နေပါတယ်ဘုရား။ အရှင်ဘုရား ကြွရောက်ချီးမြှောက်တော်မူပါဘုရား၊ အဲဒီလိုပင့်ရင် အဖူးမြော်ခံ ကြွနိုင်တယ်။ ပရိတ်ချီးမြှင့်ပါဘုရား ဆိုရင် ပရိတ်ချီးမြှင့်ပေး နိုင်တယ်။ အဲဒါကတော့ ရဟန်းများနဲ့ သင့်လျော်လျောက်ပတ် တဲ့ ဆက်ဆံမှုပဲ၊ ဒါရောနှောမှု မဟုတ်ဘူး။ အဲဒီလို ဘုန်းကြီး အလုပ်လဲ ဟုတ်တယ်၊ ဘုန်းကြီးနဲ့ သင့်လျော်တဲ့အလုပ်လဲ ဟုတ်တယ်ဆိုရင် ပင့်လျှောက်ရင် ချီးမြှောက်သင့်လို့ ချီးမြှောက် ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သတိပြုစရာ အဖြစ်အပျက်တခု

သီရိလင်္ကာနိုင်ငံမှာ ရှေးက သဒ္ဓါတရားပြည့်ဝတဲ့ မုဆိုးမ ဒကာမကြီးတယောက် သူ့သမီးသုံးယောက်နဲ့အတူ လုပ်ကိုင် စားသောက် နေထိုင်ကြတာ ချောင်ချောင်လည်လည် နေနိုင်ထိုင်နိုင်ကြတယ်။ လှူဒါန်းကျွေးမွေး ပေးကမ်းမှုလဲ အထိုက်အလျောက် ပြုနိုင်ကြတယ်။ အိမ်ကိုနေ့စဉ် ဆွမ်းခံ ကိုယ်တော်တွေ ကြွကြတယ်။ ဒီလိုနဲ့ နေ့စဉ်ဆွမ်း ကုသိုလ်ယူ ကြတယ်။ တနေ့တော့ အဲဒီရွာကို မီးလောင်တယ်။ မီးလောင် တယ်ဆိုရင်ပဲ အိမ်ဆွမ်းခံကြွတဲ့ ဘုန်းကြီးတချို့ လာကြပြီး တော့ သူတို့နိုင်ရာနိုင်ရာဆွဲပြီး အိမ်ထဲက သယ်ထုတ်ပေးကြ တယ်။ ဒါပေတဲ့ အိမ်တော့ မီးထဲပါမသွားပါဘူး။ မီးငြိမ်းသွား တဲ့အခါကျတော့ သမီးတွေက 'ဝမ်းသာလိုက်တာ။ ဒို့ဘုန်းကြီး တွေကြောင့်ပဲ ဒို့ပစ္စည်းတွေ သယ်ထုတ်နိုင်လိုက်တယ်။ ဒို့ဘုန်းကြီးတွေသာ မရှိရင်တော့ မလွယ်ဘူး'ဆိုပြီး သမီးတွေက ဝမ်းသာနေကြတယ်။ ဒါနဲ့ မနက်လင်းတဲ့အခါမှာ စားဖို့ သောက်ဖို့ချက်တော့ ဘုန်းကြီး ဆွမ်းလောင်းဖို့လဲ သူတို့ ဆွမ်းချက်ကြတယ်။ ဒါနဲ့ ခဏကြာတော့ ဘုန်းကြီးတပါးက လေးတောင်ခန့်မျှ မျက်လွှာချပြီးတော့ ဆွမ်းခံကြွလာပြီး အိမ်ရှေ့မှာ ရပ်တယ်။ သူတို့ဘုန်းကြီးပဲ၊ ဒါပေတဲ့ ဒီဘုန်းကြီး ကတော့ မီးလောင်တုန်းက အိမ်ကို ကြွမလာဘူး။ အဲဒီ ဘုန်းကြီး ရပ်နေတာကို ဒကာမကြီးကမြင်တော့ "ဟော

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့၊ သမီးတို့ ဒို့ ဘုန်းကြီး ကြွလာပြီ၊ ဆွမ်းလောင်းဖို့ပြင်ကြ ပြင်ကြ”လို့ သမီးတွေကို ပြောလိုက်တယ်။ ဒီတော့ သမီးတွေက ဘယ့်နှယ်ပြောသလဲဆိုရင် “အမေ့ဘုန်းကြီးက ညက မီးလောင်နေတုန်းကတော့ မလာဘူး။ အခုကျမှ စားချိန်တန်မှ လာတယ်၊ မလောင်းဘူး” လို့ ပြောသတဲ့။ ဒီတော့ ဒကာမကြီးက “အေးကွယ် ညည်းတို့လဲ ညည်းတို့ဘုန်းကြီးနဲ့ ညည်းတို့ပေါ့။ ငါလဲ ငါ့ဘုန်းကြီးနဲ့ ငါပေါ့၊ ကဲ ပေး ပေး၊ ငါ သွားလောင်းပါ့မယ်။” အဲဒီလိုဆိုပြီးတော့ ဒကာမကြီးက သွားပြီးတော့ ဆွမ်းရော ဟင်းပါ လောင်းလိုက်သတဲ့။ ဘုန်းကြီးလဲ မျက်လွှာချပြီး နောက်တအိမ်ကို ကြွသွားတယ်။ ဘယ်လုမ်းတယ် ညာလှမ်းတယ် ရှုမှတ်ပြီး သွားတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒကာမကြီးက ညည်းတို့လဲ ညည်းတို့ ဘုန်းကြီးနဲ့ ညည်းတို့ပေါ့အေ၊ အဲ...ငါလဲ ငါ့ဘုန်းကြီးနဲ့ ငါပေါ့တဲ့။

ကဲ ဘာဖြစ်တာတုံး။ (လူဆယ်တာပါဘုရား။) အဲဒီဘုန်းကြီးက အဆယ်ခံရတာလား၊ ဟိုဘုန်းကြီးတွေ အဆယ်ခံရတာလား၊ (ဟိုဘုန်းကြီးတွေ အဆယ်ခံရတာပါဘုရား။) ကောင်းတာပေါ့၊ ခါတိုင်းထက် ပိုကောင်းအောင်တောင် ချက်ပြီး လောင်းကြဦးမှာ၊ (မကောင်းပါဘုရား။) ဘာကြောင့်လဲ၊ (လူအဆယ်ခံရတော့ မဂ္ဂင်ရေယဉ်ကြော မမျောနိုင်တဲ့အတွက် သမုဒ္ဒရာကို မရောက်နိုင်လို့ပါဘုရား။) ဒါကြောင့် မြတ်စွာဘုရား

www.burmeseclassic.com



က လူအဆယ် မခံရစေနှင့်လို့ မိန့်ကြားတာပေါ့။

ကဲဆို.. **လူနှင့်ရောပွမ်း၊ ရှင်ရဟန်း၊ လူဖမ်းဆယ်လေသည်။**

## နတ်ဆယ်ခြင်း

နောက်တခုက ဘာလဲ၊ 'နတ်ပြည်တောင့်တ ကျင့်ကြံက နတ်ကဆယ်ပြန်သည်'။ နတ်ဆယ်တယ်တဲ့။ နတ်ဆယ်တယ်ဆိုတာ ဘာလဲဆိုတော့ ကုသိုလ်တစုံတခုကို ပြုရင်–ဆိုကြပါစို့၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါးတစုံတရာကို လှူရင်ဖြစ်စေ၊ သီလဆောက်တည်၊ ဘာဝနာပွားရင်ဖြစ်စေ ဘာကုသိုလ်ပဲပြုပြု ဒီကုသိုလ်ကောင်းမှုကြောင့် နတ်ပြည်လောက ရောက်ရပါလို၏ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆုတောင်းပြီး အဲဒီကုသိုလ်လုပ်တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို နတ်ဆယ်သွားပြီတဲ့။ ဟုတ်ကဲ့လား။ ဘာဆယ်သွားလဲ၊ (နတ်ဆယ်သွားပါတယ်ဘုရား။) နတ်ဆယ်သွားတော့ ဘယ်ရောက်သွားတုံး၊ (နတ်ပြည်ပါဘုရား။) ကောင်းတာပေါ့၊ (မကောင်းပါဘုရား။) ဘာဖြစ်လို့၊ (နိဗ္ဗာန်မရောက်နိုင်တော့လို့ပါ ဘုရား။) နတ်ပြည်ကျတော့လဲ တရားကျင့်ရတာပဲ၊ (ကျင့်လို့ မရပါဘုရား။) ဘာကြောင့်၊ (နတ်ပြည်မှာ လူ့ပြည်ထက် ကာမဂုဏ်တရားတွေ ပိုများလို့ပါဘုရား။) အေး...ဟုတ်မယ်၊ နတ်တွေက လူ့ပြည်ကို သုဂတိဘုံကောင်းတဲ့ဘုံဘဝလို့ ယူဆကြသတဲ့။ အေး..ဟုတ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်မှာ မြတ်စွာဘုရားလဲ မဖူးရဘူး။ မြတ်စွာဘုရား တရားလဲ မနာရဘူး။ သံဃာတော်တွေလဲ မဖူးရဘူး။ အဲဒါတွေက လူ့ပြည်မှာပဲ ရှိတယ်နော်။

ဒါကြောင့် နတ်ပြည်မှာ နတ်တွေ စုတေခါနီးအခါကျတော့ တခြားနတ်တွေက အဲဒီ စုတေမည့်နတ်ကို အရေးကြီးတဲ့စကားသုံးခွန်း မှာထားကြသတဲ့။ ဘယ်လို မှာကြသလဲလို့ဆိုတော့ "အို..အဆွေနတ်သား၊ သင် နတ်ပြည်မှ စုတေတဲ့အခါ ကောင်းသောသုဂတိ ဘုံဘဝရောက်ပါစေ။ ကောင်းသောရခြင်း ရပါစေ။ ကောင်းသောတည်ရာရှိပါစေ"လို့ စကားသုံးခွန်း မှာလိုက်ကြသတဲ့။

၁။ ကောင်းသောသုဂတိဘုံဘဝ ရောက်ပါစေဆိုတာ လူ့ပြည်ရောက်ပါစေလို့ မှာတာတဲ့။ ဘယ်ရောက်ပါစေတဲ့တုံး။ (လူ့ပြည်ပါဘုရား။) လူ့ပြည်က နတ်တွေအတွက် သုဂတိဆိုတာ ကောင်းသော ဘုံဘဝပေါ့။ ဘာကြောင့်လဲ။ အခုနပြောသလိုပေါ့။ လူ့ပြည်မှာ ဘုရားဖူးရတယ်၊ တရားနာရတယ်၊ သံဃာတော်တွေ ဖူးမြော်ရတယ် ကာမဂုဏ်အာရုံတွေ နတ်ပြည်ထက်နည်းတော့ ဝိပဿနာတရား ကျင့်ကြံပွားများ အားထုတ်လို့ ခရီးရောက်တယ်၊ မဟုတ်ဘူးလား။ အဲဒီလိုဆိုတော့ နိဗ္ဗာန်နဲ့ နီးသလား၊ ဝေးသလား။ (နီးပါတယ်ဘုရား) ဒါကြောင့်မို့လို့

www.burmeseclassic.com



လူ့ပြည်လောကဟာ နတ်တွေအတွက် သုဂတိ ဘဝကောင်းသောဘဝတဲ့။

၂။ ကောင်းသောရခြင်း ရပါစေဆိုတာ ရတနာသုံးပါး ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံပါစေလို့ ဆိုလိုတယ်တဲ့။ တည့်တည့်ပြောရရင် ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ပါစေ၊ ဒါပြောတာ မဟုတ်လား။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမတရားတော်တွေထဲမှာ ကိလေသာငြိမ်းစေ ဆင်းရဲငြိမ်းစေနိုင်တဲ့ မဂ္ဂင်ရှစ်တန်အကျင့်မှန် ပါဝင်လို့ပေါ့။ အဲဒီ မဂ္ဂင်ရှစ်တန်အကျင့်မှန်ကို ကျင့်ပြီး ကိလေသာငြိမ်း ဆင်းရဲငြိမ်းရအောင်လို့ပေါ့။

၃။ ကောင်းသောတည်ရာ ရှိပါစေဆိုတာ အနည်းဆုံး တမင်္ဂတဖိုလ် ရပါစေလို့ ပြောတာတဲ့။ တမဂ်တဖိုလ်ရရင် အဲဒီပုဂ္ဂိုလ်ဟာ ထောက်ရာတည်ရာ ရသွားပြီတဲ့။ သူ အပါယ် မကျတော့ဘူး။ ဒါကြောင့် 'ကောင်းသောတည်ရာ' ဆိုတာ တမဂ်တဖိုလ်ရဘို့ မှာတာ။

အဲဒီတော့ လူ့ပြည်ရောက်မှပဲ ရတနာသုံးပါးကို စစ်မှန်တဲ့ ယုံကြည်မှုနဲ့ ယုံကြည်တဲ့ သဒ္ဓါတရားရပြီး ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်မယ်။ အဲဒီလို စစ်စစ်ဖြစ်မှပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်း သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန် အကျင့်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



အကျင့်မှန်တွေကို ချမ်းမြေ့ယောဂီတွေလို ကျင့်နိုင်မယ် မဟုတ်လား။ အဲဒီလို ကျင့်မှပဲ တမင် တဖိုလ် ထောက်ရာ တည်ရာ ရမယ်မဟုတ်လား။ အဲဒီလိုဆိုတော့ နတ်ပြည်နဲ့ လူ့ပြည် ဘယ်ဟာက သာသလဲ၊ (လူ့ပြည်က သာပါတယ် ဘုရား။) သေချာလား၊ (သေချာပါတယ်ဘုရား။) ဒါကြောင့်မို့ နတ်အဆယ် မခံချင်ကြပါနဲ့တဲ့။ ကဲ...ဆို

**နတ်ပြည်တောင့်တ၊ ကျင့်ကြံက၊ နတ်ကဆယ်ပြန်သည်။**

ဒီတော့ နတ်အဆယ်မခံရအောင် ကုသိုလ်ပြုတဲ့အခါ နတ်ပြည်ရောက်ဖို့ ဆုမတောင်းနဲ့ပေါ့။ ပညာမဲ့သူ လူမလိမ္မာ လူမိုက်များနဲ့ မတွေ့မကြုံရဘဲ ပညာရှိသူတော်ကောင်းတို့နှင့်သာ တွေ့ကြုံ ဆုံစည်းရပြီး သူတော်ကောင်းတို့ ကျင့်ကြံနေထိုင်ကြသည့်အတိုင်း သူတော်ကောင်းတရား ၇ ပါး၊ သတိပဋ္ဌာန်တရား မဂ္ဂင်ရှစ်ပါးတို့ကို ကျင့်ကြံပွားများ အားထုတ်နိုင်ကြပြီး ဆင်းရဲငြိမ်းဘို့ကိုပဲ ဆုတောင်းကြပေါ့။ အဲဒီကိုပဲ စိတ်ဦးတည်ထားကြပေါ့။

**ဝဲစုပ်ခြင်း**

နောက်တခုက ဘာတဲ့တုံး။ "ကာမဂုဏ်ထဲ တပ်မက်စွဲ ဝဲကစုပ်ပြန်သည်၊" ကာမဂုဏ် ငါးပါးကို သိတယ်မဟုတ်လား။ အဆင်းလှလှ၊ အသံကောင်းကောင်း၊ အနံ့မွှေးမွှေး၊ အရသာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း၊ ထိတွေ့စရာ နူးနူးညံ့ညံ့တွေဟာ ကာမဂုဏ် အာရုံငါးပါးပဲ။ **ကာမ**ဆိုတာ လိုချင်တပ်မက် နှစ်သက်စရာ၊ **ဂုဏ=ဂုဏ်**ဆိုတာ တရားအစုလို့ အဓိပ္ပာယ်ရတယ်။ နှစ်ခု ပေါင်းတော့ **ကာမဂုဏ=ကာမဂုဏ်**ဆိုတာ လိုချင်တပ်မက် နှစ်သက်စရာ တရားအစုလို့ ဆိုလိုတယ်။ အဲဒီတရားအစုဆိုတာ အခုနပြောခဲ့တဲ့ အာရုံငါးပါးကို ဆိုလိုတာပဲ။ အဆင်းလှလှကလဲ နှစ်သက်စရာပဲ။ အသံကောင်းကောင်းကလဲ နှစ်သက်စရာပဲ၊ အနံ့မွှေးမွှေးကလဲ နှစ်သက်စရာပဲ၊ အရသာကောင်းကောင်း ကလဲ နှစ်သက်စရာပဲ၊ ထိတွေ့စရာ နူးနူးညံ့ညံ့ကလဲ နှစ်သက် စရာပဲ၊ ဒါကြောင့် အဲဒါတွေကို ကာမဂုဏ်အာရုံငါးပါးလို့ ခေါ်ရတယ်။

**နှစ်သက်စရာအဖုံဖုံ၊ ငါးအာရုံ၊ ကာမဂုဏ်ဟု ခေါ်ရသည်။**

**ဝတ္ထုကာမနှင့် ကိလေသာကာမ**

ဒီအာရုံငါးပါးကို နှစ်သက်တပ်မက်တတ်တဲ့ တဏှာ လောဘရဲ့ တည်ရာ အရာဝတ္ထုဖြစ်လို့ **ဝတ္ထုကာမ**လို့ ခေါ်ရ တယ်။ ဒီ ကာမဂုဏ် အာရုံငါးပါးကို နှစ်သက်တပ်မက်တဲ့ တဏှာလောဘကိုတော့ **ကိလေသာကာမ**လို့ ခေါ်ရတယ်။ **ဝတ္ထုကာမ**မှာပါတဲ့ **ကာမ**က လိုချင်တပ်မက်နှစ်သက်စရာလို့ အဓိပ္ပါယ်ရတယ်။ **ကိလေသာ ကာမ**မှာပါတဲ့ **ကာမ**က လိုချင်တပ်မက်နှစ်သက်တတ်တဲ့စိတ်လို့ အဓိပ္ပါယ်ရတယ်။ တဏှာလောဘကို ဆိုလိုတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လောကမှာ လိုချင်တပ်မက်စရာမှန်သမျှဟာ ဒီအာရုံငါးပါးမှ လွတ်ရဲ့လား၊ (မလွတ်ပါဘုရား။) အဲဒီငါးပါးကိုပဲ အဝတ်အစား စီးပွားဥစ္စာ လယ် ယာ ကျွဲ နွား သား သမီး ဇနီးမယား လင်သား အိမ်ယာ စသည်ဖြင့် လောကဝေါဟာရအရ ခေါ်ဝေါ်ကြရတာ မဟုတ်လား၊ ဒီတော့ အဲဒါအားလုံးဟာ **လိုချင်တပ်မက် နှစ်သက်စရာချည်းပဲ** ဆိုတော့ **ဝတ္ထုကာမ** ကာမဂုဏ်တွေချည်းပေါ့။ အဲဒါတွေကို လိုချင်တပ်မက် နှစ်သက်နေပြီဆိုရင် ဝဲအစုပ်ခံရပြီပေါ့။ ဒါကြောင့်–

**ကာမဂုဏ်ထဲ၊ တပ်မက်စွဲ၊ ဝဲကစုပ်ပြန်သည်။**

မဂ္ဂင်ရေယဉ်ကြော မမျောနိုင်လို့ သမုဒ္ဒရာနဲ့ ဝေးရပြန်ပြီပေါ့။

ဒီတော့ လောကမှာ လောကီပစ္စည်းဥစ္စာ မှန်သမျှ၊ အဆင်း အသံ အနံ့ အရသာ ထိတွေ့စရာမှန်သမျှဟာ ကာမဂုဏ်တွေချည်းပေါ့။ လောကီပစ္စည်းဥစ္စာမှန်သမျှလဲ ကာမဂုဏ်၊ ဇနီး လင်သားလဲ ကာမဂုဏ်၊ သမီးသားလဲ ကာမဂုဏ်၊ မော်တော်ကားလဲ ကာမဂုဏ်၊ တီဗွီလဲ ကာမဂုဏ်၊ အိမ်ကောင်း ယာကောင်း တိုက်တာကောင်းတွေလဲ ကာမဂုဏ်။ ကာမဂုဏ်တွေ ရေတွက်လို့ မကုန်ဘူး။ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ခြောက်ဘုံကို **ကာမတဆယ့်တဘုံ**လို့ ခေါ်တယ် မဟုတ်လား။ ကာမလို့ခေါ်တဲ့ လိုချင်တပ်မက်စိတ် နှစ်သက်စိတ် တဏှာလောဘ ကျက်စားရာဘုံတွေပေါ့။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘုံကလဲပဲ ကာမဘုံဖြစ်လို့ လူ့ဘုံမှာတွေ့ရသမျှ အားလုံးဟာ **ကာမဂုဏ်**ချည်းပဲပေါ့။ လူတွေကို စုပ်မည့်ဝဲတွေက များလှပါကလား။ လူ့ပြည်လောကမှာ အဲဒါတွေကို သာယာနှစ်သက်တပ်မက်နေရင် ကာမဂုဏ်ဝဲစုပ်လို့ စုံးစုံးမြုပ်ကာ ဘယ်တော့မှ ပေါ်လာနိုင်မှာ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြောမှာ ဘယ်မျောနိုင်တော့မလဲ။ ဆူးကြားထဲ သီးရတဲ့ ဘူးသီးလို မလှုပ်သာမလှည့်သာ ဖြစ်နေတာပဲ။ ဟိုဘက်လှည့်လဲ ကာမဂုဏ်၊ ဒီဘက်လှည့်လဲ ကာမဂုဏ်၊ လှုပ်လိုက်တိုင်း ဝဲကစုပ်ပြီး မြုပ်သွားဘို့ အလားအလာတွေပဲ များနေတယ်။ ဝဲကို တားနိုင်တဲ့ ရှုမှတ်မှု သတိတရား လက်ကိုင်ထားနိုင်မှ တော်ရုံကျမယ်။

ဒါကြောင့် မြတ်စွာဘုရားက မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း သိတိုင်း ကြံတွေးတိုင်း သတိမလပ်ရအောင် ရှုမှတ်ပိတ်ဆို့ဘို့ တင်းတင်းကြပ်ကြပ် သတိပေးခဲ့တာပဲ။ ဣန္ဒြိယသံဝရပေါ့။ တချက်ကလေးလစ်လိုက်တာနဲ့ ဝဲက ဖမ်းစုပ်လိုက်ပြီ။ အဲ...ဝဲစုပ်ပြီဆိုကတည်းက အောက်ရောက်မလား။ အထက်ရောက်မလား။ (အောက်ရောက်ပါမယ်ဘုရား။) သွားပြီးပေါ့။ ပေါ်မလာတော့ဘူး။ ဒီနေရာမှာလဲ မှတ်သားစရာ ဖြစ်ရပ်တခု ကြည့်ကြဦးစို့။

www.burmeseclassic.com

www.burmeseclassic.com



## လျှာအလိုလိုက် ကိုလူမိုက်

ရှေးက မြတ်စွာဘုရားလက်ထက်က နွားသတ်ပြီး အသက်မွေးတဲ့ ဒကာတယောက် ရှိတယ်။ တနေ့တော့ နွားသတ်ပြီးတဲ့အခါ နွားသားတွေရောင်းပြီး ကုန်လို့ သူစားဘို့ တတွဲချန်ထားပြီး သူ့ဒကာမကို ပေးလိုက်တယ်၊ "ရော့ဟော့ ဒါကတော့ အိမ်မှာချက်စားဖို့၊ ကျန်တာတော့ ကုန်ပြီ။ ကိုင်း.. ငါကတော့ ရေချိုးသွားလိုက်ဦးမယ်"ဆိုပြီး ရေချိုးဘို့ ထွက်သွားတယ်။

ရေချိုးပြီးလို့ ပြန်လာတော့ သူ့ဒကာမက ထမင်းပွဲ အဆင်သင့်ပြင်ထားတယ်။ ထမင်းပွဲထိုင်မိတော့ အား..အမဲသား ဟင်း အရင်စားကြည့်ဦးမှဆိုပြီး အမဲသားဟင်းခွက်ထဲ လက်နှိုက်မလို့ ကြည့်လိုက်တော့ နှိုက်စရာဟင်းခွက်က မရှိဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ဒကာမက မချက်လို့။ အမဲသား ဟင်းခွက် မပါတော့ မနှိုက်ရဘူး။ ဒါနဲ့ ဒကာမကို စိတ်ဆိုး မာန်ဆိုးနဲ့ "ဟော့ ဘယ့်နဲ့လဲ၊ ငါ..အမဲသားမပါရင် ထမင်း မစားဘူးဆိုတာ မင်းသိတယ် မဟုတ်လား။ မင်းဘာဖြစ်လို့ မချက်သလဲ"လို့ မေးတော့ ဒကာမက အဲဒီကျမှ ပြောတယ်။ တခြားမဟုတ်ဘူး၊ ချက်စရာမရှိလို့တဲ့။ ဟဲ့ ငါတတွဲပေးခဲ့တာ ကော။ ရှင်ထွက်သွားလို့ မကြာခင်ပဲ ရှင့်သူငယ်ချင်း တယောက်လာပြီးတော့ အမဲသားမရှိဘူးလား မေးလို့ မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ ရောင်းပြီးကုန်ပါပြီ၊ ဟောဒီမှာ ကျွန်မခင်ပွန်းသည် စားဖို့ ချက်ဖို့ တတွဲပဲ ချန်ထားပါတယ်၊ ဒါပဲရှိတယ်လို့ ပြောလိုက်တယ်။ အေး..ဒီကောင် နေ့တိုင်းစားနေတာ၊ အဲဒါ ဒီကောင်ကို ဒီနေ့ ချက်မကျွေးနဲ့၊ ပေး၊ ငါ့ပေးလို့ ဆိုပြီးတော့ သူက အတင်းယူသွားတယ်။ ရှင့် သူငယ်ချင်းက လူနိုင်ဆိုတော့ ကျုပ်လဲ ဘာမှ မတတ်နိုင်ဘူး၊ ပေးလိုက်ရတယ်။ အဲဒါ သူ ယူသွားတော့ ချက်စရာမရှိလို့ မချက်ရတာပါလို့ အကျိုးအကြောင်း ပြောပြလိုက်တယ်။ ပထမတော့ ထမင်းပွဲ ခြေထောက်နဲ့ ကန်ပြီး ဒကာမကို ထရိုက်မလို့ စိတ်ကူးသေးတယ်။ နောက်ကျတော့မှ ဒကာမက အဖြေကောင်းသွားလို့ "အေး..လူနိုင်ဆိုတော့ သူ ယူသွားတာ ဘယ်တတ်နိုင်ပါ့မလဲ။ သူ့အပေါ်လဲ ကိုယ်က ဒီလိုပဲနိုင်ခဲ့တာကိုး။ အဲဒီတော့ သူကလဲ ကိုယ့်ကိုနိုင်တာပေါ့။"

ဒါပေတဲ့ ခက်တာက နွားသတ်သမား အမဲသားမပါဘဲ ထမင်းပွဲထိုင်ရ ထမင်းစားရတယ်ဆိုတာ ရက်စရာ အင်မတန်ကောင်းတယ်။ ရာဇဝင်ရိုင်းတယ်။ ဒါနဲ့ ဖြုတ်ကနဲထပြီးတော့ နံရံ ဓားမချပ်မှာ ထိုးထားတဲ့ ဓားထက်ထက်ကို ယူသွားပြီး အိမ်နောက်ဘက်မှာ မနက်ဖြန် သတ်ဖို့ ချည်ထားတဲ့နွားကို လည်ပင်း သစ်ပင်နဲ့ ကျကျနန ခိုင်ခိုင်ချည်၊ ပါးစပ်ဖြဲပြီး လျှာကို ဓားနဲ့ လှီးယူခဲ့တယ်။ နွားကြီးက တဝှီးဝှီးအော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျန်နေခဲ့တယ်။ လျှာမရှိတော့ တဘူးဘူးတဘဲဘဲတောင် မအော်နိုင်တော့ဘူးပေါ့။ သွေးတွေကလဲ ပါးစပ်ထဲက ဒလဟော ထွက်နေတယ်။ သူကတော့ လှည့်တောင်မကြည့် ဘူး။ လျှာကြီးယူခဲ့တယ်။ အိမ်ပေါ်ရောက်တော့ ရော့ကွာ ချက် ဆိုပြီး သူ့ဒကာမကို လျှာ ပစ်ပေးလိုက်တယ်။ ဒကာမလဲ ချက်ရတာပေါ့။ ဟင်းကျက်တဲ့ အခါကျတော့ ကျက်ပါပြီဆိုပြီး အမဲသားဟင်း ထမင်းစားပွဲပေါ် တင်ပေးလိုက်တယ်။

အဲဒီနွားသတ်သမား ဘယ်ကာမဂုဏ်အာရုံကို တန်းတန်းစွဲ ဖြစ်နေတာလဲ၊ (အရသာအာရုံ ကာမဂုဏ်ကို တန်းတန်းစွဲ ဖြစ်နေပါတယ်ဘုရား။) ဘာဝဲ အစုပ်ခံရတာလဲ၊ (အရသာအာရုံ ကာမဂုဏ်ကို တပ်မက်တဲ့ တဏှာဝဲ အစုပ်ခံ ရတာပါဘုရား။) ဘယ်တော့ ပြန်ပေါ်လာမလဲ၊ (ပြန်ပေါ်လာမှာ မဟုတ်တော့ပါဘုရား။) ဘာကြောင့်လဲ၊ (သူ့ကို စုပ်တဲ့ဝဲကြီးက ကြီးလွန်းလို့ပါဘုရား။)

ဒါပေတဲ့ သူကတော့ သိပ်ဝမ်းသာသွားတယ်။ အဲဒါနဲ့ ထမင်းပွဲထိုင်၊ ထိုင်ပြီးတော့ နွားလျှာသား ကောင်းကောင်းချက် ထားတာကို လွေးလိုက်မဟဲ့ဆိုပြီး ဇွန်းနဲ့ အမဲသားတုံးကို ကော်ပြီး ပါးစပ်ထဲ သွင်းလိုက်တယ်။ ဖြတ်ကနဲ သူ့လျှာကြီး ပြတ်ကျသွားတယ်။ လျှာပြတ်ကျရုံတင် မကဘူး၊ အဲဒါ တပါးစပ်လုံးလောင်လို့ တဝူးဝူး တဝါးဝါးနဲ့ အော်နေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အော်နေရတော့ အပူသက်သာအောင် ထမင်းပွဲက ထပြီး ရေအိုးစင်သွား၊ ရေခပ်သောက်၊ ရေတွေက ဝမ်းထဲရောက်သွားတဲ့အခါကျတော့ ရေနွေးတွေ ဖြစ်သွားလို့ ဝမ်းဗိုက်တခုလုံး မိုပူပြီး ပိုအော်နေရတယ်။ အဲဒါနဲ့ မခံနိုင်လွန်းလို့ အိမ်ထဲမှာ လေးဘက်ထောက် လျှောက်လှည့်ပတ် ပြေးနေရတယ်။ တဘူးဘူး တဘဲဘဲနဲ့ အော်ပြီးပြေးနေတာ နွားလား နွားသတ်သမားလားတောင် ခွဲခြားမရတော့ဘူး။ (နွားသတ်သမားပါဘုရား။) နွားလိုအော်ပြီး ပြေးနေရတာ ဘာကြောင့်လဲ၊ (နွားသတ်လို့ပါဘုရား။) ဆောက်တည်ရာမရအောင် တကိုယ်လုံး မီးလောင်သလို ပူနေတော့ လေးဘက်ထောက်ပြီး လျှောက်ပြေးနေရတယ်။ လေးဘက်ထောက် ပြေးနေတာက အပူများ သက်သာမလားလို့ ပြေးတာ။ ဒါပေမဲ့ အပူမသက်သာဘဲ ဘာနဲ့ သွားတူနေတုံး၊ (နွားနဲ့ တူနေပါတယ်ဘုရား။)

ကိုယ်လုပ်တဲ့အလုပ်နဲ့ တူတဲ့အကျိုးကို ခံစားရတယ်ဆိုတာ အဲဒါပေါ့။ **ကမ္မသရိက္ခကဝိပါက** ခေါ်တယ်။ ဘာတဲ့တုံး။ (ကမ္မသရိက္ခကဝိပါကပါဘုရား။) သူက နွားရဲ့ လျှာကို ဓားနဲ့ဖြတ်လို့ နွားလျှာသား ပါးစပ်ထဲသွင်းလိုက်တာနဲ့ သူ့လျှာကြီး ပြတ်ကျသွားတယ်။ နွားကြီး နာလွန်းလို့ အော်နေရသလို သူလဲပဲ ပူလွန်းနာလွန်းလို့ အော်နေရတယ်။ နွားကြီး လေးဘက်ထောက်သွားနေရသလို သူလဲပဲ လေးဘက်ထောက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရတယ်။ အဲဒါ ကိုယ်လုပ်တဲ့ အကုသိုလ်အလုပ်နဲ့တူတဲ့ အကျိုးကို ခံစားရတာပေါ့။ တိုတိုပြောကြပါစို့၊ သူ သိပ်ကြာကြာ အဲဒီဆင်းရဲကို မခံစားရပါဘူး၊ ခုနစ်ရက်ထဲပဲ၊ ခုနစ်ရက်ထဲဆိုတော့ သိပ်မကြာပါဘူးနော်။ ကာမဂုဏ်ထဲ တပ်မက်စွဲလို့ ဝဲအစုပ်ခံနေရတာ။ ခုနစ်ရက်ရှိတော့ အဝီစိငရဲမီးက မြေကြီးခွဲထွက်လာပြီး အဲဒီနွားသတ်သမားကို ဆွဲယူသွားသတဲ့။ အဝီစိငရဲ ရောက်သွားတယ်။ ကြောက်စရာမကောင်းဘူးလား၊ လျှာကို အလိုလိုက်တဲ့အတွက် အရသာအာရုံ ကာမဂုဏ်ကြောင့် ခံရတဲ့ဆင်းရဲ ဘယ်လောက်ကြီးမားသလဲ။ စားရတဲ့ အရသာနဲ့ မကာမိဘူး။

ဒါကြောင့် အဲဒီငါးဖြာအာရုံ ကာမဂုဏ်နဲ့ ပတ်သက်လို့ မရှုမှတ်ရင်တော့ ဝဲစုပ်လို့ မြုပ်သွားတဲ့အတွက် မဂ္ဂင်ရေယဉ်ကြော မမျောရုံတင် မဟုတ်ဘူး၊ အခု နွားသတ်သမား ခံရသလိုလဲ ခံရတတ်တယ်ဆိုတာ အထူး သတိထားပြီး မြင် ကြား နံ စား ထိ သိ ကြုံတွေးတာမှန်သမျှ ရှုမှတ်မိအောင် ရှုမှတ်ပါမှ မြတ်စွာဘုရား အလိုတော်ကျ မိမိချမ်းသာရာဘို့ ဖြစ်ပါလိမ့်မယ်။

**ပုဗ္ဗဘာဂမဂ်နှင့် တား**

ကာမဂုဏ်အာရုံငါးပါးကို စွဲလမ်းတပ်မက်တယ် ဆိုတာ စိတ်ထဲကို လောဘကိလေသာ ဝင်တာပဲ၊ ဒါကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက ဝဲစုပ်တာနှင့် ဥပမာပြုပြီး ဟောတာပါ။ လောဘကိလေသာတင် မဟုတ်၊ တခြားကိလေသာ ရေအယဉ်တွေပါ စိတ်ထဲ စီးဝင်မလာနိုင်အောင် ပုဗ္ဗဘာဂမဂ်ရေကာတာနှင့် တားထားနိုင်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

## ပုဗ္ဗဘာဂမဂ်

ပုဗ္ဗဘာဂမဂ်ဆိုတာ အရိယမဂ်ဉာဏ်မရမီ ရှေ့အဖို့၌ဖြစ်ပွားရတဲ့ ဝိပဿနာအားထုတ်ရာတွင် ပါဝင်တဲ့ မဂ္ဂင်ရှစ်ပါးကိုခေါ်ပါတယ်။ တိုတိုဆိုရင် ပုဗ္ဗဘာဂမဂ်ဆိုတာ ဝိပဿနာမဂ်အကျင့်ပါပဲ။ ဝိပဿနာမဂ်အကျင့်ဆိုတာ မြင်သမျှ မြင်တယ် မြင်တယ်ရှု၊ ကြားသမျှ ကြားတယ် ကြားတယ်ရှု၊ နံသမျှ နံတယ် နံတယ်ရှု၊ မွှေးသမျှ မွှေးတယ် မွှေးတယ်ရှု၊ စားသမျှ စားတယ် စားတယ်ရှု၊ ထိသမျှ ထိတယ် ထိတယ်ရှု၊ နူးညံ့ရင် နူးညံ့တယ်ရှု၊ ကြမ်းတမ်းရင် ကြမ်းတမ်းတယ်ရှု၊ စဉ်းစားရင် စဉ်းစားတယ်ရှု၊ တွေးရင် တွေးတယ်ရှု၊ စိတ်ကူးရင် စိတ်ကူးတယ်ရှု စသည်ဖြင့် ဒွါရခြောက်ပါး၌ ဖြစ်ပေါ်လာသမျှကို မလစ်မလပ်ရအောင် စူးစူးစိုက်စိုက် စောင့်ကြည့် ရှုမှတ်ပြီး သိနေတာကို ခေါ်တယ်။ အဲဒီလို နိုင်နိုင်သာ ရှုနိုင်ရင် လောဘ ဒေါသ ကိလေသာရေအယဉ် မဝင်လာတော့ဘူး။ တာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲဆိုတော့ ဝိပဿနာရှုမှတ်ရာတွင် ပါဝင်တဲ့ မဂ္ဂင်ရှစ်ပါးရေကာတာက တားထားလို့ပါပဲ။

**ကိလေရေယဉ်၊ စီးလာလျှင်၊သင့်တွင်ဘာနှင့် တားမည်နည်း။**
**ကိလေရေယဉ်၊ စီးလာလျှင်၊ အစဉ် သတိတားပါမည်။**
**မျက်စိ နား နှာ၊ လျှာ ကိုယ် မန၊ ခြောက်ဒွါရဉ်၊**
**ရောက်ကျလာတုံ၊ ခြောက်အာရုံကို၊ အကုန်ရှုလျှင်၊ ရေအယဉ်၊**
**မဝင်လာဘဲ တန့်ပါသည်။**

မဝင်လာတဲ့အခါကျတော့ ကိလေသာရေအယဉ် အဝင်တန့်နေတဲ့ အချိန်မှာ ဆက်ပြီး မပြတ်ရှုရင် ဝိပဿနာသတိ၊ သမာဓိ၊ ဉာဏ်တွေ အားကောင်းလာပြီးတော့ ရုပ်သဘော နာမ်သဘော အမှန်အတိုင်းသိတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ရေအယဉ်လဲ အားကောင်းလာတယ်။ အဲဒီတော့ မဂ္ဂင်ရေယဉ်ကြော မျောပြီပေါ့။ **မဂ္ဂင်ရေယဉ်၊ မျောလေလျှင်၊ စီးဝင်သမုဒ္ဒရာပေါ့။** နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ရောက်ပြီဆိုတော့ အရိယမဂ္ဂင်တွေ ဖြစ်ပွားလို့ ရောက်တာပေါ့။ အဲဒီ အရိယမဂ်ဉာဏ်တွေက အဲဒီလောဘစတဲ့ ကိလေသာတွေကို အမြစ်ပြတ် အကြွင်းမဲ့ ပယ်သတ်ပစ်လိုက်ကြတယ်။ ဒီတော့ ကိလေသာရေအယဉ် မဝင်ဘဲ တန့်နေရုံတင်မဟုတ်တော့ဘဲ ဘယ်အခါမှ မဝင်နိုင်တော့ဘူး။ ဘာကြောင့်လဲ အရိယမဂ်ဉာဏ်က လုံးဝဖြတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ပေါ့။ ပုဗ္ဗဘာဂမဂ်က ကိလေသာမဝင်အောင် တားထားနိုင်တယ်။ အရိယမဂ်က လုံးဝမဝင်အောင် ပိတ်ထားနိုင်တယ်။ ဒါကြောင့်ပဲ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိသည် အထိ အားထုတ်ကြဖို့လိုတာပေါ့။

**ကိလေရေယဉ်၊ စီးလာလျှင်၊ သင့်တွင် ဘာနှင့်ပိတ်မည်နည်း။**
**ကိလေရေယဉ်၊ စီးလာလျှင်၊ အစဉ် ဉာဏ်နှင့်ပိတ်ပါမည်။**
**မဂ်ဉာဏ်လေးထွေ၊ တာခိုင်ပေမူ၊ ကိလေရေယဉ်၊ စီးမဝင်၊ အစဉ်ပိတ်တော့သည်။**
**သဒ္ဓါဝီရိ၊ သမာဓိနှင့်၊ သတိပညာ၊ ထက်မြက်စွာဖြင့်၊ ငါးဖြာက္ကန္ဓေ၊ ညီမျှပေမူ၊ မဂ်ရေယဉ်နှင့်၊ အခန့်သင့်၊ ဆိုက်လင့် နိဗ္ဗာန်ပြည်။**

အဲဒီလို မပြတ်ရှုမှတ်နေဆဲမှာ ဣန္ဒြေငါးပါး ထက်သန် အားကောင်းလာရင် အားကောင်းတဲ့ မဂ်ရေယဉ်ကြောမှာ မျောနိုင်ပြီဖြစ်လို့ ကာမဂုဏ်ဝဲ အစုပ်မခံရတော့ဘဲ နိဗ္ဗာန်တည်း ဟူသော သမုဒ္ဒရာကို စီးဝင်မှာ သေချာပါတယ်။

## ကာမဂုဏ်ကို အပြစ်မြင်မှ

သို့သော် ဒါကလဲ ကာမဂုဏ်ရဲ့ အပြစ်ကို မြင်မှသာ ဒီကာမဂုဏ်တရားတွေဟာ ဒုက္ခတွေချည်းပဲ၊ ဆင်းရဲတွေ ချည်းပဲလို့ မြင်မှပဲ တားနိုင်မှာ မဟုတ်လား။ ကာမဂုဏ်ရဲ့

www.burmeseclassic.com



အပြစ်ကို မမြင်လို့ ဒီအာရုံတွေကို လိုက်စားပျော်ပါးနေရတာကိုပဲ အရသာ တွေ့ပြီး အကောင်းထင်နေရင် ကာမဂုဏ်မှ လွတ်လိုစိတ် ရှိပါ့မလား၊ မရှိနိုင်ဘူးပေါ့။ အဲလိုဆိုရင် ကာမဂုဏ်ကပေးတဲ့ ဒုက္ခတွေကို ခါးစည်းခံရုံပေါ့။ မြတ်စွာဘုရားကတော့ ကာမဂုဏ်တွေဟာ မြားတွေ ငြောင့်တွေနဲ့ တူတယ် (**သတ္တိသူလူပမာ ကာမာ**)၊ စဉ်းတီးတုံးနဲ့ တူတယ် (**အသိသူနူပမာကာမာ**)၊ အသားတုံးနဲ့ တူတယ် (**မံသပေသူပမာကာမာ**)၊ အငှားပစ္စည်းနဲ့ တူတယ် (**ယာစိတကူပမာကာမာ**) စသည်ဖြင့် ကာမဂုဏ်ရဲ့ အပြစ်တွေကို မြောက်မြားစွာ ညွှန်ပြတော်မူခဲ့ပါတယ်။

အဲဒီဥပမာတွေထဲက အသားတုံးနဲ့ တူတယ်ဆိုတာက အမဲသားတုံး တတုံးကို ခွေးတကောင်က ချီသွားတော့ အဲဒီခွေးကို တခြားခွေးတွေက လိုက်ကိုက်ပြီး အသားတုံးကို လုကြတယ်။ ပထမခွေးက အမဲသားတုံးကို လက်မလွှတ်နိုင်တော့ တခြားခွေးတွေရဲ့ အကိုက်ခံပြီး အမဲတုံးချီလျက်ပဲ ပြေးနေတယ်။ မကြာခင်ပဲ တခြားခွေးတကောင်က အမဲတုံးကို လုလို့ ရသွားတယ်။ ရသွားတော့ တခြားခွေးတွေက အဲဒီခွေးကိုပဲ လိုက်ကိုက်ပြီး အမဲတုံးကို လုကြပြန်တယ်။ အဲဒီလိုနဲ့ အမဲတုံးရတဲ့ ခွေးဟာ အမဲတုံးကြောင့် တခြားခွေးတွေရဲ့ အကိုက်ခံ အနာခံ ရတဲ့ ဆင်းရဲကို ခံရတယ်။ ကာမဂုဏ်တွေလဲ ဒီအမဲတုံးလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



တယောက်ပြီး တယောက် ဒီကာမဂုဏ်ကို လုယက်ကြ ကာမဂုဏ်ရပြန်တော့လဲ အေးအေးမနေရ နောက်ထပ်လုတဲ့ လူတွေနဲ့ တွေ့ရ လုကြယက်ကြ ရိုက်ကြနှက်ကြနဲ့ ကာမဂုဏ် ကပေးတဲ့ ဆင်းရဲတွေကို ခံစားကြရတယ်။ အမဲတုံးကို ချီသွားတဲ့ စွန်တွေရဲ့ ဥပမာကိုလဲ ကျမ်းဂန်က ဒီအတိုင်းပဲ ပြထားတယ်။ ဒါကြောင့် မြတ်စွာဘုရားက **ဗဟုအာဒီနဝါ ကာမာ**= ကာမဂုဏ်တရားတွေဟာ အပြစ်တွေများလှတယ်လို့ မိန့်ကြား တော်မူတာပဲ။

သို့သော်လဲ လူသားတွေထဲမှာ မသိမှုအဝိဇ္ဇာမှောင်က ကြီးလွန်းတော့ မြတ်စွာဘုရား ဘယ်လိုပင်မိန့်ကြားသော်လဲ ကာမဂုဏ်တရားကို အပြစ်လို့ မမြင်နိုင်ကြဘဲ အကောင်းဘက် ကိုသာ ဆွဲပြီး တွေးတောဆင်ခြင် သိမြင်ယူဆကြတယ်။ ဒါနဲ့ မမောနိုင် မပန်းနိုင် ကာမဂုဏ်နောက်ကိုပဲ တကောက် ကောက်လိုက်ကြတော့ အဆုံးကျ အမဲတုံးရတဲ့ခွေးလို ဆင်းရဲ ဒုက္ခတွေနဲ့ပဲ အဆုံးသတ်ကြရတယ်။ ဒါကြောင့် ဒီကာမဂုဏ် တွေရဲ့ အပြစ်ကို အရှိသဘာဝအတိုင်း သိမြင်ကြရအောင် သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန်အကျင့်မှန်ကို ကျင့်ကြံပွားများ အားထုတ်ကြဘို့ ရှင်တော်မြတ်ဘုရား အထပ်ထပ်အခါခါ ဆုံးမစကား မိန့်ကြားတော်မူတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။ ဇော် ဝေါ အမှာကံ အနုသာသနီ။** တပည့်ရဟန်းတို့ ရှုကြ မှတ်ကြ၊ မေ့မေ့လျော့လျော့ မနေကြနှင့်၊ နောင်ခါကာလကျမှ နောင်တရကာ စိတ်မချမ်းမသာ မဖြစ်ကြနှင့်။ သည်စကားဟာ သင်တို့အတွက် ငါဘုရားတို့ အကြိမ်ကြိမ် အဖန်ဖန် ထပ်ကာထပ်ကာ ဆုံးမသော အဆုံးအမပေတည်း။

**မပြတ်ရှုကြ၊ မမေ့ရ၊ နောင်တ ကင်းကြစေ။**
**ကောင်းစွာဟောကြား၊ ဤတရား၊ ဘုရားဆုံးမပေ။**

## အချိန်ရွေးမနေနှင့်

**အိုဘယ့်လူသား ငမိုက်သား၊ သင်ကား အဝိဇ္ဇာ၊ ပိတ်ဖုံးကာ၍၊ ငါးဖြာအာရုံ၊ ဒုက္ခပုံကို၊ အကုန်မမြင်၊ အကောင်းထင်ကာ၊ ခင်မင်တပ်မက်၊ တွယ်ကာဖက်လျက်၊ အောက်ထက်သံသာ၊ စုန်ဆန်ကာဖြင့်၊ တဏှာလက်သယ်၊ ထင်တိုင်းခြယ်၍၊ အေးတယ်မရှိ၊ ဆင်းရဲဖိသည်၊ ဝဋ်၏ သားကောင် လုံးလုံးတည်း။**

**ဝဋ်၏သားကောင်၊ ဒုက္ခဘောင်မှ၊ လွတ်အောင် ရုန်း၍၊ ချမ်းသာတွေ့ဖို့၊ မမေ့ရပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အမှန်ဉာဏ်ညို၊ ဖြစ်တိုင်းသိလော့၊ ဝီရိနှစ်တန်၊ ရှို့မြှက်တံဖြင့်၊ ဆယ်တန်ကိလေ၊ လောင်ကျွမ်းကြေအောင်၊ မသေခနာ၊**

www.burmeseclassic.com



**မအိုပါခင်၊ တက်သုတ်နှင်လျက်၊ ဆောလျင်မြန်စွာ၊ ရှို့မြှိုက်ပါလော့၊ နှောင်ခါကာလ၊ ချိန်လွန်ရပဟု၊ နှောင်တ တကြီး၊ သင်မညည်းလင့်၊ ဇနီးမယား၊ သမီးသားနှင့်၊ လင်သားအိမ်ယာ၊ အဖြာဖြာကို၊ ငဲ့ကာဖင့်နှေး၊ အချိန်ရွေးက၊ သေဘေး သင့်ကို ဦးလိမ့်တည်း။**

ကာမဂုဏ်မှ လွတ်မြောက်ကြောင်းအကျင့်၊ ဟုတ်ကဲ့လား။

**ဝဋ်၏သားကောင် ဒုက္ခဘောင်မှ လွတ်အောင်ရန်း၍ ချမ်းသာတွေ့ဖို့၊** ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာ ရဖို့ရာအတွက် **မမေ့ရုပ်နာမ် ဖြစ်ပျက်ဟန်ကို အမှန်ဉာဏ်ညို ဖြစ်တိုင်းသိလော့၊** မမေ့ဆိုတာ ဘာပြောတာလဲ၊ **အပ္ပမာဒ၊** ဟုတ်ကဲ့လား။ ရုပ်ဖြစ်သမျှ နာမ်ဖြစ်သမျှ မမေ့ဘဲနဲ့ သတိကပ်ပြီးတော့ ရှုမှတ်ပါ။ ဒါပြောတာ မဟုတ်လား။ **မမေ့ရုပ်နာမ် ဖြစ်ပျက်ဟန်ကို အမှန်ဉာဏ်ညို ဖြစ်တိုင်းသိလော့၊** အမှန်ဉာဏ်ဆိုတာ ဘာလဲ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ့။ **သမ္မာ**=အမှန်၊ **ဒိဋ္ဌိ**=ဉာဏ်၊ **သမ္မာဒိဋ္ဌိ**=အမှန်အတိုင်းသိမြင်သောဉာဏ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမိပြီဆိုရင် တဖြေးဖြေး စိတ်တည်ငြိမ်မှု သမာဓိ အားကောင်းလာပါတယ်။ အဲဒီအခါကျတော့ အရှုခံရုပ်ရဲ့ ဖြစ်ပြီးပျက်လို့ မတည်မြဲတဲ့ **အနိစ္စ၊** ဖြစ်ပျက်မပြတ် အနှိပ်စက်ခံရတဲ့ **ဒုက္ခ၊** ပုဂ္ဂိုလ် သတ္တဝါအတ္တမဟုတ်တဲ့ **အနတ္တ**သဘောတွေကိုလဲ အမှန်အတိုင်း သိလာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ထို့အတူပဲ အရှုခံနာမ်ရဲ့ **အနိစ္စ ဒုက္ခ အနတ္တ** သဘောတွေကိုလဲပဲ သိလာတယ်။ အဲဒီလိုသိတာဟာ အမှန်သိလား၊ အမှားသိလား၊ (အမှန်သိပါဘုရား။) အဲဒါ သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ့။ ဟုတ်ကဲ့လား။ အဲဒီတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြောမျောပြီဆိုတော့ ဘယ်ရောက်ဖို့ သေချာပြီလဲ။ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ရောက်ဖို့ သေချာပြီ။

ဒါကြောင့် **အမှန်ဉာဏ်ညှိ ဖြစ်တိုင်းသိလော့**။ အဲဒီလိုသိအောင် ဘာလိုသလဲဆိုတော့ **ဝီရိနှစ်တန် ရှု့မြဲကြက်တံဖြင့် ဆယ်တန်ကိလေ လောင်ကျွမ်းကြေအောင်**၊ ကိုယ်ဝီရိယ စိတ်ဝီရိယ နှစ်မျိုးလုံး လိုအပ်တယ်။ စိတ်ဝီရိယဆိုတာ ဒီတရားမရမနေဘူးဆိုတဲ့ ဖွဲ့စိတ်၊ ကိုယ်ဝီရိယဆိုတာ ရှုမှတ်မှုချင်း ဆက်စပ်မိသွားအောင် တင်းတင်းရင်းရင်း မပြတ်တရစပ် အားထုတ်တာ။ **ဝီရိနှစ်တန် ရှု့မြဲကြက်တံဖြင့် ဆယ်တန်ကိလေ လောင်ကျွမ်းကြေအောင်**၊ ကိလေသာဆယ်ပါး လောင်ကြွမ်းသွားအောင် ဝီရိယမီးတုတ်နဲ့ ရှု့ရမယ်။ ဒီလိုမဟုတ်လား။ **မသေမနာ မအိုပါခင် တက်သုတ်နှင်လျက် ဆောလျင်မြန်စွာ ရှု့မြဲကြက်ပါလော့**၊ မသေခင်နာမကျန်း မဖြစ်ခင် မအိုခင် လျင်မြန်စွာ ရှုမှတ်ပွားများကြိုးစားအားထုတ် ဝီရိယမီးတုတ်နဲ့ ရှု့ပါ။ ဟုတ်ကဲ့လား။ အဲဒီလိုသာ အားထုတ်ရင်ဖြင့် တမဂ်တဖိုလ်ရပြီး ထောက်ရာ

www.burmeseclassic.com



တည်ရာ မဖြစ်နိုင်ပေဘူးလား၊(ဖြစ်ပါတယ်ဘုရား။) **မသေမနာ မအိုပါခင် တက်သုတ်နှင်လျက် ဆောလျင်မြန်စွာ ရှု.မြိုကြက်ပါလော့။ နောင်ခါကာလ ချိန်လွန်ရဟု နောင်တတကြီး သင်မညည်းလင့်၊** အခုအဆင်ပြေတုန်း၊ အကြောင်းညီညွတ်တုန်း၊ ခန္ဓာကိုယ်အားကောင်းတုန်း၊ သတိအား ဉာဏ်အားကောင်းတုန်းမှာ အခွင့်သာတုန်း ကျုံးပြီး အားထုတ်လိုက်ရင်ဖြင့် ရုပ်ရဲ့အနိစ္စ ဒုက္ခ အနတ္တ၊ နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တတွေ ရှင်းရှင်းလင်းလင်း သိလာနိုင်တယ်။ အဲဒီလိုသိတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ် ဖြစ်ပြီဆိုရင်ဖြင့် ဝိပဿနာဉာဏ်တွေ တဆင့်ထက် တဆင့် ရင့်ကျက်လာပြီးတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာ မစီးဝင်နိုင်ပေဘူးလား၊ (စီးဝင်နိုင်ပါတယ်ဘုရား။)

အခု ပေါ့ပေါ့လျော့လျော့ နေပြီး အေး..ဒို့အချိန်တွေ ရှိသေးသားပဲ၊ နောက်လကျမှ အားထုတ်မယ်၊ နောက်နှစ်ကျမှ အားထုတ်မယ်နဲ့ အားထုတ်ဖို့ရာ အချိန်တွေ ရွေးရွေးနေရင် နောက်ကျတော့ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်ကျော် ရောက်သွားမှ အားထုတ်ဖြစ်ရင် မခက်ပါလား။ ခန္ဓာကိုယ်ကလဲ အားမရှိ၊ စိတ်ဓာတ်အားကလဲ ချိနဲ့နဲ့၊ သတိတွေကလဲမေ့၊ ဇရာနဲ့အတူပါလာတဲ့ ခါးကိုက် ဒူးနာ ခေါင်းမူးတာစတဲ့ ဝေဒနာတွေကလဲများ၊ ဟိုကကိုက် ဒီကနာ ဘယ်လိုများလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်လို့ ရဦးမလဲ။ ခရမ်းသီးပိန် ဖားတုံးတဲ့ အချိန်ကိုး။ ဒီတော့မှ ကိုယ်အား ဉာဏ်အား သတိအားကောင်းတုန်း သန်တုန်း မြန်တုန်း ပျိုရွယ်တုန်းက အားမထုတ်ခဲ့မိတာ မှားလေစွလို့ နောင်တကြီးစွာ ရတတ်ပါတယ်။ အဲဒီလို နောင်တမရ ရအောင် သန်တုန်း မြန်တုန်း အရွယ်ကောင်းတုန်း မှာ ဒီအချိန်ဟာ ငါ့အတွက် အချိန်ကောင်းပဲလို့ စိတ်ဒုံးဒုံးချပြီး ကြိုးစားလိုက်ကြမှ အဆင်ပြေမယ်လို့ ဆိုလိုပါတယ်။ အဲဒါကိုပဲ မြတ်စွာဘုရားက **မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ** လို့ မိန့်ကြားတော်မူတာပါပဲ။ ဒါကြောင့် **မသေမနာ၊ မအို ပါခင်၊ တက်သုတ်နှင်လျက်၊ ဆောလျင်မြန်စွာ၊ ရှိ.မြဲကြက် ပါလော့၊ နောင်ခါကာလ၊ ချိန်လွန်ရဟု၊ နောင်တ တကြီး၊ သင်မညည်းလင့်၊ ဖနီးမယား၊ သမီးသားနှင့်၊ လင်သား အိမ်ယာ၊ အဖြာဖြာကို၊ ငဲ့ကာဖင့်နှေး၊ အချိန်ရွေးက၊ သေဘေးသင့်ကို၊ ဦးလိမ့်တည်း။**

ဘယ်သူက ဦးသွားမှာလဲ၊ (သေဘေးက ဦးသွားပါ မယ်ဘုရား။) ဒီလိုဆိုရင် သေဘေးက မဦးအောင် ဘယ်လို လုပ်မလဲ၊ (တရားက ဦးအောင် လုပ်ရပါမယ်ဘုရား။)

**အိုဘေးနိုပ်စက်၊ လက်မဦးခင်။**
**နာဘေးနိုပ်စက်၊ လက်မဦးခင်။**

www.burmeseclassic.com

www.burmeseclassic.com



**သဘောနိုပ်စက်၊ လက်မဦးခင်။**
**တရားက၊ ဦးမှ တော်မည်ထင်။**

မဂ်ဉာဏ်ဖိုလ်ဉာဏ် ရတဲ့အခါကျတော့ မဂ်ဉာဏ်က ကိလေသာတွေ အမြစ်ပြတ်ပယ်ရှားပစ်လိုက်တဲ့အတွက် ဒီကိလေသာ ဝင်ဦးမလား၊ (မဝင်တော့ပါဘုရား။) မဝင်တော့ဘူး။ ဒါကြောင့် ကိလေသာ တကယ်မဝင်စေချင်ရင် ဒွါရ ခြောက်ပါး တံခါးခြောက်ပေါက်ကို အစဉ်အမြဲ ပိတ်ပစ်ရမယ်၊ အစဉ်အမြဲပိတ်ချင်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသည်အထိ ကြိုးစားရမယ်၊ ဒီလိုမဟုတ်လား။ အဲလိုဆိုရင် ဝဲစုပ်မြုပ်ဦး မလား၊ (မမြုပ်တော့ပါဘုရား။) စိတ်မချရပေဘူးလား။ **ကိလေရေယဉ်၊ စီးလာလျှင်၊ သင့်တွင် ဘာနှင့် ပိတ်မည်နည်း။ ကိလေရေယဉ်၊ စီးလာလျှင်၊ အစဉ်ဉာဏ်နှင့် ပိတ်ပါမည်။ မဂ်ဉာဏ်လေးထွေ၊ တာရိုင်ပေမူ၊ ကိလေရေယဉ်၊ စီးမဝင်၊ အစဉ်ပိတ်တော့သည်။**

အဲဒါတွေဟာ ပါဠိစကားလုံးတွေကို ဘာသာပြန် ထားတဲ့ ဆောင်ပုဒ်တွေပဲ။ ပါဠိစကားလုံးတွေ ပြောနေရင် ကြာနေမှာစိုးလို့၊ ဒါကြောင့် ဆောင်ပုဒ်သက်သက်နဲ့ပဲ သွားတော့ အဓိပ္ပါယ်မသိဘူးလား၊ (သိပါတယ်ဘုရား။) သိတယ်။ ကိလေသာ မဝင်အောင် တားရုံတားဖို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်မှုသတိ လိုတယ်၊ ပိတ်သည်အထိဆိုရင် သတိနဲ့ ရသေးလား၊ (မရပါဘုရား။) သတိအားကောင်းတော့ သမာဓိရသွားမယ်။ သမာဓိအားကောင်းမှ ဝိပဿနာဉာဏ် ဖြစ်မယ် မဟုတ်လား။ အဲဒီ ဝိပဿနာဉာဏ်ပြည့်စုံမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီး ကိလေသာ အမြစ်ပြတ်သွားတော့ တံခါးခြောက်ပေါက်ကို အစဉ်အမြဲ ပိတ်ပြီးသား ဖြစ်သွားမယ်။ ဉာဏ်ထဲမှာလဲ ဝိပဿနာဉာဏ်နဲ့တော့ အမြဲပိတ်လို့ မရသေးဘူး။ မဂ်ဉာဏ်နဲ့မှ ရမယ်။ ဟုတ်ကဲ့လား။ ဒါကြောင့်—

**မဂ်ဉာဏ်လေးထွေ၊ တာခိုင်ပေမူ၊ ကိလေရေယဉ်၊**
**စီးမဝင်၊ အစဉ်ပိတ်တော့သည်။**

ဒီတော့ ကာမဂုဏ်တောထဲမှာ နေရတဲ့အခါ အဲဒီ ကာမဂုဏ်တောရဲ့ ဆွဲကိုင်လှုပ်ရှားမှုကို ခံနိုင်အောင် တံခါးခြောက်ပေါက်ကို အမြဲပိတ်ထားရမယ်။ အဲဒီလို ပိတ်နိုင်အောင် ဘာလုပ်ရမလဲ။ ဒွါရမှာ အာရုံထင်လာတိုင်း မလွတ်ရအောင် ရှုမှတ်ရမယ်၊ ဟုတ်ကဲ့လား။ ရှုမှတ်တယ်ဆိုတာလဲ သာမန် မဟုတ်ဘူး။ မဂ်ဉာဏ်ရသည်အထိ ရှုမှတ်ရမယ်။ အဲဒီလိုဆိုရင် ကာမဂုဏ်ထဲ ဝဲစုပ်မြုပ်ဦးမလား၊ (မမြုပ်တော့ပါဘုရား။)

ကဲ ဆောင်ပုဒ်ကလေးတွေ အစဉ်အတိုင်း ပြန်ဆိုကြည့်ရအောင်။

www.burmeseclassic.com

www.burmeseclassic.com



ကိလေရေယဉ်၊ စီးလာလျှင်၊ သင့်တွင် ဘာနှင့်
တားမည်နည်း။
ကိလေရေယဉ်၊ စီးလာလျှင်၊ အစဉ် သတိ
တားပါမည်။
မျက်စိ နား နှာ၊ လျှာကိုယ် မန၊ ခြောက်ဒွါရဋ္ဌ၊
ရောက်ကျလာတုံ၊ ခြောက်အာရုံကို၊ အကုန်ရှုလျှင်၊
ရေအယဉ်၊ မဝင်လာဘဲ တန့်ပါသည်။

ကိလေရေယဉ်၊ စီးလာလျှင်၊ သင့်တွင် ဘာနှင့်
ပိတ်မည်နည်း။
ကိလေရေယဉ်၊ စီးလာလျှင်၊ အစဉ် ဉာဏ်နှင့်၊
ပိတ်ပါမည်။
မဂ်ဉာဏ်လေးထွေ၊ တာခိုင်ပေမူ၊ ကိလေရေယဉ်၊
စီးမဝင်၊ အစဉ်ပိတ်တော့သည်။
သဒ္ဓါဝီရိ၊ သမာဓိနှင့်၊သတိပညာ၊ ထက်မြက်စွာဖြင့်၊
ငါးဖြာဣန္ဒြေ၊ ညီမျှပေမူ၊မဂ်ရေယဉ်နှင့်၊ အခန့်သင့်၊
ဆိုက်လင့် နိဗ္ဗာန်ပြည်။

## သီလမရှိဘဲ သီလရှိဟန်ဆောင်ခြင်း

နောက်ဆုံးအချက်က ဂင်္ဂါမြစ်ရေကြောမျောနေတဲ့
သစ်တုံးကြီး အပြင်ကကြည့်တော့ တကယ့် သစ်တုံးအကောင်း

www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ၊ ဒါပေတဲ့ အတွင်းက ဆွေးနေ ပုပ်နေလို့ လုံးဝ မကောင်းဘူး။ တဖြည်းဖြည်း အတွင်းလှိုက်စားပြီး ကြာတော့ သစ်တုံးကြီးတခုလုံး ရေထဲမှာပဲ ဆွေးမြေ့ကြေမွ ပျက်စီးသွားရတယ်။ ဒါကြောင့် ဂင်္ဂါရေကြော မမျောနိုင်လို့ သမုဒ္ဒရာဆီ မရောက်တော့ဘူး။

အဲဒီသစ်တုံးကြီးလိုပဲ သီလမရှိဘဲ ကိုယ်ကျင့်သီလ ပျက်စီးနေတဲ့သူက သီလရှိဟန်ဆောင်တာ၊ သူယုတ်မာက သူတော်ကောင်းဟန်ဆောင်တာ၊ စိတ်ထားယုတ်ညံ့သူက စိတ်ကောင်းရှိလေဟန်ဆောင်တာ၊ တရားမရှိသူက တရားရှိဟန်ဆောင်တာ၊ ရတနာသုံးပါး မကြည်ညိုသူက ကြည်ညိုဟန်ဆောင်တာ၊ အဲဒါတွေဟာ အပြင်က ကြည့်တော့ ကောင်းသလိုလိုနဲ့ အတွင်းက ဆွေးပုပ်နေတဲ့ သစ်တုံးကြီးနဲ့ တူတယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူတာပဲ။ အဲဒီလို အကျင့်ပျက် သီလကြောင် သူတော်ယောင်ဆောင်တဲ့သူတွေဟာ မဂ္ဂင်ရှစ်ပါး မပွားများကြတော့ မဂ္ဂင်ရေယဉ်ကြော မမျောနိုင်တဲ့အတွက် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာနှင့် ဝေးကြရတယ်။

## သီလရှိဟန်ဆောင်သူ

ဒီနေရာမှာလဲ ဆီလျော်တဲ့ ဝတ္ထုသာဓကလေးတွေ သတိရလို့ ပြောရဦးမယ်။ အခုပြောမှာကတော့ ငယ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ဖူးပြီး ရေးတေးတေး မှတ်မိနေသေးတဲ့ **ဟိတောပဒေသ** ဆိုတဲ့ သက္ကတကျမ်းစာထဲကပဲ။ တောတတောထဲမှာ အများ သူငါ သွားလာတဲ့ လမ်းဘေးမှာ ကြောင်တကောင်က ခြေနှစ် ချောင်းထောက် နေဘက်လှည့် မတ်တပ်ရပ်ပြီး လက်နှစ်ဖက်ကို လက်အုပ်ချီတဲ့ပုံနဲ့ နဖူးမှာ မြှောက်တင်ထားပြီး မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် ရပ်နေတယ်။ အဲဒါကို အဲဒီလမ်းမှာ သွားနေကျ ကြွက်အုပ်ကြီးကတွေ့တော့ ခေါင်းဆောင် ကြွက်ကြီးက ကြောင်ရဲ့အနားသွားပြီး "အဆွေကြောင်၊ အသင်ဟာ ဒို့ကြွက်တွေကို ဖမ်းပြီးစားဖို့ ရည်ရွယ်ချက်နဲ့ ဒီလို လုပ်နေတာ မဟုတ်လား"လို့ မေးတယ်။ ဒီတော့ ကြောင်က "သင်ထင်သလို မဟုတ်ပါ အဆွေကြွက်၊ ကျွန်ုပ်ဟာ ဥပုသ် စောင့်နေတာ အချိန်ကြာလှပြီဖြစ်တဲ့အတွက် အသားမစားပါ။ အခုလဲ ဥပုသ်စောင့်ပြီး နေမင်းကို ရှိခိုးနေခြင်းသာ ဖြစ်ပါတယ်" လို့ ပြန်ပြောတယ်။ ဒီတော့ ကြွက်ခေါင်းဆောင်ကြီးက ကြောင် ရဲ့စကားကို စိတ်ချလက်ချ ယုံကြည်သွားပြီး အဲဒီကြောင်ရဲ့ ရှေ့နားက လမ်းကပဲ သူ့ကြွက်အုပ်ကြီးနဲ့အတူ နေ့စဉ်သွားလာ နေတယ်။ ကြောင်ကလဲပဲ ဒီနေရာမှာ ဒီအတိုင်းပဲ အမြဲတမ်း ရပ်နေတယ်။

ပထမ သုံးလေးရက်တော့ ကြွက်တွေကို အယုံသွင်း ချင်လို့ ကြောင်က ဘာမှမလုပ်ဘဲ ဒီအတိုင်းပဲ ရပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကြွက်ခေါင်းဆောင်ကြီးနဲ့ ကြွက်တွေက ကြောင်ကို သူ ပြောတဲ့အတိုင်း ဥပုသ်စောင့်နေတဲ့ကြောင်ပဲလို့ ပိုပြီး ယုံကြည်သွားကြပြီး သတိ အထူးမထားဘဲ အဲဒီလမ်းက သွားကြတယ်။ လေးငါးရက်လောက်ရှိတော့ ကြောင်က သူ့ကို ကြွက်တွေက ယုံကြည်သွားပြီလို့ ယူဆပြီး နေ့စဉ် သူ့ရှေ့က ဖြတ်သွားတဲ့ ကြွက်အုပ်ထဲက နောက်ဆုံးကြွက်တကောင်ကို အသံမပြည်အောင် အုပ်ဖမ်းပြီး စားသတဲ့။ စားပြီးတော့လဲ သူနေမြဲအတိုင်း နေကို ရှိခိုးသလို လုပ်နေသတဲ့။

ဒါပေတဲ့ ရက်ကြာလာတော့ ကြွက်ခေါင်းဆောင်ကြီး က သူ့ကြွက်အုပ် ကြွက်တွေ နည်းနည်းသွားတာကို သတိ ထားမိသတဲ့၊ ဒါဟာ ဒီကြောင့်လက်ချက်ပဲ ဖြစ်မှာပဲလို့ တွေးမိတာနဲ့ တနေ့တော့ သူ့ကြွက်အုပ်ကို ရှေ့ကလွှတ်လိုက် ပြီးတော့ သူက နောက်မလှမ်းမကမ်းက လိုက်သွားတယ်။ ကြောင်ကလဲ နေ့စဉ် လုပ်နေကျအတိုင်း ကြွက်အုပ်လွန်သွား အောင်နေပြီးတော့ နောက်ဆုံးကြွက်ကို အုပ်ဖမ်းလိုက်သတဲ့။ ဒါကို ကြွက်ခေါင်းဆောင်ကြီးက သေသေချာချာ ကြည့်ထား လိုက်တယ်။ ကြောင်ကတော့ ကြွက်သားစားချင်တဲ့ လောဘက ဖုံးလွှမ်းထားလို့ ကြွက်အုပ်ထဲမှာ ကြွက်ကြီး ပါမသွားတာကိုလဲ သတိမထားမိဘူး။ နောက်မလှမ်းမကမ်းက လှမ်းကြည့်နေတဲ့ ကြွက်ကြီးကိုလဲ သူ မမြင်မိဘူး။ ငါးစာကို အာသာငမ်းငမ်း

www.burmeseclassic.com

www.burmeseclassic.com



တက်နေလို့ ငါးများချိတ်ကို မမြင်တဲ့ငါးလိုပေါ့။ ကြွက်ခေါင်းဆောင်ကြီးက သီလကြောင် ကြောင်ရဲ့ ယုတ်မာတဲ့ လုပ်ရပ်ကို သေသေချာချာ မှတ်သွားပြီးတော့ တခြားလမ်းက နေပြီး သူ့ကြွက်အုပ်ရှိရာကို လိုက်သွားတယ်။

အဲဒီနေ့ သူတို့နေရာ ပြန်ရောက်မှ ကြွက်ခေါင်းဆောင်ကြီးက သူ့ကြွက်တွေကို အကြောင်းအရာ အကုန်အစင်ပြောပြပြီးတော့ နောက်တနေ့မှာ ကြောင်ကို တိုက်ပွဲဆင်ဖို့ရာ တိုင်ပင်စီစဉ်ကြသတဲ့။ နောက်နေ့ကျတော့ အထူးသတိထားပြီး ခါတိုင်းလိုပဲ ကြောင့်ရှေ့က ဖြတ်သွားကြသတဲ့။ ကြောင်လဲ ခါတိုင်းလိုပဲမှတ်ပြီး နောက်ဆုံးကြွက်ကို ဖမ်းလဲအုပ်လိုက်ရော နောက်မလှမ်းမကမ်းက လိုက်လာတဲ့ ကြွက်ခေါင်းဆောင်ကြီးကစပြီး ကြောင်ကို ဝင်ကိုက် တိုက်လိုက်တော့ ကြွက်တအုပ်လုံး ဗြုန်းဆို ကြောင်ကို ပြန်ခုန်အုပ်ပြီး ကိုက်သတ်လိုက်ကြ သတဲ့။ ဟန်ဆောင်တယ်ဆိုတာ သူများမသိသေးခင်တော့ ဟုတ်သလိုလိုပေါ့၊ သူများလဲသိသွားရော အဲဒီ ကြောင်စဉ်းလဲလို သေပွဲဝင်ရသည်အထိ ဒုက္ခအကြီးအကျယ်ခံစားရတတ်တာပေါ့။

## ဟန်ဆောင်တာဟာ ရှက်စရာ

သီလမရှိဘဲနဲ့ သီလရှိဟန်ဆောင်တာတင် မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဟန်ဆောင်တာမှန်သမျှ လုံးဝ မလုပ်အပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အရာပဲ။ ဟန်ဆောင်တဲ့လူဟာ ပထမဆုံး ဟန်ဆောင်ဖို့ရန် ကောက်ကျစ်စဉ်းလဲတဲ့ စိတ်ထား ထားရပြီ။ အဲဒီကတည်းကကို စိတ်က မသန့်ရှင်း မဖြူစင်တော့ဘူး။ ညစ်မဲနေပြီ။ အဲဒီညစ်မဲတဲ့ စိတ်ဟာ ဘယ်ချမ်းသာတော့မလဲ။ နောက် ဟန်ဆောင်နေ တုန်းလဲ ကိုယ်ကျင့်တရားက ပျက်နေပြီ။ ကိုယ့်ရဲ့ ကောက်ကျစ် စဉ်းလဲတဲ့စိတ်ကိုရော ကိုယ်ကျင့်တရား ပျက်နေတာကိုပါ ကိုယ့်ဟာကိုယ် ပြန်သိနေတော့ ရှက်စရာ အလွန်ကောင်းတယ်။ စိတ်လဲ မသန့်တော့ဘူး။ နောက်ကျ ကိုယ်ဟန်ဆောင်တာ သူများတွေ သိသွားတော့ ပိုပြီး ရှက်စရာကောင်းလိုက်တာ ပြောစရာမရှိဘူး။ အခုပြောခဲ့တဲ့ ကြောင်ရဲ့ဖြစ်ရပ်လို ဆင်းရဲ ဒုက္ခလဲ လှလှကြီးတွေ့ရဦးမယ်။

## သီလစင်ကြယ်သည်ဆိုသော ရသေ့တပါး

ဒီနေရာမှာ ကျမ်းဂန်မှာလာတဲ့ ရသေ့တပါးအကြောင်း ပြောချင်ပါတယ်။ ရှေးက ရသေ့တပါး တောကြီးထဲမှာနေပြီး ရသေ့တရားတွေ ကျင့်ကြံနေသတဲ့၊ ရှေးက ရသေ့တရားဆိုတာ ခြိုးခြိုးခြံခြံနေပြီးတော့ သီလစောင့် သမထတရား အားထုတ် စတဲ့ အလုပ်တွေပါပဲ။ အဲဒီရသေ့ရဲ့ အကျင့်သိက္ခာကို ကြည်ညိုပြီး ကိုးကွယ်ဆည်းကပ်နေတဲ့ သူကြွယ်တယောက် လဲ ရှိသတဲ့။ ကိုးကွယ်ဆည်းကပ်လာတဲ့ နှစ်ပေါင်းလဲ ကြာလှပြီတဲ့။ တနေ့တော့ အဲဒီ သူကြွယ့်အိမ်ကို အခါမတန်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးတဲ့ သူ့မိတ်ဆွေတယောက် လာရောက်လည်ပတ်နေတုံးမှာ အဲဒီရသေ့ကလဲ အမှတ်မထင် အိမ်ကို ရောက်လာသတဲ့။ ရောက်စ အာလာပသလ္လာပ စကားပြောကြပြီးတော့ ရသေ့က သူ တရပ်တကျေးသွားရမှာမို့ လာပြီးနှုတ်ဆက်ကြောင်း ပြောသတဲ့။ ခဏနေတော့ ရသေ့လဲ ပြန်ကြွသွားတယ်။ ပြန်ကြွသွားလို့ မကြာခင်မှာပဲ တခါပြန်လာပြီးတော့ လက်ထဲမှာ သက်ငယ်မျှင်တမျှင်ကို ပြပြီး သူကြွယ်ကို "ဒကာရေ အခုနငါ ဒီက ထသွားစဉ်က ဟိုနားမှာ အိမ်ခေါင်မိုးနဲ့ ငါ့ခေါင်းနဲ့တိုက်မိလို့ သက်ငယ်မျှင်တမျှင် ငါ့ခေါင်းမှာ ငြိပါလာတယ်။ ဒို့ရသေ့ဆိုတာ သူများပစ္စည်း နှီးတစ သက်ငယ်တမျှင်မျှပင်ဖြစ်စေ ပိုင်ရှင်မသိဘဲနဲ့ ယူရင် သီလပျက်တယ်။ ဒါကြောင့် အခု သင်မသိဘဲနဲ့ သက်ငယ်မျှင် ခေါင်းမှာ ငြိပါလာလို့ ဒီမှာ ပြန်လာပေးတာပါ"လို့ ပြောပြီးတော့ အေးအေးဆေးဆေး ပြန်ကြွသွားတယ်။

အဲဒီတော့ ရသေ့ရဲ့ အမူအရာကိုလဲ သေသေချာချာ ကြည့်နေပြီး စကားကိုလဲ ဂရုစိုက်နားထောင်နေတဲ့ သူကြွယ်ရဲ့ မိတ်ဆွေက ရသေ့ရဲ့ အမူအရာနဲ့ ပြောပုံဆိုပုံကို ဘာခင်မကျဘူးတဲ့။ ဒါနဲ့သူကြွယ်ကို " မိတ်ဆွေ၊ ဒီရသေ့ကို မိတ်ဆွေ ဆည်းကပ်လာတာ ကြာပြီဆိုတော့ မိတ်ဆွေရဲ့ စီးပွားဥစ္စာနဲ့စပ်ပြီး ဒီရသေ့နဲ့ တိုင်ပင် ပြောဆိုဘူးသလား။ မိတ်ဆွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



စီးပွားဉစ္စာနဲ့စပ်ပြီး ဒီရသေ့ ဘာတွေသိသလဲ”လို့ မေးသတဲ့။ ဒီတော့ သူကြွယ်က ဒီရသေ့နဲ့တိုင်ပင်ပြီး သူ့ရတနာတွေ မြေမှာမြှုပ်ထားဘူးကြောင်း ပြန်ပြောလိုက်တယ်။ ဒီတော့ သူ့မိတ်ဆွေက “အဲဒီရတနာတွေ သွားကြည့်ပါဦး”လို့ ပြောလိုက်တယ်။ ဒါနဲ့ သူကြွယ်က သွားကြည့်တော့ ရတနာတွေ မရှိတော့ဘူး။ နေရာကတော့ အနေအထား မပျက်ဘူးတဲ့။ ဒီတော့မှ ရသေ့ သက်ငယ်မျှင် ပြန်လာပြတာကို ရိပ်မိပြီး သူ့မိတ်ဆွေနဲ့အတူ ရသေ့နောက် လိုက်ကြသတဲ့။ နောက် ဘာတွေဆက်ဖြစ်ကြတယ် ဆိုတာတော့ ကျမ်းဂန်က မဖော်ပြတော့ဘူး။ ကိုယ့်ဟာကိုပဲ သဘာဝကျကျ တွေးဆပြီး ယူကြပေတော့။

အဲဒီရသေ့ မဂ္ဂင်ရေယဉ်ကြော မျောနိုင်ပါ့မလား၊ (မမျောနိုင်ပါဘုရား။) ဘာဖြစ်လို့လဲ၊(အတွင်းက ဆွေးပုပ်နေလို့ပါဘုရား။) သမ္မာဒိဋ္ဌိမဂ္ဂင်ရေယဉ်ကြော သူ မမျောနိုင်ဘူးပေါ့။ အဲဒီတော့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို စီးဝင်ပါ့မလား၊ (စီးဝင်မှာမဟုတ်ပါဘုရား။)

ဒီတော့ တကယ် သီလစင်ကြယ်ရင်ဖြင့် သမုဒ္ဒရာကို ရောက်နိုင်မှာပေါ့။ ဒါဖြင့် တကယ် သီလစင်ကြယ်အောင် ဘာလုပ်ရမလဲ၊ (ကိုယ်နဲ့နှုတ် အပြစ်ကင်းအောင် စောင့်စည်း

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းရင် သီလစင်ကြယ်ပါတယ်ဘုရား။) အဲဒီလို စောင့်စည်းထိန်းသိမ်းလိုတဲ့ စိတ်ရှိဖို့ရာအတွက် ဘာလိုသလဲ၊ (ရှက်တတ် ကြောက်တတ်ဖို့ လိုပါတယ်ဘုရား။) အေး ဟုတ်တယ်။ မကောင်းမှု အကုသိုလ်ပြုရမှာ ရှက်တဲ့စိတ် **ဟိရီ၊** မကောင်းမှု အကုသိုလ်ပြုလုပ်ရမှာ ကြောက်တဲ့စိတ် **ဩတ္တပ္ပ**ဆိုတဲ့ အရှက်အကြောက်နှစ်ပါးရှိရင် အပြစ်မကင်းတဲ့ မကောင်းတဲ့အလုပ် အကုသိုလ်ကာယကံ၊ အပြစ်မကင်းတဲ့ မကောင်းတဲ့အပြော အကုသိုလ်ဝစီကံတွေကို မလုပ်ဝံ့ မပြောဝံ့ဘူးပေါ့၊ အဲဒါတွေကို လုပ်ရ ပြောရမှာ ရှက်လဲရှက်တယ် ကြောက်လဲ ကြောက်တယ်၊ ဒီတော့ အပြစ်မကင်းတဲ့ အဲဒီ အကုသိုလ်အလုပ် အပြောတွေကို မလုပ်မိ မပြောမိအောင် အထူးသတိထားပြီးတော့ ရှောင်ကြဉ်တယ်၊ စောင့်စည်း ထိန်းသိမ်းတယ်၊ ဒါကြောင့် သီလပြည့်စုံ စင်ကြယ်တယ်။ ကိုယ်နဲ့နှုတ် အပြစ်ကင်းပြီး စင်ကြယ်တယ်။

ဒီတော့ အခုနပြောတဲ့အတိုင်း ရှက်စိတ် ကြောက်စိတ် ရှိဖို့က ဘာလိုအပ်သလဲ၊ ဘုရား တရား သံဃာ ရတနာသုံးပါး နှင့် ကံ ကံ၏ အကျိုးတရားကို တကယ်ယုံကြည်ဘို့ လိုတာပေါ့။ **ကမ္မဿကတာသမ္မာဒိဋ္ဌိ**=မိမိလုပ်တဲ့အလုပ်သည် ပင်လျှင် မိမိရဲ့ ဥစ္စာပဲလို့ မှန်ကန်စွာသိမြင်ယုံကြည်မှုပေါ့။ ပညာရေ့သွားရှိတဲ့သဒ္ဓါလို့ ဆိုရမှာပေါ့။ အဲဒီလို ရတနာ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးနဲ့ ကံ ကံရဲ့အကျိုးတရားဆိုတဲ့ ကြောင်းကျိုးသဘာဝကို တကယ်ယုံကြည်ရင် မကောင်းမှုအကုသိုလ် ပြုရ ပြောရမှာ ရှက်လဲရှက်တယ်၊ ကြောက်လဲကြောက်တယ်။ အဲဒီ ရှက်စိတ် ကြောက်စိတ်ကြောင့် မပြုလုပ်မပြောဆိုဘဲ ရှောင်ကြဉ်တော့ ကိုယ်နှုတ်အပြစ်ကင်းပြီး သီလလုံခြုံတယ်။ အဲဒီလိုဆိုရင် သီလမရှိဘဲနဲ့ ရှိဟန်ဆောင်ပြီး အတွင်းကအပုပ်နဲ့ ထောင်းထောင်းထနေတဲ့ သီလကြောင်ပုဂ္ဂိုလ် ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ သီလပြည့်စုံ လုံခြုံတာကစပြီး ကောင်းကျိုး အဆက်ဆက်ရလို့ မဂ္ဂင်ရေယဉ်ကြော မျောတဲ့အတွက် သမုဒ္ဒရာကို ရောက်နိုင်ပါတယ်။ အဲဒါကတော့ မြတ်စွာဘုရား၏ တရားတော်ကို ဘာသာပြန်ထားတဲ့ အောက်ပါဆောင်ပုဒ် အတိုင်းပါပဲ။

**ကောင်းဆိုးနှစ်တန် ကံတရားနှင့်၊ သုံးပါးရတနာ ယုံရင်လေ၊ ဆိုးကံပြုရန် ရှက်ကြောက်များလို့၊ သီလတရား လုံခြုံပေ၊ သီလလုံလျှင် ကြည်ရွှင်လန်းလို့၊ ဝမ်းသာအားရ နှစ်သိမ့်ပေ၊ နှစ်သိမ့်သောခါ၊ ကိုယ်စိတ်ငြိမ်းလို့၊ ငြိမ်းအေးချမ်းသာ ရသလေ။ ချမ်းသာလေဘိ၊ သမာဓိ၊ ရ၏ဉာဏ်မြင်တွေ။**

ဒီဆောင်ပုဒ်ထဲမှာ 'ရ၏ဉာဏ်မြင်တွေ'ဆိုတာ **ယထာဘူတ ဉာဏဒဿန**=ဟုတ်တိုင်းမှန်စွာ သိမြင်တဲ့ ဝိပဿနာဉာဏ်အမြင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်အမြင်တွေကို ဆိုလိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com



**သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ**=သမာဓိ အားကောင်းသော ရဟန်းသည် အမှန်အတိုင်း သိမြင်၏ဆိုတဲ့ တရားတော်အတိုင်းပါပဲ။

## ယုံကြည်မှု သဒ္ဓါတရားအားကောင်းဖို့

ဒီတော့ ရတနာသုံးပါး ကံ ကံ၏အကျိုးတရားကို ယုံကြည်တဲ့သဒ္ဓါ အားကောင်းသထက် အားကောင်းအောင် ကြိုးစား ဖို့လိုတယ်။ ဘုရားအကြောင်း တရားအကြောင်း သံဃာအကြောင်း ပိုပြီးသိအောင် ကြိုးစားရမယ်။ အဲဒီလို ပိုသိအောင်က ဘုရား တရား သံဃာနဲ့ ပတ်သက်တဲ့စာတွေ ဖတ်ရမယ်။ တရားတွေ နာရမယ်။ သူတော်သူမြတ်တွေ ဆည်းကပ်ရမယ်။ သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန် အကျင့်မှန်ကိုလဲ အချိန်ရအောင်ယူပြီး စွမ်းနိုင်သမျှ ကျင့်ကြံပွားများရမယ်။ ဒီလိုဆိုရင် ရတနာသုံးပါးနှင့် ကံ ကံ၏ အကြောင်းတွေကို ပိုပြီးသိလာနိုင်ပါတယ်။ တရားဗဟုသုတတွေ ပိုပြီးကြွယ်ဝ လာနိုင်ပါတယ်။ တရားဗဟုသုတ ပိုပြီးကြွယ်ဝလာတာနှင့် အမျှ သဒ္ဓါတရားတွေ ပိုအားကောင်းလာပြီး မကောင်းမှုရှောင် ကောင်းမှုဆောင်လိုတဲ့ စိတ်ကောင်း စိတ်မြတ်တွေ ဖြစ်ပေါ်ပြီး ကိုယ်ကျင့်သီလတွေ ပိုစင်ကြယ်အောင် အတတ်နိုင်ဆုံး စောင့်စည်း ထိန်းသိမ်းတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တရားဗဟုသုတတွေ ပိုများလာလို့ ရတနာသုံးပါး ကံ ကံရဲ့အကျိုးတရားကို ယုံကြည်မှုတွေ တိုးလာတာနဲ့အမျှ မကောင်းတဲ့ အပြစ်မကင်းတဲ့ အလုပ်တွေ ပြုရမှာ ရှက်တယ် ကြောက်တယ်။ အဲဒီလို အရှက်အကြောက် **ဟိရီဩတ္တပ္ပ**ရှိတဲ့ အတွက် မကောင်းတဲ့အလုပ်လဲ မလုပ်၊ မကောင်းတဲ့အပြောလဲ မပြောတော့ ဘာဖြစ်တုံး၊ (သီလစင်ကြယ်ပါတယ်ဘုရား။) သီလစင်ကြယ်တော့ ဒုဿီလ ဖြစ်ပါဦးမလား၊ (မဖြစ်တော့ပါ ဘုရား။)

ဒုဿီလဆိုတာ ဘယ်လိုလူမျိုးမှ ဖြစ်သလဲ။ မကောင်းမှုဒုစရိုက် ပြုရတာကို ရှက်ရမှန်းမသိ ကြောက်ရမှန်း မသိတဲ့လူတွေက အရှက်မရှိအကြောက်မရှိကြတော့ မကောင်းမှု ဒုစရိုက်တွေကို ပြောင်ပြောင်ထင်းထင်း ပြုလုပ်ပြောဆိုကြ တယ်၊ ကျူးလွန်ကြတယ်။ အဲဒီလို လူမျိုးတွေဟာ ဒုဿီလ တွေ ဖြစ်ကြတာပေါ့။

ဒီတော့ အခုပြောခဲ့တဲ့အတိုင်း စစ်မှန်ခိုင်မြဲတဲ့ ယုံကြည်မှု သဒ္ဓါတရား အခြေခံရှိတဲ့အတွက် သီလစင်ကြယ်ပြီဆိုတော့ အဲဒီ စင်ကြယ်တဲ့သီလပေါ်မှာ အခြေခံပြီး ဝိပဿနာတရား ပွားများ အားထုတ်ရင် မိမိသန္တာန်မှာ ပုဗ္ဗဘာဂမင် အရိယမင် တွေ ဖြစ်ပွားတဲ့အတွက် မဂ္ဂင်ရေယဉ်ကြော မျောပြီပေါ့။ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ရောက်ဖို့ရာ သေချာသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



**လောကငြိမ်းချမ်းရေးတရား**

ဒီတော့ ကိုယ်နှင့်နှုတ် အပြစ်ကင်း ဖြူစင်သန့်ရှင်းပြီး အပုပ်နံ့ကင်းကာ သီလမွှေးရနံ့လှိုင် သင်းပျံ့ကြိုင်နေဖို့ အခြေခံဖြစ်တဲ့ သဒ္ဓါတရားနှင့် အရှက်အကြောက် **ဟိရီသြတ္တပ္ပ**တရား လက်ကိုင်ထားပြီး နေသွားကြရင် မဂ္ဂင်ရေယဉ်ကြော မျောရုံမျှမက မြတ်စွာဘုရား အလိုတော်ကျ **လောကပါလ**=လောကကို ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သူ၊ လောကကို အလှဆင်သူလဲ ဖြစ်ပါလိမ့်မယ်။ မြတ်စွာဘုရားက **ဟိရီသြတ္တပ္ပ**= အရှက်အကြောက် နှစ်ပါးရှိသူများဟာ လောကကြီး ငြိမ်းချမ်း သာယာအောင် စောင့်ရှောက်သူများဖြစ်ကြောင်း မိန့်ကြားတော်မူပါတယ်။ ဒီတော့ ပြောင်းပြန်အားဖြင့် လောကကြီး ဆင်းရဲဒုက္ခရောက်အောင် လုပ်တဲ့လူတွေကို အရှက်မရှိအကြောက်မရှိတဲ့ လူတွေလို့ နားလည်ရမှာပဲ။ အရှက်မရှိအကြောက်မရှိရင် ကိုယ်ကျင့်တရား ပျက်ပြားနေတဲ့ သူတွေလို့ ဆိုရမှာပဲ။ ဒါကြောင့် မကောင်းမှုဒုစရိုက်တွေကို ပြုလုပ်ပြောဆိုရမှာ ရှက်တတ် ကြောက်တတ်ဖို့ အလွန်အရေးကြီးပါတယ်။

**သစ်တုံးဥပမာ ဒေသနာတော် နိဂုံး**

မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း မဂ္ဂင်ရေယဉ်ကြော မမျောနိုင်အောင် တားဆီးနှောက်ယှက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှစ်ပါးကို ဥပမာနှင့်တကွ ရှင်းပြပြီးပါပြီ။ အဲဒီ အပြစ်ရှစ်ပါးမဖြစ်အောင် အပြစ်ရှစ်ပါးမှ ကင်းလွတ်အောင် အဋ္ဌကထာဆရာ မိန့်ကြား သည့်အတိုင်း ဖြစ်ပေါ်လာသမျှ ရုပ်နာမ်တရားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောတို့ကို ပြက်ပြက်ထင်ထင် ကိုယ်တွေ့ ဉာဏ်ဖြင့် သိမြင်အောင် သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန် အကျင့်မှန် ကို ကျင့်ကြံပွားများ အားထုတ်ဖို့လိုပါတယ်။ သို့မှသာ အပြစ် ရှစ်ပါးကင်းလွတ်ကာ မဂ္ဂင်ရေယဉ်ကြော မျောနိုင်ပြီး နိဗ္ဗာန် တည်းဟူသော သမုဒ္ဒရာကို စီးဝင်ပါလိမ့်မယ်။

**ဟိုဘက်သည်ဘက်၊ ရေလယ်ချက်နှင့်၊ ကုန်းထက်သော်တင်၊ လူပင်လဲဆယ်၊ နတ်သော်ဆယ်၍၊ ဝဲဝယ်နစ်မြုပ်၊ ဆွေးကာပုပ်သည်၊ သမုဒ်ရေပြင်မရောက်ပြီ။**
**ဤအပြစ်ရှစ်ပါး၊ မကင်းငြား၊ မသွားနိဗ္ဗာန်ပြည်။**
**အပြစ်ရှစ်အင်၊ လွတ်ကင်းစင်၊ မဂ္ဂင်ရေကြော၊ မျောတော့သည်။**
**မဂ္ဂင်ရေယဉ်၊ မျောလေလျှင်၊ စီးဝင်နိဗ္ဗာန်ပြည်။**
**သဒ္ဓါဝီရိ၊ သမာဓိနှင့်၊ သတိပညာ၊ ထက်မြက်စွာဖြင့်၊ ငါးဖြာဣန္ဒြေ၊ ညီမျှပေမူ၊ မဂ်ရေယဉ်နှင့်၊ အခန့်သင့်၊ ဆိုက်လင့် နိဗ္ဗာန်ပြည်။**

www.burmeseclassic.com

www.burmeseclassic.com



ဒီဆောင်ပုဒ်အတိုင်း ယုံကြည်မှု **သဒ္ဓါ**၊ အားထုတ်မှု **ဝီရိယ**၊ ရှုမှတ်မှု **သတိ**၊ စူးစိုက်တည်ငြိမ်မှု **သမာဓိ**၊ ထိုးထွင်းသိမြင်မှု **ပညာ**၊ ဒီဣန္ဒြေငါးပါး ထက်မြက်အားကောင်းပြီး အချင်းချင်း မယုတ်မလွန်ဘဲ အင်အားညီမျှကြရင် မဂ္ဂင်ရေယဉ်ကြော ဖြောင့်ဖြောင့်ကြီး မျောလို့ နိဗ္ဗာန်သို့ စီးဝင်မှာ သေချာပါတယ်။

မြတ်စွာဘုရား ဂင်္ဂါမြစ်ကမ်းနားမှာ ဟောတော်မူတဲ့ ဒီသစ်တုံးဥပမာ ဒေသနာတော်ကို နိဂုံးကမ္ပတ် အဆုံးသတ်ပြီးတဲ့အခါ နွားကျောင်းသားတယောက်က မြတ်စွာဘုရား အထံတော်ကို ရောက်လာပြီး ရိုရိုသေသေ ရှိခိုးလျက် ထိုင်နေတယ်။ အဲဒီ နွားကျောင်းသားက မြတ်စွာဘုရား ဒီဒေသနာတော် ဟောနေစဉ်မှာ မနီးမဝေးက နွားကျောင်းတုတ်ကို ထောက်မှီပြီး မတ်တပ်ရပ်ကာ စိတ်ဝင်စားစွာ တရားနာနေခဲ့တယ်။ သူ့ပါရမီအလျောက်ပဲ တရားတော်ကို သဘောပေါက်ပြီး အပြစ်ရှစ်ပါးကင်းအောင် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်လိုတဲ့စိတ်တွေ တဖွားဖွား ဖြစ်ပွားပေါ်ပေါက်လာတယ်။ ဒါကြောင့် ချက်ချင်းပဲ မြတ်စွာဘုရားကို လျှောက်ထားဖို့ မြတ်စွာဘုရားအထံတော်ကို ရောက်လာတဲ့ နွားကျောင်းသားပဲ။ သူ့နာမည်က **နန္ဒ**တဲ့။ သူက မြတ်စွာဘုရားကို "ရှင်တော်မြတ်ဘုရား တပည့်တော်အား လျှောက်ထားခွင့်ပြုတော်မူပါဘုရား။ တပည့်တော်ဟာ ဒီဘက်ကမ်း ဟိုဘက်ကမ်းမှာလဲ မကပ်

www.burmeseclassic.com

www.burmeseclassic.com



ရေလယ်မှာလဲမပြုပ် သောင်ကုန်းမှာလဲမတင် လူလဲမဆယ် နတ်မဆယ်ဘဲ ဝဲမှာလဲမပြုပ် အတွင်းမှာလဲ မဆွေးမပုပ်ရအောင် မဂ္ဂင်ရေယဉ်ကြော မျောနိုင်ဖို့ရာအတွက် ကြိုးစားအားထုတ်လိုပါသည်ဘုရား။ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရား"လို့ လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက "နန္ဒ၊ သင်ဟာ သူတပါးရဲ့ နွားတွေကို ကျောင်းရတဲ့ နွားကျောင်းသားပဲ၊ ဒါကြောင့် အဲဒီနွားတွေကို နွားပိုင်ရှင်ထံသွားပြီး အပ်ချေဦး"လို့ မိန့်ကြားတော်မူတယ်။ ဒီတော့ နန္ဒက ရဟန်းဝတ်ပြီး တရားအားထုတ်ဖို့ စိတ်အားအင်မတန်ထက်သန်နေတော့ "အရှင်မြတ်ဘုရား တပည့်တော်ကျောင်းရတဲ့ ဒီနွားမတွေဟာ သူတို့ သားငယ်လေးတွေ အိမ်မှာ ကျန်ရစ်ခဲ့ပါတယ်။ သူတို့သားငယ်တွေကို နို့တိုက်ဖို့ရာ နို့တောင့်နေကြပြီဖြစ်တဲ့အတွက် သူတို့ဘာသာ အိမ်ကို ပြန်ကြပါလိမ့်မယ်"လို့ လျှောက်ပြန်တယ်။ မြတ်စွာဘုရားက "မဟုတ်သေးဘူး နန္ဒ၊ သင့်မှာ နွားပိုင်ရှင်ထံ ကိုယ်ထိလက်ရောက် ပြန်အပ်ဖို့ တာဝန်ရှိတယ်၊ တကယ်လို့များ နွားမတကောင်ကောင် ပျောက်သွားရင် သင့်မှာ အပြစ်ဖြစ်နေမယ်"လို့ မိန့်ကြားတော်မူမှ နန္ဒဟာ စိတ်မပါ့တပါနဲ့ သွားပြီးတော့ နွားမတွေကို ပိုင်ရှင်ထံ ပြန်အပ်လိုက်တယ်။ ပြန်အပ်ပြီးတာနဲ့ ချက်ချင်းပဲ မြတ်စွာဘုရားထံ ပြန်လာတယ်။ ဒီတော့မှ မြတ်စွာဘုရားက နန္ဒကို ရဟန်းပြုပေးဖို့ သံဃာတွေထံ အပ်လိုက်တယ်။ နန္ဒဟာ ရဟန်းအဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရပြီးတော့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကြိုးကြိုးစားစား ပွားများအားထုတ်တဲ့အတွက် မကြာမီပဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်အထိ တရားရပြီးတော့ ကိလေသာကုန်ခန်း ရဟန္တာဖြစ်သွားတယ်။

ရဟန်းတော် အရှင်နန္ဒဟာ မဂ္ဂင်ရေယဉ်ကြော မျောနိုင်တဲ့အတွက် ဒီဘက်ကမ်း ဟိုဘက်ကမ်း တင်ခြင်းစတဲ့ အပြစ်ရှစ်ပါး ကင်းပြီးတော့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာကို ချောချောမောမော ဆိုက်ရောက်သွားတယ်။ အတိတ်ဘဝ များစွာမှ သူ အားထုတ်ဆည်းပူး စုဆောင်းခဲ့တဲ့ ပါရမီတွေ ပြည့်သွားလို့ပေါ့။

ကဲ သစ်တုံးဥပမာဒေသနာ တရားတော် ပြီးဆုံးသွားပါပြီ။ အဲဒီတရားတော်ထဲမှာ ပါတဲ့အတိုင်း ဒီဘက်ကမ်း ဟိုဘက်ကမ်း တင်ခြင်းစတဲ့ အပြစ်ရှစ်ပါး ကင်းလွတ်အောင် ရဟန်းတော် အရှင်နန္ဒကို စံနမူနာထားပြီး ကြိုးကြိုးစားစား ပွားများအားထုတ်ကြခြင်းအားဖြင့် မဂ္ဂင်ရေယဉ်ကြော မျောပြီးလျှင် သမုဒ္ဒရာခွင်သို့ စီးဝင်နိုင်ကြပါစေ။

**(ဆရာတော် ပေးသောဆုနဲ့ ပြည့်စုံရပါလို၏ဘုရား။)**

**သာဓု သာဓု သာဓု**

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ချမ်းမြေ့ဆရာတော်ဘုရား

၁၃၅၇ ခုနှစ်

နှစ်ဦးပူဇာတရားတော်

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ရွေးမနေနှင့်

အိုဘယ့်လူသား ငမိုက်သား၊ သင်ကား အဝိဇ္ဇာ၊ ပိတ်ဖုံးကာ၍၊ ငါးဖြာအာရုံ၊ ဒုက္ခပုံကို၊ အကုန်မမြင်၊ အကောင်းထင်ကာ၊ ခင်မင်တပ်မက်၊ တွယ်ကာဖက်လျက်၊ အောက်ထက်သံသာ၊ စုန်ဆန်ကာဖြင့်၊ တဏှာလက်သယ်၊ ထင်တိုင်းခြယ်၍၊ အေးတယ်မရှိ၊ ဆင်းရဲဖိသည်၊ ဝဋ်၏ သားကောင် လုံးလုံးတည်း။

ဝဋ်၏သားကောင်၊ ဒုက္ခဘောင်မှ၊ လွတ်အောင်ရုန်း၍၊ ချမ်းသာတွေ့ဖို့၊ မမေ့ရပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အမှန်ဉာဏ်ညို၊ ဖြစ်တိုင်းသိလော့၊ ဝီရိနှစ်တန်၊ ရှို့မြှိုက်တံဖြင့်၊ ဆယ်တန်ကိလေ၊ လောင်ကျွမ်းကြေအောင်၊ မသေမနာ၊ မအိုပါခင်၊ တက်သုတ်နှင်လျက်၊ ဆောလျင်မြန်စွာ၊ ရှို့မြှိုက်ပါလော့၊ နောင်ခါကာလ၊ ချိန်လွန်ရဟု၊ နောင်တတကြီး၊ သင်မညည်းလင့်၊ ဓနီးမယား၊ သမီးသားနှင့်၊ လင်သားအိမ်ယာ၊ အဖြာဖြာကို၊ ငဲ့ကာဖင့်နွှေး၊ အချိန်ရွေးက၊ သေဘေးသင့်ကို ဦးလိမ့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၅၇ ခုနှစ်၊ နှစ်ဆန်း ၁ ရက်
## နှစ်ဦးပူဇော တရားတော်

ဒီကနေ့ ၁၃၅၇ ခုနှစ်ရဲ့ နှစ်ဆန်း ၁ ရက်နေ့ဖြစ်တော့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ဘာသာရေးယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ နှစ်၏အဦးအစမှာ ကုသိုလ်တမျိုး ပွားတိုးကြရအောင် ပူဇော်ထိုက်သူတို့ကို ပူဇော်သည့်ပွဲ ဆင်နွှဲကျင်းပကြရတယ်။ အဲဒီလို နှစ်သစ်ကို ကုသိုလ်မင်္ဂလာနှင့် ကြိုဆိုကြခြင်းအားဖြင့် တနှစ်ပတ်လုံး ကုသိုလ်တရား ပွားများကြကာ ကောင်းကျိုးချမ်းသာ မင်္ဂလာတို့နှင့်သာ တွေ့ကြုံကြရပြီး ကုသိုလ် ကျန်းမာ ပညာ စီးပွား တိုးပွားကြကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ သာသနာတော်အကျိုး၊ လောကအကျိုးကို ပွားတိုးအောင် ဆောင်ရွက်နိုင်ကြပါစေလို့ နှစ်ဦးအစမှာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

### နှစ်သစ်မင်္ဂလာ

**နှစ်ဟောင်းကုန်ပျောက်၊ နှစ်သစ်ရောက်၊ ထွန်းတောက်မင်္ဂလာရှိပါစေ။**
**နှစ်သစ်မင်္ဂလာ၊ ဒီချိန်ခါ၊ စိတ်မှာ ညစ်မဲကင်းပါစေ။**
**တနှစ်ပတ်လုံး၊ စိတ်ဖြူဖုံး၊ ရွှင်ပြုံးကြည်သာ ရှိပါစေ။**
**ကုသိုလ်ကျန်းမာ၊ ပညာစီးပွား၊ ဒီရေလား၊ တိုးပွားကြပါစေ။**

www.burmeseclassic.com

www.burmeseclassic.com



**သာသနာအကျိုး၊ လောကကျိုး၊ ပွားတိုးရအောင်**
**ဆောင်နိုင်စေ။**
**သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာ ရှိပါစေ။**
**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။**

ပူဇော်ပွဲဆိုတော့ ပူဇာမင်္ဂလာနှင့် စမှပဲ။ **ပူဇာ စ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ။ ပူဇာ စ ပူဇနေယျာနံ=** ရတနာ သုံးဖြာ၊ ဆရာမိဘ၊ သီလစင်ကြယ်၊ သက်ရွယ်ကြီးသူ၊ ဂုဏ်ကြီးသူနှင့်၊ ရှိမူကျေးဇူး၊ ဖြောင့်ဖြူးစိတ်ဓာတ်၊ ပူဇော်အပ်ကို၊ လေးမြတ်ကော်ရော် ပူဇော်ခြင်းသည်လည်း။ **ဥတ္တမံ**–ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်။ **မင်္ဂလံ**–ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

လောကမှာ ပူဇော်ထိုက်သူဆိုတာ ဘုရား တရား သံဃာ ရတနာသုံးပါး၊ ဆရာသမား၊ မိဘ၊ အကျင့်သီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ သက်ကြီး ရွယ်ကြီးပုဂ္ဂိုလ်၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ စိတ်ထားဖြူစင် ဖြောင့်မတ်တဲ့ပုဂ္ဂိုလ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပေါ့။ အဲဒီလို ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို ပူဇော်ခြင်း ကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာတိုးပွားကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား မင်္ဂလသုတ်ဒေသနာတော်မှာ မိန့်ကြားတော်မူပါတယ်။ မင်္ဂလသုတ်ဒေသနာကိုသာ အသေအချာ နားလည်ထားရင် နေရာတကာမှာ အသုံးချနိုင်တဲ့အတွက် အကျိုးအလွန်များပါတယ်။

တချို့ဘုန်းကြီးများ အဲဒီ **ချမ်းမြေ့မင်္ဂလာစာအုပ်**ထဲက သုံးဆယ့်ရှစ်ဖြာမင်္ဂလာတွေကို နှုတ်တက်ရထားကြတော့ သူတို့ တရားဟောရတာ အလွန်လွယ်ကူတယ်လို့ လျှောက်ကြတယ်။ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် တရားဟောဖို့ အကြောင်းပေါ်လာရင် မင်္ဂလာနှင့် လွတ်တာမရှိဘူး။ ဒါကြောင့် ချမ်းမြေ့မင်္ဂလာထဲကပဲ ဆွဲဟောလိုက်ရင် အဆင်ပြေသွားတာချည်းပဲလို့ လျှောက်ကြတယ်။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းကြောင့် ရနိုင်တဲ့ အကျိုးတရားတွေထဲက အကျိုးတရားလေးပါးကို မြတ်စွာဘုရား ဟောကြားထားတာ အများသိကြပါတယ်။ အဲဒါကတော့–

**အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော၊**
**စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။**

ရိုသေထိုက် ပူဇော်ထိုက်တဲ့ အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ပုဂ္ဂိုလ်တွေကို အမြဲတစေ ရိုသေကိုင်းရှိုင်းပြီး ရှိခိုးလေ့

www.burmeseclassic.com



ပူဇော်လေ့ရှိတဲ့သူမှာ အသက်ရှည်ခြင်း၊ ရုပ်ဆင်းအင်္ဂါတင့်တယ်ခြင်း၊ ချမ်းသာများခြင်း၊ ခွန်အားပြည့်ဖြိုးခြင်းဆိုတဲ့ အကျိုးတရားလေးပါး တိုးပွားတယ်လို့ ဆိုလိုပါတယ်။

ပြီးတော့ မြတ်စွာဘုရားက **နဂရဝိန္ဒေယျသုတ်ဒေသနာတော်**မှာ **နဂရဝိန္ဒေယျ** မြို့သားတွေကို အပူဇော်ခံထိုက်သူစစ်စစ်ကိုလဲပဲ မိန့်ကြားခဲ့ပါတယ်။ အဲဒါကို ဘုန်းကြီးဆောင်ပုဒ်ကလေး စီထားပါတယ်။ ရွတ်လွယ် ဆိုလွယ်နာချင်ဖွယ် ရှိပါတယ်။ ဘုန်းကြီးတို့ ရွတ်ဆိုကြည့်ကြရအောင်။

ပူဇော်ထိုက်သူ

**အဆင်းစသား၊ အာရုံများ၌၊ ကင်းငြားရာဂ၊ ကင်းဒေါသ၊ မောဟ ကင်းရှင်းသူ။**

**မကင်းသေးလဲ၊ ကင်းအောင်ပဲ၊ အမြဲအားထုတ်သူ။**

**ကိုယ်တွင်းသန္တာန်၊ ငြိမ်းအေးမှန်၊ ဆယ်တန် သုစရိုက်ပြည့်ဝသူ။**

**ပူဇော်ထိုက်လှ၊ ပူဇော်ကြ၊ ဗုဒ္ဓမိန့်တော်မူ။**

မြတ်စွာဘုရား၏ လက်ထက်တော်အခါက **နဂရဝိန္ဒေယျ**ဆိုတဲ့မြို့ကို ဘုရားဆိုသူတွေ၊ ရဟန္တာဆိုသူတွေ၊ ဂိုဏ်းဆရာကြီးဆိုသူတွေ၊ ပျောက်စေဆရာတွေ စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာအမျိုးမျိုး ရောက်လာကြပြီး အမျိုးမျိုးအထွေထွေ သူတို့ ဝါဒတွေကို ပြောကြ ဟောကြတယ်။ အခုခေတ်မှာလို အမြော်အမြင် ဆင်ခြင်ဉာဏ်နည်းလို့ သူများပြောသမျှ ယုံတတ်တဲ့ လူတွေကတော့ ဟိုဆရာ ဟုတ်နိုးနိုး ဒီဆရာ ဟုတ်နိုးနိုး ဆရာအမျိုးမျိုးကို ဆည်းကပ်ကြ ကိုးကွယ်ကြမှာ ပေါ့။

အခုခေတ်မှာလဲ အမြော်အမြင် ဆင်ခြင်ဉာဏ်ရှိတဲ့ လူတွေကတော့ ဘယ်ဆရာပြောပြော ဆင်ခြင်မြော်မြင်ဉာဏ်နဲ့ အဘက်ဘက်က ဝေဘန်စိစစ်ပြီး ဘယ်ဆရာရဲ့စကားကိုမှ မယုံကြည်ကြ လက်မခံကြဘူး။ သို့သော်လဲ ဒီလိုပုဂ္ဂိုလ်က အနည်းအပါးသာ ရှိပြီး ဆင်ခြင်ဉာဏ်မဲ့တဲ့ ယုံလွယ်သူ သဒ္ဓါနုဖါးမွသူ လူညံ့တွေကသာများတော့ **နဂရဝိန္ဒေယျ**ဆိုတဲ့ မြို့ကြီးဟာ ဆရာကြီးဆိုသူ လူလိမ်လူညာတွေနဲ့ ရှုပ်ပွေပြီး ခြေချင်းလိမ်နေကြမှာပါပဲ။

မြတ်စွာဘုရား **နဂရဝိန္ဒေယျ**ကို ဒေသစာရီ ကြွတော်မူတော့ မြော်မြင်ဆင်ခြင်ဉာဏ်ကြီးမားတဲ့ ပုဂ္ဂိုလ်တွေက ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ကြောင်း မိန့်ကြားတော်မူပါဘုရားလို့ လျှောက်ထားကြတယ်။ ဒါကြောင့် မြတ်စွာဘုရားက ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်စစ်စစ်ကို သဘာဝကျကျ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြပြီး ဒေသနာတော်တပုဒ် ဟောထုတ်တော်မူပါတယ်။ အဲဒီဒေသနာတော်ဟာ **နဂရဝိန္ဒေယျမြို့သားတို့အား** ဟောကြားတဲ့ ဒေသနာတော်ဖြစ်တဲ့အတွက် **နဂရဝိန္ဒေယျသုတ်ဒေသနာတော်**လို့ ထင်ရှားပါတယ်။

အဲဒီဒေသနာတော်ရဲ့ ဆိုလိုရင်းက အခုန ရွတ်ခဲ့တဲ့ တရားဆောင်ပုဒ်အတိုင်းပါပဲ။ တစုံတယောက်ဟာ အဆင်းလှလှ မြင်တဲ့အခါမှာ အဲဒီအဆင်းနဲ့ ပတ်သက်လို့ **ရာဂ**ခေါ်တဲ့ လောဘစိတ် သာယာနှစ်သက် တပ်မက်စိတ်လဲ မဖြစ်ဘူး။ **ဒေါသ**ခေါ်တဲ့ စိတ်ဆိုး စိတ်ပျက်စိတ် မနှစ်မြို့စိတ်လဲ မဖြစ်ဘူး။ **မောဟ**ခေါ်တဲ့ အမှန်သဘာဝမသိတဲ့စိတ်လဲ မဖြစ်ဘူး။ အဲဒီအဆင်းကို မြင်တဲ့စိတ် ဖြစ်ရုံမျှပဲ ဖြစ်တယ်။ အသံကောင်းကောင်း ကြားရတဲ့အခါမှာလဲ ထို့အတူပဲ လောဘ ဒေါသ မောဟ မဖြစ်ဘဲ အဲဒီအသံကို ကြားရုံမျှ ကြားစိတ် ဖြစ်ရုံမျှပဲ ဖြစ်တယ်။ အဲဒီအတိုင်းပဲ ဒွါရခြောက်ဖုံ အာရုံခြောက်ပါး တွေ့ဆုံတဲ့အခါများမှာ မြင်ရုံမျှ ကြားရုံမျှ နံရုံမျှ စားရုံမျှ ထိရုံမျှ သိရုံမျှစိတ်များသာ ဖြစ်ပြီး ဘာကိလေသာမှ စိတ်ထဲမှာ မဖြစ်ပေါ်တော့ဘူး။ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ် အစစ်အမှန်ပဲ။ အဲဒီလို ကိလေသာ လုံးဝမကင်းသေးသော်လဲ ကိလေသာကင်းအောင် မြင် ကြား နံ စား ထိ သိအာရုံများနဲ့ တွေ့ဆုံတဲ့အခါ သတိမလွှတ်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်ပွားများ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ။ အဲဒီပုဂ္ဂိုလ်တွေရဲ့ စိတ်သန္တာန်ဟာ အဲဒီလို ရှုမှတ်ပွားများနေ ခိုက်မှာ ကိလေသာ အပူကင်းတဲ့အတွက် ငြိမ်းအေးဖြူစင်နေပြီး သုစရိုက်တရားတွေနဲ့သာ ပြည့်ဝ နေတယ်။ ဒါကြောင့် အဲဒီလို ပုဂ္ဂိုလ်တွေဟာလဲ ပူဇော် ထိုက်တဲ့ပုဂ္ဂိုလ် အစစ်အမှန်တွေပဲ။ ဒါဟာ ဒီဒေသနာတော်ရဲ့ လိုရင်းပါပဲ။

အဲဒီလို အပူဇော်ခံထိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာ ဘုရားရဲ့ သာသနာတော်မှာ မြောက်မြားစွာ ရှိပါတယ်။ မြတ်စွာဘုရား သာသနာတော်မှာ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ကျင့်ကြံပွားများ အားထုတ်ကြလို့ ကိလေသာလုံးဝကင်းနေတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေဟာ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ် အစစ် အမှန်တွေပေါ့။ ရဟန္တာအရှင်မြတ်ကြီးများလို ကိလေသာ လုံးဝ မကင်းသေးသော်လဲ ဒိဋ္ဌိ ဝိစိကိစ္ဆာနဲ့ အပါယ်ကျစေ နိုင်လောက်အောင် ကြမ်းတမ်းတဲ့ ကိလေသာကင်းနေတဲ့ သောတာပန်ပုဂ္ဂိုလ်တွေ၊ နူးညံ့တဲ့ လောဘနဲ့ ဒေါသကိလေသာ တွေပါ ကင်းနေတဲ့ သကဒါဂါမိပုဂ္ဂိုလ်ကြီးတွေ၊ ကာမဘုံမှာ သာယာတပ်မက်တဲ့ လောဘနဲ့ စိတ်ဆိုးစိတ်ပျက်တဲ့ဒေါသပါ ကင်းနေတဲ့ အနာဂါမိပုဂ္ဂိုလ်ကြီးတွေဟာလဲပဲ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ် အစစ်အမှန်တွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အရိယာပုဂ္ဂိုလ်ကြီးတွေသာမက သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန်အကျင့်မှန်ကို ကျင့်ကြံပွားများပြီး မြင်တိုင်း ကြားတိုင်း နံ့တိုင်း စားတိုင်း ထိတိုင်း သိတိုင်း ကြံတွေးတိုင်း ကိလေသာ မဝင်ရအောင် စွမ်းနိုင်သမျှ ရှုမှတ်ပိတ်ဆို့နေတဲ့ ဣန္ဒြိယသံဝရနဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေဟာလဲ **ဒီနဂရ ဝိန္ဒေယျဒေသနာတော်အရ** ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်တွေပါပဲ။ ဒုစရိုက်တရားဆယ်ပါးကို ရှောင်ရှားပြီးတော့ သုစရိုက်တရား တွေကိုသာ ကျင့်ကြံပွားများနေတဲ့ စိတ်ထားဖြူစင် သူတော်စင် တွေလဲ ပူဇော်ထိုက်သူတွေပါပဲ။ ကဲ..ဆောင်ပုဒ်တွေ ပြန်ဆိုကြည့် ရအောင်။

**အဆင်းစသား၊ အာရုံများ၌၊ ကင်းငြားရာဂ၊ ကင်းဒေါသ၊ မောဟ ကင်းရှင်းသူ။**
**မကင်းသေးလဲ၊ ကင်းအောင်ပဲ၊ အမြဲအားထုတ်သူ။**
**ကိုယ်တွင်းသန္တာန်၊ ငြိမ်းအေးမှန်၊ ဆယ်တန် သုစရိုက် ပြည့်ဝသူ။**
**ပူဇော်ထိုက်လှ၊ ပူဇော်ကြ၊ ဗုဒ္ဓမိန့်တော်မူ။**

## သတိပဋ္ဌာန်တရား ပွားများနေတဲ့ယောဂီတွေ

ဒါဖြင့် သတိပဋ္ဌာန်တရား ရှုမှတ်ပွားများအားထုတ် နေတဲ့ ယောဂီတွေတော့ ဘယ်လိုလဲ။ အဲဒီယောဂီတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ရှုမှတ်နေဆဲမှာဆိုရင် အဆင်းမြင်မြင် အသံကြားကြား အနံ့မွှေးမွှေး ရှုမှတ်သာ ရှုမှတ်နေရင် လောဘ ဒေါသ မောဟ ဝင်ရဲ့လား။ (မဝင်ပါဘုရား။) အဲဒီတော့ အဲဒီအဆင်း အသံ အနံ့နှင့် ပတ်သက်လို့ လောဘ ဒေါသ မောဟ ကိလေသာ မဝင်ရင် ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ထဲ မပါဝင်နိုင်ဘူးလား။ သူတို့လဲ ကိလေသာ အမြစ်ပြတ်မကင်းသေးသော်လဲ အမြစ်ပြတ်ကင်းအောင် ကြိုးစားအားထုတ်နေဆဲ ဖြစ်လို့ အပူဇော်ခံထိုက်သူတွေလို့ပဲ ဆိုရမှာပဲ။ **မကင်းသေးလဲ၊ ကင်းအောင်ပဲ၊ အမြဲအားထုတ်သူ** လို့ ဆောင်ပုဒ်က ဆိုတယ် မဟုတ်လား။

ဒီတော့ ကိလေသာအမြစ်ပြတ်ကင်းနေတဲ့ ရဟန္တာလဲ ပူဇော်ထိုက်သူ၊ အမြစ်ပြတ် အပြည့်အစုံ မကင်းသေးသော်လဲ တချို့ကိလေသာတွေ ကင်းနေတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အရိယာပုဂ္ဂိုလ်တွေလဲ ပူဇော်ထိုက်သူတွေ၊ ကိလေသာကင်းရန် သတိပဋ္ဌာန် မဂ္ဂင်ရှစ်တန်အကျင့်မှန်ကို ကျင့်ကြံပွားများအားထုတ်ဆဲပုဂ္ဂိုလ်တွေလဲ ပူဇော်ထိုက်သူတွေပေါ့။ တနည်းပြောရရင် သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ကြံပွားများအားထုတ်နေသူ မှန်သမျှ အားလုံး ပူဇော်ထိုက်သူတွေချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



**အာမိသပူဇာနှင့် ဓမ္မပူဇာ**

ဒီတော့ ဘယ်လိုပုဂ္ဂိုလ်ဟာ ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်ဆိုတာ မြတ်စွာဘုရား၏ ဒေသနာတော်များအရ နားလည်ကြရပြီ။ အဲဒီလို ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို ပူဇော်ရာမှာ ပူဇော်နည်း နှစ်မျိုး ရှိကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါတယ်။ အဲဒီနှစ်မျိုးကတော့ **အာမိသပူဇာ** နှင့် **ဓမ္မပူဇာ**ပါပဲ။ ပစ္စည်းဝတ္ထုနှင့် ပူဇော်တာကို **အာမိသပူဇာ** လို့ ခေါ်ပါတယ်။ တရားနှင့်ပူဇော်တာကို **ဓမ္မပူဇာ**လို့ ခေါ်ပါ တယ်။ နှစ်မျိုးလုံး အကျိုးများတဲ့ ပူဇော်မှုတွေချည်းပဲဆိုတော့ ပူဇော်သူများကလဲ နှစ်မျိုးလုံးနဲ့ ပူဇော်ချင်ကြတယ်။ သို့သော်လဲ **ဓမ္မပူဇာ**ကတော့ မြတ်စွာဘုရား လိုလားနှစ်သက်တော်မူတဲ့ ပူဇော်မှု ဖြစ်တယ်။

**ပရိနိဗ္ဗာန် စံတော်မူခါနီးအချိန်**

မြတ်စွာဘုရား သက်တော် ရှစ်ဆယ်ပြည့်တော်မူသော အချိန်မှာ ပရိနိဗ္ဗာန်စံတော်မူဖို့ရာ ကုသိနာရုံပြည် မလ္လာမင်း တို့၏ အင်းကြင်းဥယျာဉ်အတွင်းမှာ ပရိနိဗ္ဗာန်ညောင်စောင်း ပေါ်တွင် မြောက်အရပ်ကို ခေါင်းတော်ထား၊ တောင်အရပ်ကို ခြေတော်ထားပြီး လက်ယာဘက်စောင်းလျက် သီတင်းသုံး တော်မူနေတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည် ဟု ကြားသိကြတဲ့ မလ္လာမင်းညီမင်းသားများနှင့်တကွ မလ္လာ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသူ၊ တိုင်းသားတို့ကလဲ လာရောက်ပြီး နောက်ဆုံးအနေနဲ့ ဖူးမျှော်ကြည်ညိုကြတာ ဥယျာဉ်မဆံ့အောင်ပဲ များပြားလှပါတယ်။ တပည့်ရဟန်းသံဃာတော်တွေကလဲ မြတ်စွာဘုရားရဲ့ ရှေ့နောက်ဝဲယာမှာ မရေသာ မတွက်သာအောင် များပြားလှပါတယ်။ နတ်တွေ ဗြဟ္မာတွေကလဲပဲ အင်းကြင်းဥယျာဉ်အထက် ကောင်းကင်ပြင် တဆယ့်နှစ်ယူဇနာဝန်းကျင်အတွင်းမှာ အကြားမရှိအောင် ပြည့်ကြပ်နေပါတယ်။ အဲဒီအထဲမှာ ကိလေသာကင်းပြီး ဖြစ်ကြတဲ့ ရဟန္တာအရှင်မြတ်ကြီးများက တိတ်ဆိတ် ငြိမ်သက်စွာ သံဝေဂတရား ပွားများနေကြပါတယ်။ ကိလေသာ မကင်းသေးတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေကတော့ ဝမ်းနည်း ပူဆွေးစိတ်ကို ထိန်းချုပ်ထားနိုင်သူများ ရှိကြသော်လဲ ထိန်းချုပ်ထားနိုင်လောက်အောင် စိတ်ဓာတ်မကြံ့ခိုင်သေးသူများကတော့ ငိုကြ ယိုကြ လဲပြိုကြနဲ့ ပူဆွေးသောကမီး တောက်နေကြပါတယ်။

မြတ်စွာဘုရားကို နောက်ဆုံးပူဇော်ခြင်းအနေဖြင့် ပန္နည်းဝတ္ထုအမျိုးမျိုးနှင့် ပူဇော်ကြတယ်။ တချို့လဲ ပန်း၊ ဆီမီး၊ ရေအေး၊ နံ့သာတွေနှင့် ပူဇော်ကြတယ်။ တချို့နတ်တွေကတော့ ဓမ္မဂီတခေါ်တဲ့ သံဝေဂနတ်သီချင်းများကို နတ်တူရိယာများနှင့် တီးမှုတ်ပူဇော်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညသန်းခေါင်ယံအချိန် နီးနေပြီ။ အင်းကြင်းဥယျာဉ် ပတ်ဝန်းကျင်တဝိုက်က ငြိမ်သက်နေပါတယ်။ ဝမ်းနည်း ပူဆွေး ငိုကြွေးကြသူများလဲ မောကြ ပန်းကြပြီမို့ ငိုသံ ယိုသံတွေ ရပ်စဲနေကြပါပြီ။ အဲဒီအချိန်မှာ မြတ်စွာဘုရားက အရှင်အာနန္ဒာကို ခေါ်တော်မူပြီး "အာနန္ဒာ၊ တို့များ ပရိနိဗ္ဗာန် စံတော့မည်ကို သိရတဲ့အတွက် လူ နတ် ဗြဟ္မာတွေဟာ အင်းကြင်းဥယျာဉ် မြေပြင်နှင့် ကောင်းကင်ပြင်ပါ မဆံ့လောက်အောင် လာရောက်ပြီး ဖူးမြော်ပူဇော်ကြတယ်။ တချို့လဲ ပန်းနံ့သာဝတ္ထုတွေနှင့် ပူဇော်ကြတယ်။ တချို့လဲ တူရိယာတွေနှင့် သံဝေဂသီချင်းတွေ တီးမှုတ်ပူဇော်ကြတယ်။ သို့သော်လဲ ဒီလို ပူဇော်မှုတွေဟာ ငါဘုရားကို အမြတ်ဆုံး ပူဇော်ခြင်း မဟုတ်ပေဘူး။ ငါဘုရား ဟောထားတဲ့ လောကုတ္တရာတရားကို ရစေနိုင်တဲ့ **ပုဗ္ဗဘာဂပဋိပတ် အကျင့်မြတ်ကို** ကျင့်ခြင်းသည်သာလျှင် ငါဘုရားကို အမြတ်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ခြင်းမည်တယ်"လို့ မိန့်ကြားတော်မူတယ်။ ပန်းနံ့သာဝတ္ထုနှင့် ပူဇော်ခြင်း **အာမိသပူဇော** ကဆင်းရဲကို မငြိမ်းစေနိုင်ဘူး။ ပုဗ္ဗဘာဂပဋိပတ် အကျင့်မြတ်ကို ကျင့်ခြင်း **ဓမ္မပူဇော**ကသာ ဆင်းရဲကို ငြိမ်းစေနိုင်တဲ့အတွက် သတ္တဝါများအပေါ် ကြီးမားသော မဟာကရုဏာထားကာ မိန့်ကြားတော်မူခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အမြတ်ဆုံးပူဇာ

**တူရိယာဂီတ၊ နားချိုလှသည့်၊ သံမြငိမ့်အေး၊ ပစ္စည်းလေးနှင့်၊ ရေအေးနံ့သာ၊ ပန်းစုံစွာဟု၊ ပူဇာမိသ၊ ပူဇော်ကြလည်း၊ ဗုဒ္ဓစိတ်နှ္တေ၊ နှစ်သိမ့်စေဌာ၊ မတတ်သာခဲ့၊ မြတ်စွာညွှန်ပြ၊ မြတ်ဓမ္မကို၊ ကျင့်ကြလေ၍၊ ဉာဏ်ဖြင့်တွေ့မှ၊ စိတ်နှ္တေ့ပူဇာ၊ မြတ်ဆုံးသာဟု၊ မြတ်စွာနှစ်သိမ့်၊ နှုတ်တော်မိန့်သည်၊ ချမ်းငြိမ့် ကြည်သာဖို့ပါကို။**

(ပူဇာမိသဆိုတာ **အာမိသပူဇာကို** **ပူဇာအာမိသလို့** ပြောင်းပြန် ဆိုထားတာပါ။)

ဒီတော့ ဒီကနေ့ ပူဇော်တာလဲပဲ ပစ္စည်းဝတ္ထုတွေနဲ့ ပူဇော်တာထက် တရားနဲ့ ပူဇော်တာက ပိုပြီးတော့ တန်ဘိုးမကြီးမားဘူးလား။ (ကြီးမားပါတယ်ဘုရား။)

**တူရိယာဂီတ နားချိုလှသည့် သံမြငိမ့်အေး ပစ္စည်းလေးနှင့် ရေအေးနံ့သာ ပန်းစုံစွာဟု ပူဇာမိသ ပူဇော်ကြလဲ ဗုဒ္ဓစိတ်နှ္တေ နှစ်သိမ့်စေဌာ မတတ်သာခဲ့ မြတ်စွာညွှန်ပြ မြတ်ဓမ္မကို ကျင့်ကြလေ၍ ဉာဏ်ဖြင့်တွေ့မှ၊** ဘာတဲ့တုံး၊ (**မြတ်စွာညွှန်ပြ မြတ်ဓမ္မကို ကျင့်ကြလေ၍ ဉာဏ်ဖြင့်တွေ့မှ၊**) ဘာတဲ့တုံး။ ရှင်တော်မြတ်ဘုရား ညွှန်ကြားတဲ့အတိုင်း တရားတော်ကို လိုက်နာကျင့်ကြံလို့ ဉာဏ်နဲ့တရားတွေ့မှသာလျှင် အမြတ်ဆုံးပူဇာ၊ ဟုတ်ကဲ့ဘား။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ **အာမိသပူဇာ**နဲ့လဲ ပူဇော်ရတာပဲ။ ဘာကြောင့်လဲဆိုတော့ ကုသိုလ်လိုချင်တာကိုး။ **ဓမ္မပူဇာ**နဲ့လဲ ပူဇော်ရတာပဲ။ သို့သော်လဲ နှစ်ခုအနက်မှာတော့ **ဓမ္မပူဇာ**နဲ့ ပိုပြီးအလေးပေး ပူဇော်ရမယ်တဲ့ ဒီလိုမဟုတ်လား။ ဒီပရိသတ်အားလုံးပဲ **ဓမ္မပူဇာ အာမိသပူဇာ** နှစ်ခုလုံးနဲ့ ပူဇော်ကြတာပဲမဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။) ဒီတော့ ကိုင်း လိုက်ဆို–

**ဆွမ်းကိုလှူက ခွန်အားရ၊ သင်္ကန်းလှူက အဆင်းလှ။**
**ယာဉ်ကိုလှူက ချမ်းသာရ၊ ဆီမီးလှူက မျက်စိလှ။**
**ကျောင်းဆောက်လှူက လုံးစုံရ၊ တရားလှူက နိဗ္ဗာန်ရ။**

ဒီတရားတော်က နတ်သားတယောက်က မေးမြန်းလျှောက်ထားလို့ မြတ်စွာဘုရား ဖြေကြားတော်မူတဲ့ တရားတော်ပါ။

**ဆဋ္ဌင်္ဂဒါန**

အဲဒီလို လှူတဲ့အခါမှာ ဘာပဲလှူလှူ **ဆဋ္ဌင်္ဂဒါန** ဖြစ်အောင် လှူဖို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ **ဆဋ္ဌင်္ဂဒါန**ဆိုတာ အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတဲ့အလှူလို့ ဆိုလိုတယ်။ အဲဒီအင်္ဂါခြောက်ပါးက အလှူ့ရှင်ဘက်က အင်္ဂါသုံးပါး၊ အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါသုံးပါး၊ ပေါင်း အင်္ဂါခြောက်ပါး။ အဲဒီအင်္ဂါ ခြောက်ပါးနဲ့ ပြည့်စုံတဲ့အလှူဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆဋ္ဌဂ်ဒါနဖြစ်ကြောင်း **အင်္ဂုတ္တရ နိကာယ်၊ ဆက္ကနိပါတ်၊ ဆဋ္ဌဂ်ဒါနသုတ်**ဒေသနာတော်မှာ မိန့်ကြားတော်မူပါတယ်။

**အလှူ့ရှင်၏ အင်္ဂါသုံးပါး**

အလှူ့ရှင်ဘက်က အင်္ဂါ သုံးပါးဆိုတာကတော့ အလှူ့ရှင်ဟာ မလှူမီ လှူဖို့ရာ စီမံစိုင်းပြင်းနေတဲ့အချိန် ကတည်းက စေတနာ ထက်သန်အားကောင်းပြီး ကြည်လင်ရွှင်လန်း ဝမ်းပန်းတသာ ဖြစ်နေရတယ်။ လှူနေဆဲအချိန်နှင့် လှူပြီးတဲ့အချိန်မှာလဲ စေတနာထက်သန် အားကောင်းပြီး ကြည်လင်ရွှင်လန်း ဝမ်းပန်းတသာ ဖြစ်နေရတယ်။ အဲဒါဟာ အလှူ့ရှင်ဘက်က ပြည့်စုံရမည့် အင်္ဂါ သုံးပါးပါပဲ။

**အလှူခံပုဂ္ဂိုလ်၏ အင်္ဂါသုံးပါး**

အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါ သုံးပါးဆိုတာကတော့ အလှူခံပုဂ္ဂိုလ်ဟာ **ဝီတရာဂေါ ဝါ ရာဂဝိနယာယ ဝါ ပဋိပန္နော**=ရာဂခေါ်တဲ့ လိုချင်တပ်မက်စိတ် လောဘ ကင်းနေရတယ်၊ မကင်းသေးသော်လဲ ကင်းအောင် ကျင့်နေရတယ်။ **ဝီတဒေါသော ဝါ ဒေါသဝိနယာယ ဝါ ပဋိပန္နော** =စိတ်ဆိုးစိတ်ပျက် အမျက်ဒေါသစိတ် ကင်းနေရတယ်၊ မကင်းသေးသော်လဲ ကင်းအောင် ကျင့်နေရတယ်။ **ဝီတမောဟော ဝါ မောဟဝိနယာယ ဝါ ပဋိပန္နော**=အမှန် သဘာဝမသိတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ် မောဟကင်းနေရတယ်။ မကင်းသေးသော်လဲ ကင်းအောင် ကျင့်နေရတယ်။ အဲဒီသုံးပါးက အလှူခံပုဂ္ဂိုလ်ရဲ့ အင်္ဂါ သုံးပါး ပါပဲ။ ဒီတော့ အလှူ့ရှင်ရဲ့ အင်္ဂါ သုံးပါး၊ အလှူခံပုဂ္ဂိုလ်ရဲ့ အင်္ဂါ သုံးပါး၊ ပေါင်း အင်္ဂါ ခြောက်ပါးနဲ့ ပြည့်စုံတဲ့ **ဆဠင်္ဂဒါန**ပေါ့။ ဆောင်ပုဒ်ကလေး ဆိုလိုက်ကြဦးစို့။

**ဒါနပြုရာ၊ အင်ခြောက်ဖြာ၊ မှန်စွာစုံရသည်။**
**မလှူခင် လှူဆဲ၊ လှူပြီးလဲ၊ စိတ်ထဲကြည်ရသည်။**
**လှူဒါန်းသူမှာ၊ ဤသုံးဖြာ၊ မှန်စွာစုံရသည်။**
**လောဒေါ မောတွေ၊ ကင်းအောင်လေ၊ ကျင့်နေသူပဲ၊**
**ကျင့်ပြီးလဲ၊ မလွဲဖြစ်ရသည်။**
**အလှူခံမှာ၊ ဤသုံးဖြာ၊ မှန်စွာစုံရသည်။**
**အင်္ဂါခြောက်မျိုး၊ စုံပြည့်ဖြိုး၊ အကျိုးကြီးလှသည်။**

ဒီအင်္ဂါခြောက်ပါးနှင့် ပြည့်စုံတဲ့ **ဆဠင်္ဂဒါန**အလှူ့ရှင်များ ရရှိတဲ့ ဒါနရဲ့အကျိုးဟာ သမုဒ္ဒရာထဲက ရေတွေကို အိုးနဲ့ ပုံးနဲ့ ခပ်ပြီး ရေတွက်တဲ့အခါမှာ မရေမတွက်နိုင်အောင် အရေအတွက် အတိုင်းအတာပမာဏ လွန်အောင် များပြားသလို လွန်စွာကြီးမား များပြားတဲ့အကျိုးကို ရတယ် လို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကတော့ အလှူရှင်များရဲ့ ထက်သန်တဲ့ စေတနာ သုံးတန်ဟာ နှစ်ချို့ပိုးစားတဲ့မျိုးစေ့နဲ့ မတူဘဲ လတ်ဆတ်အောင်မြင်တဲ့မျိုးစေ့နဲ့ တူပြီး အလှူခံပုဂ္ဂိုလ်များ ကလဲ ကျောက်စရစ်ခဲ သလဲ အမှိုက်သရိုက်နဲ့တူတဲ့ လောဘ စတဲ့ ကိလေသာထူပြောတဲ့ ကျပ်တီးမြေနဲ့မတူဘဲ ဗောဓိပက္ခိယ မြေဩဇာတွေ ရှိတဲ့ မြေဩဇာကောင်းတဲ့ လယ်မြေယာမြေနဲ့ တူလို့ပါပဲ။ မြေဩဇာကောင်းတဲ့ လယ်မြေယာမြေမှာ အောင်မြင်တဲ့မျိုးစေ့ကို စိုက်ပျိုးတဲ့အခါ ဖွံ့ဖြိုးကြီးမားတဲ့ အပင် အပွင့် အသီးကို ရသလို ထက်သန်တဲ့ စေတနာနဲ့ ကိလေသာကင်းတဲ့ ပုဂ္ဂိုလ်၊ ကင်းအောင်ကျင့်နေတဲ့ပုဂ္ဂိုလ်များကို လှူဒါန်းတဲ့ ဒါနဟာလဲပဲ အတိုင်းအတာ ပမာဏလွန်အောင် ကြီးမား များပြားတဲ့အကျိုးကို ရတယ် လို့ ဆိုလိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒါနပြုတဲ့အခါ **ဆဋ္ဌင်္ဂဒါန**ဖြစ်အောင် **ဝိစေယျ ဒါနံ ဒါတဗ္ဗံ**=စိစစ်ရွေးချယ်ပြီး လှူရမည်ဟု မိန့်တော်မူပါတယ်။

အဲဒီတော့ ဒီနေ့ဆွမ်းနဲ့ အဖျော်ယမကာ လှူဒါန်းကြတဲ့ အလှူရှင်များနဲ့တကွ ကျောင်းဆောင်လှူဒါန်းကြတဲ့ အလှူရှင် များ၊ အထွေထွေ သေနာသနအသုံးအဆောင် လှူဒါန်းတဲ့ အလှူရှင်များ၊ ဒီသင်္ကြန်အချိန် တချိန်လုံး ဒီတနှစ်လုံး ဆွမ်း သင်္ကန်း ကျောင်း ဆေး အစရှိသည် လှူဒါန်းတဲ့ အလှူရှင်များ၊ ဒီအလှူရှင်တွေ အားလုံးဟာ **ဆဋ္ဌင်္ဂဒါန**ကို လှူဒါန်းရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုကုသိုလ် စေတနာကြောင့် အတိုင်းအတာပမာဏ လွန်အောင် ကြီးမားများပြားတဲ့ အကျိုးထဲက အမြင့်မြတ်ဆုံးဖြစ်တဲ့ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းကြရပါမယ်။

ဒီတော့ အခုပြောခဲ့တဲ့အတိုင်း ကိလေသာချုပ်ငြိမ်း၊ ရုပ်နာမ်ခန္ဓာ ဇာတ်သိမ်းလေပြီးသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့ကို အမှူးထား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၊ ရဟန္တာအရှင်မြတ်ကြီးများနှင့်တကွ မြတ်စွာဘုရား၏ တပည့်သာဝက သံဃာတော်တို့ကို ဒီနှစ်ဆန်း ၁ ရက်နေ့မှာ နှစ်ဦးပူဇာအဖြစ် **အာမိသပူဇာ၊ ဓမ္မပူဇာ** နှစ်မျိုးလုံးဖြင့် ရိုသေမြတ်နိုး ရှိခိုးကော်ရော် ပူဇော်ခဲ့ကြပေပြီ။ ဤနှစ်ဦးပူဇာ စေတနာအဖြာဖြာတို့ကြောင့် မြတ်စွာဘုရားမိန့်ကြားတော်မူသော–

**ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။**
**ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။**

**တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။**
**န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ–**
ကိလေသာငြိမ်း၍ ဘေးရန်ခပ်သိမ်း ဆင်းရဲခပ်သိမ်း ငြိမ်းတော်မူသဖြင့် အပူဇော်ခံထိုက်တော်မူသော မြတ်စွာဘုရား အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်တို့ကို ပူဇော်ရသည့် ကုသိုလ်စေတနာ၏အကျိုးသည် ဤမျှသာရှိသည်ဟု မည်သူတဦးတယောက်မျှ ရေတွက်ခြင်းငှာ မစွမ်းနိုင်ဟူသော ဤဒေသနာတော်နှင့်အညီ အရေအတွက် အတိုင်းအတာပမာဏကို လွန်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ရနိုင်ကြပါစေသတည်း။

(ဆရာတော်ဘုရား ပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏ဘုရား။)

သာဓု သာဓု သာဓု။

www.burmeseclassic.com

www.burmeseclassic.com



## ပူဇော်ထိုက်သူ

အဆင်းစသား၊ အာရုံများ၌၊ ကင်းပြားရာဂ၊ ကင်းဒေါသ၊ မောဟ ကင်းရှင်းသူ။
မကင်းသေးလဲ၊ ကင်းအောင်ပဲ၊ အမြဲအားထုတ်သူ။
ကိုယ်တွင်းသန္တာန်၊ ငြိမ်းအေးမှန်၊ ဆယ်တန် သုစရိ ပြည့်ဝသူ။
ပူဇော်ထိုက်လှ၊ ပူဇော်ကြ၊ ဗုဒ္ဓမိန့်တော်မူ။

## ဆဋ္ဌင်္ဂဒါန

ဒါနပြုရာ၊ အင်ခြောက်ဖြာ၊ မှန်စွာစုံရသည်။
မလှူခင် လှူဆဲ၊ လှူပြီးလဲ၊ စိတ်ထဲကြည်ရသည်။
လှူဒါန်းသူမှာ၊ ဤသုံးဖြာ၊ မှန်စွာစုံရသည်။
လောဘ ဒေါ မောတွေ၊ ကင်းအောင်လေ၊ ကျင့်နေသူပဲ၊ ကျင့်ပြီးလဲ၊ မလွဲဖြစ်ရသည်။
အလှူခံမှာ၊ ဤသုံးဖြာ၊ မှန်စွာစုံရသည်။
အင်္ဂါခြောက်မျိုး၊ စုံပြည့်ဖြိုး၊ အကျိုးကြီးလှသည်။

www.burmeseclassic.com